www.burmeseclassic.com

ယွန်းစုံအိမ်စာပေ

#2

# လင်းညီမြသွေး

## တိမ်တိုက်တို့ရဲ့အသွင်ကွဲရာသီ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ယွန်းစံအိမ်စာပေ

**စာမူခွင့်ပြုချက်အမှတ်**

၅၁၀၀၆၇၅၀၄၀၈

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၆၀၀၇၂၁၁၆၁၀၈

**ပုံနှိပ်ခြင်း**

ပထမအကြိမ်၊ ဇူလိုင်လ၊ ၂၀၀၈ခုနှစ်

**ထုတ်ဝေသူ**

ဦးစန်းမွန်အောင် (ငါတို့စာပေ)

75 (D)၊ ဖိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံး ဒီဇိုင်း**

မြင့်မောင်ကျော်

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်**

ဦးဇော်မင်း

(W!zard ပုံနှိပ်တိုက်)

**အုပ်ရေ**

(၅၀၀)

**တန်ဖိုး**

(၁၂၀၀ ကျပ်)


**ဖြန့်ချိရေး**

သိမ့်ထိုက်စာပေ

ဖုန်း- ၀၉၅၁၁၇၉၄၅၊ ၀၉၅၀၅၉၄၁၄၊ ၀၁၆၈၀၈၄၄

ယွန်းစံအိမ်စာပေ

#2



# တိမ်တိုက်တို့ရဲ့ အသွင်ကွဲရာသီ

(လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com



(စတင်ခြင်း)

တိမ်တွေဟာ လေနုင်ရာ တစ်ဘက်ကမ်းကို
အုပ်စုလိုက် လူးလွန့်ပျံသန်းကြတယ်။ ဦးတည်ချက်တူညီစွာ
ရွေ့လျားနေတဲ့ တိမ်တိုက်တွေဟာ သဏ္ဍာန်ရောင်စဉ်တွေ
ခြားနားနေလေရဲ့ . . .။

ညီညွတ်ခြင်း ကင်းမဲ့နေတဲ့ တိမ်တိုက်တွေကြောင့်
မုန်တိုင်းထန်တဲ့ ရာသီတစ်ခု ကစဉ့်ကလျားဖြစ်ပွားသွားတယ်။
အဲဒီရာသီဟာ. . .
'တိမ်တိုက်တို့ရဲ့ အသွင်ကွဲရာသီ'. . . ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



သူတို့တစ်တွေဟာ . . .
စက်ပိုင်းတစ်ခုထဲမှာ
တူညီစွာ လွဲချော်နေကြတဲ့
ဂယကာန အကွာရာအလွဲတွေပေါ့။



ငါတို့က ပစ်မှတ်တစ်ခုဘည်းကိုပဲ တူညီစွာ ပစ်ခတ်ကြတာပါ
အဲဒီအမှန်တရားဟာ ဘာကြောင့် အမှားဖြစ်သွားရတာလဲ
ကူညီကာ စဉ်းစားပေးကြပါဦး

www.burmeseclassic.com

www.burmeseclassic.com



ပြကျောကြီးပေတဲ့ လွှင့်ရှာ ပိုင်းခြေလေးနှင့်ကတယ်ဆိုတဲ့ ကျော့်ဖြ
ပဲကျောပျားတွင်ဝိုင်းမှုး ဒွိကြုံခဲ့ကော ကလေးရာကနှိမ့်ပုံနင်း
ပြန်ပြကြီးပေသလော့ဒွေ ကာဝင့်လှ



# အပိုင်း [၈]

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

မိုးဦးကာလ၏ ညနေဆည်းဆာသည် နှင်းဆီရောင်သန်းလျက် နီမြန်းနေ၏။ ကောင်းကင်၏ အနောက်ခြမ်းတစ်ခုလုံးသည် မီးပြတိုက်တစ်ခုကို ကပိုကရို ဝတ်ဆင်ထားသကဲ့သို့ အဆုပ်လိုက်အခဲလိုက် ပွင့်ဝေနေသော တိမ်စိုင်တိမ်လိပ်တွေဖြင့် အရိုင်းဆန်ဆန် လှပပြနေလေသည်။

သဘာဝ၏ အခင်းအကျင်းက မက်လောက်စရာ သာယာနေပါသည်။

ကရားတေးဝတ်စုံဖြူဝတ်ဆင်ထားသည့် ကောင်လေးနှစ်ယောက်သည် အားကစားခန်းမအတွင်း၌ တစ်ယောက်ကိုတစ်ယောက် အသည်းအသန် တိုက်ခိုက်နေကြ၏။ သူတို့သည် မိုက်သွေးစမ်းနေတာ မဟုတ်ဘဲ လေ့ကျင့်ခန်းယူနေတာ ဖြစ်သည်။

၉

www.burmeseclassic.com



အချိန်အနည်းငယ်ကြာသောအခါ ကောင်လေးတစ်ယောက် အရေးနိမ့်သွားပါ၏။

"ရသ၊ မင်း ရှုံးပြီ"

"အေးပါကွာ၊ ငါတပည့် သွေးရိုပ်မလာခင်မှာတော့ မင်း ဗိုလ်လုပ်ထားဦးပေါ့ သစ်ဆုံးရာ..."

ရသဆိုသော ကောင်လေးက ရှုံ့တွတွဖြင့် ညည်းညူရင်း ပြောလေသည်။ နောက်တော့ သူတို့နှစ်ယောက်သား အားကစားခန်းမ၏ ကြမ်းပြင်ပေါ်မှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်ကြ၏။ ထိုစဉ်မှာပင်...

"ဗိုး..."

"ဘုတ်..."

"ဟင်..."

ကျောပြင်ကို အထုပ်ကိုယ်စီ လာမှန်သဖြင့် သစ်ဆုံးနှင့် ရသ လန့်ပြီး လှည့်ကြည့်လိုက်ကြ၏။ ထိုအခါ လူရိပ်တစ်ခုက သူတို့အနား လွှားခနဲ လွှင့်ရောက်လာသည်။

"ဖြောင်း..."

"အင့်..."

"အီး..."

တစ်ပြိုင်နက် ကျဆင်းလာသော ခြေစောင်းကန်ချက်နှင့် လက်ပြန်ရိုက်ချက်ကြောင့် သစ်ဆုံးနှင့်ရသ ပုံလျက်သား လဲကျသွားသည်။ သို့သော် သတိရှိစွာ ချက်ချင်း ဆတ်ခနဲခုန်ထသည်။ ရန်မူတိုက်ခိုက်သူကို ကြည့်လိုက်တော့သူတို့လိုပဲ ကရာတေးဝတ်စုံဖြူနှင့် ကောင်လေးတစ်ယောက်။





"ဟာ... သွေးရိုပ် လာပြီ"

"အဲဒီကောင်ကို တူးဝမ်း ပြန်ဆော်မယ်ဟေ့..."

"အိုကေ..."

ရသနှင့်သစ်ဆုံးက နောက်ရောက်လာသော ကောင်လေးထံသို့ ပြိုင်တူခုန်ဝင်ပြီး နှစ်ယောက်ညှပ်၍ တိုက်ခိုက်ကြသည်။ ထိုကောင်လေးကလည်း အညှုံမခံဘဲ ပညာပါစွာ ခုခံတုံ့ပြန်သည်။ ခန်းမဆောင်ထဲမှာ အဖြူရောင်အရိပ်သုံးခု လူးလိမ့်ခုန်ပျံလျက် ရှုပ်ထွေးသွားကြလေ၏။

"ဖြောင်း... ဖြောင်း... ဖြောင်း..."

လက်ခုပ်သံကြောင့် တိုက်ခိုက်မှုများကို ညီတူညာတူ ရပ်တန့်ပစ်လိုက်ကြပါသည်။

"ဟာ... ဆရာ"

လက်ခုပ်တီး၍ သူတို့ကို ပြုံးပြုံးကြီး ကြည့်နေတာက သင်တန်းဆရာ ဦးအောင်ခိုင် ဖြစ်သည်။ သုံးယောက်သား ဦးညွတ်၍ ဂါရဝပြုလိုက်ကြ၏။ ဦးအောင်ခိုင်က ...

"မင်းတို့သုံးယောက်ကတော့ဟေ့... ဓာကယ်ကြိုးစားတဲ့ကောင့်တွေပဲ... ငါတောင် မရောက်သေးဘူး၊ လေ့ကျင့်နေကြတယ် ...အဲ့ရဲ့တယ်ကွာ... အားရတယ်..."

"အမီးတို့ကိုကော အားမရဘူးလား ဆရာ..."

အသံနှင့်အတူ သင်းသင်းယုနှင့် ခင်အေးငြိမ်း ရောက်လာကြသည်။ သူတို့နှစ်ဦးသည် ထူးထူးခြားခြား မိန်းမသားတွေ ဖြစ်ပေသည်။ ဒါကြောင့်မို့လည်း ဒီလိုသင်တန်းမျိုးကို ဒုက္ခသုက္ခခံကာ လာတက်တာ ဖြစ်၏။ သစ်ဆုံးက...



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ကို ဆရာက ဘာကို အားရ‌ရမှာလဲ... ပြောစမ်းပါဦး ... မိန်းကလေးတွေတန်မှဲ နေရာတကာ ပါပါတယ်၊ ခြေကားယား လက်ကားယားနဲ့ကို ဖြစ်နေတာပဲ... "

"အောင်မာ... အောင်မာ၊ ကိုယ်ခံပညာဆိုတာ မိန်းကလေး ဖြစ်ဖြစ် ယောကျ်ားလေးဖြစ်ဖြစ် တတ်ထားသင့်တယ်ဟဲ့... မိန်းကလေး တွေကတောင် ပိုတတ်ထားသင့်သေးတယ်... မိန်းကလေးတွေ ယောကျ်ား လေးတွေ လာခွဲခြားမနေနဲ့၊ အခုခေတ်မှာ ငါတို့မိန်းမတွေက နင်တို့ ယောကျ်ားတွေနဲ့ တန်းတူရင်ပေါင်တန်းနိုင်နေပြီဆိုတာ နားလည်ထား"

သင်းသင်းယုက ခါးထောက်၍ ကက်ကက်လန် ပြန်ပြော၏။ ခင်အေးငြိမ်းကလည်း ခေါင်းတညိတ်ညိတ်နှင့် ထောက်ခံနေပါသည်။ ရသက သူတို့နှစ်ယောက်ကြားထဲ ဇွတ်ခနဲ ဝင်ရပ်လိုက်ပြီး ရင်ကော့လျက်

"နင်တို့မိန်းမတွေ ငါတို့ယောကျ်ားတွေနဲ့ တန်းတူရင်ပေါင်မတန်း နိုင်ပါဘူးဟာ၊ အခုပဲကြည့် ... နင်တို့ရင်က ငါ့ရင်ထက် နိမ့်မယ်...ဒီမှာ ဒီမှာ တွေ့လား..."

"ဟယ်... ခွေးကောင်..."

ရသက လက်ဟန်ခြေဟန်ဖြင့် ပြောတော့ သင်းသင်းယုနှင့် ခင်အေးငြိမ်းက ကျောနောက်ကို ပြောခေါက်ကြသည်။ ပွစိပွစိဖြင့်

"ငါတို့က တန်းတူညီတူရှိတာကို ပြောတာဟဲ့ အကောင်ရဲ့"

"တန်းတူတာတွေ ညီတူတာတွေ လုပ်မနေစမ်းပါနဲ့ဟာ၊ ဘာမှ မတူပါဘူး။ လူ့ခန္ဓာကိုယ်မှာ သေးမွှားတဲ့အရာဖြစ်တဲ့ အမွေးကိစ္စကို ပဲကြည့်၊ နင်တို့မိန်းမတွေမှာ နှုတ်ခမ်းမွေးတွေ မုတ်ဆိတ်မွေးတွေ ရှိလို့လား၊ ငါတို့ ယောကျ်ားတွေမှာကျတော့ ရှိတယ်။ သက်သေအနေနဲ့



ဆရာအောင်နိုင်ကိုပဲ ကြည့်... သူ့မှာ နှုတ်ခမ်းမွေးတွေ မုတ်ဆိတ်မွေး တွေနဲ့ အမွေးအစုံ ရှိတယ်..."

"ဟာကွာ..."

သွေးရိပ်စကားကြောင့် ဦးအောင်နိုင်ပင် အနေရခက်သွားသည်။ သူက ရုပ်ခံ နည်းနည်းနုတော့ လူရှိန်အောင်ဆိုပြီး ထိုအမွေးတွေကို တမင်တကာ မွေးမြူထားတာ ဖြစ်သည်။ ခင်အေးငြိမ်းက မေးစေ့နှင့် နှုတ်ခမ်းကို ပွတ်ကာ

"ဟဲ့...လူမှာ အမွေးက အဓိကမဟုတ်ဘူးဟဲ့... အရည်အချင်း က အဓိကသိရဲ့လား..."

"ဟုတ်တယ် ဟုတ်တယ်... လူမှာ အမွေးက အဓိကမဟုတ် ဘူး၊ အရည်အချင်းက အဓိက... "

"ဟော... နောက်တစ်ယောက် လာပြန်ပဟ..."

ဘာမသိ ညာမသိနှင့် စွတ်အော်ပြီး ဝင်လာတာက အောင်စိုး ထက် ဖြစ်သည်။ သူက ကောင်မလေးနှစ်ယောက်ထဲမှ ဘယ်သူ့ကိုပဲရရ ကြိုက်ရာလူကို ဘူးကျမည်ဆိုသော ရည်ရွယ်ချက်ဖြင့် ဒီသင်တန်းမှာ လာ တက်တာ ဖြစ်ပြီး နည်းနည်းလည်း ပေါသွပ်သွပ်ဖြစ်၏။ ဦးအောင်နိုင်က လည်ချောင်း တစ်ချက်ရှင်းပြီး...

"ကဲ... လူလည်းစုံပြီ၊ ငြင်းခုံမနေကြနဲ့တော့... စကြမယ်"

ရသနှင့်သစ်ဆူးသည် စောစောက သွေးရိပ် ပစ်ပေါက်ပေးထား သည့် အထုပ်နှစ်ထုပ်ကို ကောက်ယူပြီး သူတို့ကျောပိုးအိတ်တွေထဲ သွားထည့်လိုက်ကြသည်။

အားလုံး ညီညီညာညာ လူစီတော့ အောင်စိုးထက်က ကောင်မ

www.burmeseclassic.com

www.burmeseclassic.com



လေ့ရှိတဲ့ [illegible] ရှိမ်သည်။ ဦးအောင်ခိုင်သည် [illegible] ပီသစွာ သင်ကြားရေးမှာ စနစ်တကျရှိသည်။ ကျောင်းမှုလေးတွေပါသဖြင့် တွင်ကျယ်မှုတော့ နေးကွေး၏။

[illegible] ဦးအောင်ခိုင်ကို [illegible] ညှိနှိုင်းခြင်းတွေမှာ [illegible] ကို [illegible] အချိန် [illegible] ကုန်သွား၍ ပြည့်စုံ [illegible] ဖြစ်ခဲ့ပြီး ဒီပညာရေး အသားကိုးဖြင့် မဆိုးမိုက်ပိုလည်း သူ့မှာ သွန်သင်ဆုံးမ ရသေးသည်။

[illegible] မှာ [illegible] ရေကျင့်သည်များက ညနေတစောင်း မိုးချုပ်ခါနီးမှ ဆိတ်ငြိမ်ပြီးဆုံးသွားပါသည်။ [illegible] ဖြုတ်ရမှာ [illegible] မှုမှာပန်း နေကြလေပြီ။

ဦးအောင်ခိုင်က အားလုံးကို နှုတ်ဆက်ပြီး ပြန်သွားသည်။ သူတို့ လူငယ်တွေကတော့ အိမ်ကြီးနဲ့ မပြန်သေးဘဲ [illegible] မရှေ့ရှိ လက်ဖက်ရည်ဆိုင် [illegible] ကို [illegible] လည် ပြည့်စုံစွာ ကြည့်သည်။

[illegible] အေးငြိမ်း [illegible] ရည် တစ်ယောက်တစ်ခွက် [illegible] မုန့်တွေကို [illegible] ကြပါသည်။ ရသ၊ သစ်ဆုးနှင့် သွေးရိပ်တို့ သုံးဦးကတော့ မုန့်တွေကို လုယက်စားကြပေမဲ့ [illegible] ရည်ကိုတော့ တစ်ခွက်တည်း [illegible] ပြီး သုံးယောက်အတူ ဝေမျှ [illegible] ကြ၏။

ရသနှင့် သစ်ဆုးကို သွေးရိပ်ပေးထားသည့် အထုပ်ကို ကျောပိုးအိတ်ထဲမှ ဆွဲထုတ်ရင်း...

“သွေးရိပ် [illegible]”



“မစင်ထုပ်တော့ မဟုတ်လောက်ပါဘူးနော် ...”

“ထပ်သရီး...တော်တော်စေတနာပျက်ဖို့ကောင်းတဲ့ ကောင်တွေ၊ အဲဒါ မနက်က ငါ အင်္ကျီသွားဝယ်ရင်း ဒီနိုင်းလှလို့ အရောင်တူ သုံးထည်တွေ့တာနဲ့ မင်းတို့ဖို့ပါ ဝယ်လာတာ...”

“ဟုတ်လား... သင့်ခ်ယူ... သင့်ခ်ယူ”

“အဲဒါတွေကြောင့် ချစ်နေရတာ...”

ရသနှင့် သစ်ဆုးက သွေးရိပ်ပါးကို တစ်ယောက်တစ်ဖက် ဆွဲလိုက်ကြလေရာ သွေးရိပ် ပါးစပ်ပြဲပြီး ဝါးလက်စ မုန့်တွေပင် ထွက်ကျကုန်သည်။ ဒါကိုကြည့်၍ နှစ်ဦးသားသဘောကျစွာ ရယ်ကြ၏။

“အမယ်လေးဟဲ့... ဖြစ်နေလိုက်ကြတာကို မိန်းမကြီးတွေကျနေတာပဲ... နင်တို့သုံးယောက်ကလေ အဖြစ်ကိုသည်းတယ်... လက်ဖက်ရည်သောက်ရင်လည်း အမြဲတမ်း တစ်ခွက်တည်းကို သုံးယောက်အတူ သောက်တယ်... လူချင်းလည်း ဘယ်တော့မှ မခွဲဘူး၊ တစ်ယောက်က ကွန်ပျူတာဆိုရင် အကုန်လိုက်တက်တယ် ... အင်္ဂလိပ် စကားပြောဆိုလည်း အတူတူပဲ၊ အခု တရုတ်စကားပြန်တော့လည်း သုံးကောင်စလုံးပဲ...နင်တို့သုံးယောက်...မပါတာ ဘာရှိလဲ... ရည်းစားထားရင်တောင်မှ တစ်ယောက်တည်းကိုပဲ အကုန်လိုက်ကြိုက်မလား မသိပါဘူးဟွန်း...”

သင်းသင်းယုက မဲ့ကာရွဲ့ကာ မှတ်ချက်ချ၏။ ခင့်အေးငြိမ်းကလည်း ပလုတ်ပလောင်းဖြင့်ပြောသည်။

“သူတို့သုံးယောက် ရည်းစားထားရင် သုံးမြွာပူးညီအစ်မမျိုးနဲ့မှ ဖြစ်မှာဟ...အဲဒါမှ ဒီကောင်တွေ အဆင်ပြေမှာ...”

“အလကားပါဟာ... ဒီကောင်တွေက တမင်တကာ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ထွင်နေတာပါ… လက်ဖက်ရည်တစ်ခွက်ကိုများ မရှုံ့မရှာ သုံးယောက်မျှ သောက်တယ်တဲ့…,ရောဂါပိုးတွေကတော့ တစ်ယောက်ကိုတစ်ယောက် ကူးကောင်းကုန်ပြီ''

အောင်စိုးထက်က မနာလိုတိုရှည်စွာ ဝင်ပါသည်။ ထိုအခါ ရသကဖွဲ့၏။

''ငါတို့ကို … အလကားလို့ပြောရအောင် မင်းကိုကော ဘယ်သူက ပိုက်ဆံပေးပြီး ပြောခိုင်းနေလို့လဲ နားထိုင်းရဲ့ … ''

''အေးလေ … ရှုံ့ရှာရအောင်လည်း ငါတို့သုံးယောက်စလုံးက ခံတွင်းသန့်တယ်ကွ၊ မင်းလို ခံတွင်းမသန့်ဘဲ အာပုပ်စော် နံဟောင်နေတာ မဟုတ်ဘူး၊ သွားလေးဘာလေးလည်း ပုံမှန်တိုက်ဦး၊ တော်ကြာ အနံ့ အသက် မကောင်းတာကြောင့် အိမ်သာတွင်းနဲ့မှားပြီး မင်းပါးစပ်ထဲ မစင်လာစွန့်သွားကြဦးမယ်''

သစ်ဆူးကလည်း ပယ်ပယ်နယ်နယ် တွယ်လေသည်။ သွေးရိပ်ကလည်း နှုတ်မနေးချေ။

''တစ်ယောက်ကိုတစ်ယောက် ကူးရအောင် … ငါတို့မှာက ဘာ ရောဂါပိုးမှ မရှိဘူးကွ… ငါတို့က သွေးစစ်ပြီးသား၊ ရှိရင်းရှိ မင်းလိုကောင်မျိုးမှာပဲ ရောဂါပိုးရှိမှာ၊ အခုပဲ ကြည့်ပါလား… မင်းပါးမှာ သွေးစုနာကြီးနဲ့ … ''

''ဟာ… ဟုတ်တယ်ဟ''

အားလုံးက အောင်စိုးထက် မျက်နှာကို ဝိုင်းကြည့်ကြ၏။ ရသက မျက်မှောင်ကြုတ်၍…

''သွေးစုနာဆိုတာ ဖင်မှာပေါက်တာမျိုး မဟုတ်လားကွ… ''



''အေးလေ… ဒီကောင့်ကျမှ ထူးထူးခြားခြား မျက်နှာမှာ သွေးစုနာ လာပေါက်ရတယ်လို့ကွာ… ကြဲကြဲဖန်ဖန်''

''ဒီကောင့်မျက်နှာက မသန့်လို့ ဖြစ်မှာပေါ့ကွာ… အဲဒါကြောင့် သွေးစုနာက နေရာမှားပြီး လာပေါက်တာပေါ့''

ရသ လမ်းခင်းပေးတာကို နင်းပြီး သွေးရိပ်နှင့်သစ်ဆူးက အပီ ဆက်ဖွဲ့ကြသည်။ ခင်အေးငြိမ်းနှင့် သင်းသင်းယုက အောင်စိုးထက်ကို ကြည့်၍ ရယ်ကြသည်။ သုံးယောက်စလုံး၏ အတိုင်အဖောက်ညီမှုကြောင့် အောင်စိုးထက် ရှူးရှူးရှဲရှဲ ဖြစ်လာလေသည်။

''ဟိတ်ကောင်တွေ…အဲဒါ သွေးစုနာ မဟုတ်ဘူးကွ… ဝက်ခြံ ဝက်ခြံ…''

''မဟုတ်ပါဘူးကွာ … ဝက်ခြံဆိုတာ သေးသေးလေးပါ၊ မင်း ဥစ္စာကြီးက နီရဲပြီး ပြူးနေတာပဲ၊ သွေးစုနာမှ သွေးစုနာအစစ် … ''

''ဟာ… အဲဒါ ဆင်ဝက်ခြံကွ၊ ဆင်ဝက်ခြံ''

အောင်စိုးထက်က မျက်နှာနီနီကြီးဖြင့် ကုန်းအော်၏။ ကောင်မလေးတွေရှေ့မှာမို့ သူ စွတ်ရှက်နေပါသည်။ သွေးရိပ်က အောင်စိုးထက်ကို ကြည့်၍ …

''မင်း ရှက်ရှက်နဲ့ အဓိပ္ပာယ်မရှိတာတွေ လျှောက်ပြော မနေစမ်းပါနဲ့ကွာ…ဆင်ဝက်ခြံဆိုရင် ဆင်မှာပဲ ပေါက်မှာပေါ့…ဘာကိစ္စ မင်းဆီ မှာ လာပေါက်ရမှာလဲ… မင်းမျက်နှာမှာ ပေါက်နေတာက တကယ့် သွေးစုနာကြီးပါကွာ…ဟင်း… ကြည့်ရင်းနဲ့တောင် ရွံလာပြီ၊ တကယ့်ရုံ စရာကြီးကွာ… သစ်ဆူးနဲ့ရသရေ လာ လာ၊ ပြန်ကြမယ်… တော်ကြာ ငါ တို့ကိုပါ ရောဂါပိုးတွေ ကူးကုန်ဦး မယ်၊ ငါကတော့ နေရာမှားပြီး

www.burmeseclassic.com

www.burmeseclassic.com



သွေးစုနာပေါက်တာ မခံနိုင်အားတော့...

"အေးအစ္စ ... လူကြားလို့တော်င် မကောင်းဘူး ... မျက်နှာမှာ သွေးစုနာပေါက်ရတာယ်လို့ ... ရှက်စရာကြီး"

"ဒီနားမှာ နေ့ရတာ ငါလည်း စိတ်မသန့်တော့ဘူး ... ရွှေလာပြီ ပီပြန်မယ်"

သွေးရိပ် မကျက်တက်ရပ်တော့ ရည်နှင့် သစ်ဆူးကလည်း ထိုင်ရာမှ ထလာသည်။ ကျသင့်ငွေကို စားပွဲပေါ် တင်ပြီးနောက် သွေးရိပ်က...

"ဟိတ်ကောင် အောင်စိုးထက်ရဲ့ ငါတို့ ပြန်တော့မယ်၊ မင်းရဲ့ သွေးစုနာကြီးကို ဂရုစိုက်ဦးနော်၊ တော်ကြာ မျက်နှာမှာ လိုက်ခေါင်းလို ဟောင်းလောင်းပေါက်ကြီး ဖြစ်နေဦးမယ်..."

"ဟား... ဟိတ်ကောင်တွေ... အဲဒါ ဆင်ဝကျမ်းကွ ဆင်ဝကျမ်း"

အောင်စိုးထက် စွေ့စွေ့ခုန်၍ ကျန်ခဲ့လေသည်။ ရည်၊ သစ်ဆူး၊ သွေးရိပ်တို့ သုံးဦးကတော့ တစ်ယောက်ပခုံးကို တစ်ယောက်ဖက်ပြီး မြောက်ကြွမြောက်ကြွဖြင့် ထွက်ခွာသွားကြ၏။ သူတို့သည် စည်းလုံးညီညွတ်သည့် အချစ်ဆုံးသူငယ်ချင်းသုံးယောက်ဟူ၍ သတင်းကြီးသူတွေ ဖြစ်ပါသည်။

◆◆◆



## အခန်း (၂)

နေအိမ်တစ်ဆောင်အား မဟူမှေးမိုက်ရဲ [illegible] ... ထိန်ချန်ထားရှိလေသော အလင်းတန်းတို့နှင့်တကွ သစ်ဆူးနှင့်ရည်သည် သွေးရိပ်အိမ်သို့ ဆိုင်းကယ်ဖြင့် [illegible] ရောက်ရှိလာကြသည်။ [illegible] သွေးရိပ်၏မိခင် [illegible] ကို တွေ့မြင်လိုက်ရလေသည်။ [illegible] သစ်ဆူးက...

"အမေ... သွေးရိပ်ကောဟင်..."

"အိမ်ထဲမှာ ရှိတယ်၊ သားတို့နဲ့ [illegible] ကြင်လေ"

"ဟုတ်ကဲ့ အမေ..."

ရည်နှင့်သစ်ဆူးက [illegible] အိမ်ထဲ [illegible] ထွက်လာခဲ့သည်။ သူတို့သုံးယောက်စလုံးက ဘယ်သူ့မိဘကိုမဆို [illegible]

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ဝေါ် ဆက်ဆံကြ၏။ တစ်ဦးတည်းသောသားတွေသာ ဖြစ်သဖြင့် သူတို့အချင်းချင်းလည်း ညီအစ်ကိုအရင်းအချာသဖွယ် တွယ်တာချစ်ခင်ကြပါသည်။

သူတို့နှစ်ယောက် အိမ်ထဲရောက်သွားသောအခါ သွေးရိုပ်က ဂိမ်းကစားနေ၏။ ရသနှင့် သစ်ဆူး သူ့ဘေးနား လာထိုင်သည်အထိ သွေးရိုပ်က လှည့်မကြည့်ဘဲ မိုက်မိုက်ကန်းကန်း စစ်တိုက်၍နေသည်။ သစ်ဆူးက ဂိမ်းစက်ကို ပိတ်ပစ်လိုက်ပြီး ...

"သွေးရိုပ် ... ငါတို့ ပြောစရာရှိလို့လာတာ"

"ပြောလေ ဘာလဲ ..."

"မနေ့တုန်းက မင်းက ငါတို့ကို အင်္ကျီတစ်ယောက်တစ်ထည် ပေးတယ်လေကွာ ..."

"အေးလေ ... အဲဒါ ဘာဆန်းလို့လဲ ... အရင်တုန်းကလည်း ဒီလိုပဲ အပြန်အလှန်ပေးနေကြတာပဲဥစ္စာ၊ အခုမှ အဆန်းလာလုပ်မနေနဲ့"

"အဆန်းလုပ်တာ မဟုတ်ပါဘူးကွာ... ငါတို့နှစ်ယောက်ကလည်း မင်းလိုပဲ အင်္ကျီဆင်တူ သုံးထည်စီဝယ်ပြီး တစ်ယောက်ကိုတစ်ယောက် ပေးမယ်ဆိုပြီးတော့ အင်္ကျီသွားဝယ်ကြတယ်ကွ၊ အဲဒီမှာ စ,တွေ့တာပဲ..."

"ဘာလဲ...ဖဲသမားနဲ့ ရဲကားလား၊ မော်တော်ပီကယ်နဲ့ တောသူ မလည်မဝယ်နဲ့လား..."

သွေးရိုပ်က အရွှန်းဖောက်လိုက်ရာ သစ်ဆူး ပြောလက်စ စကား ရပ်သွားသည်။ ရသက...



"သွေးရိုပ်... မနောက်နဲ့ကွာ၊ ငါတို့အတည်ပြောမှာ... မနေ့က ခင်အေးငြိမ်း ပြောတာကို မင်း မှတ်မိလား ..."

"ဘာကိုလဲ..."

"ငါတို့သုံးယောက် ရည်းစားထားရင် သုံးမြွာပူးညီအစ်မမျိုးနဲ့မှ ဖြစ်မယ်ဆိုတာလေ..."

"အဲဒါနဲ့ မင်းတို့အင်္ကျီသွားဝယ်တာနဲ့က ဘာဆိုင်လို့လဲ..."

သွေးရိုပ်က နားရှုပ်ဟန်ဖြင့် မေးခွန်းထုတ်လိုက်သည်။ ထိုအခါ သစ် ဆူးက စိတ်ပါလက်ပါ ရှင်းပြ၏။

"ဆိုင်တာပေါ့ကွာ၊ ဆိုင်တာမှ သိပ်ဆိုင်၊ ငါတို့ အင်္ကျီသွားဝယ်တဲ့ဆိုင်မှာ၊ ရုပ်ချင်း ခွဲမရအောင်တူတဲ့ အမြွာညီအစ်မ ချောချော လေးသုံးယောက်ကို တွေ့ခဲ့တယ်ကွ..."

"အဲဒါ ဘာလုပ်ရမှာလဲ..."

သွေးရိုပ်က စိတ်မဝင်စားစွာ ပြောတော့ သစ်ဆူးနှင့်ရသ စိတ်ပျက်သွားကြသည်။ ရသက သွေးရိုပ်ပခုံးကို ဆောင့်တွန်းလိုက်ပြီး

"မင်းကလည်း ညံ့လိုက်တာကွာ၊ ဘာလုပ်ရမှာလဲဆိုတော့ အဲဒီ အမြွာညီအစ်မသုံးယောက်ကို ငါတို့သုံးယောက် လိုက်မယ်လေကွာ"

"ဟာကွာ ကိုယ် တကယ်မကြွေဘဲနဲ့ မလိုက်ချင်ပါဘူး"

"ဘာဖြစ်လဲကွာ...အပျော်ပေါ့"

"သူတို့ကို မင်းမြင်ရင် ကြွေချင်လည်း ကြွေသွားနိုင်တာပဲလေ အရင်ဆုံး လိုက်ကြည့်စမ်းပါဦး၊ သုံးယောက်စလုံးက တကယ်မိုက်တာနော၊ ငါတို့က မင်းကို ပြချင်လို့လာခေါ်တာ၊ အဝတ်အစားတောင် မဝယ်ခဲ့သေးဘူး၊ လာစမ်းပါကွာ၊ ငါတို့သုံးယောက်က ဘယ်ပွဲမှ မှု

www.burmeseclassic.com

www.burmeseclassic.com



ခွဲတာမဟုတ်ဘူး၊ ဒီပွဲကျမှ မကွဲစမ်းပါနဲ့ ...''

သစ်ဆူးနှင့်ရသက သွေးရိပ်ကို ဆွဲခေါ်ကြသည်။ ကြော်ငြာအားနှင့် ဆွယ်တရားကြောင့် သွေးရိပ် မငြင်းဘဲ ပါသွားလေသည်။ သူသည် သူ့သူငယ်ချင်းနှစ်ယောက်နှင့်သာဆိုလျှင် ငရဲတွင်းထဲကိုပင် အလည် ဆင်းဝံ့ သူလည်း ဖြစ်သည်။

သစ်ဆူးနှင့်ရသ၏ ဦးဆောင်မှုဖြင့် ရည်ရွယ်ရာ စတိုးဆိုင်သို့ ရောက်သောအခါ ရုပ်ချင်းခွဲမရအောင်တူသည့် ဖွေးဖွေးဆွတ်ဆွတ် ကောင်မလေး သုံးယောက်ကို သွေးရိပ် ရှုစားလိုက်ရ၏။

ကောင်မလေးတွေက ဈေးသည်ပီသစွာ သူတို့ကို ဖော်ဖော်ရွေရွေ ပင်ကြိုဆိုဆက်ဆံပါသည်။ သုံးယောက်သား အင်္ကျီတွေ ရွေးချယ်ရင်း ကောင်မလေးတွေကို စောင်းချိတ်ဝေဖန်ကြ၏။

''သွေးရိပ်... ဘယ်လိုလဲ ဒီနိုင်းက မိုက်ရဲ့လား...''

''အေး... မိုက်တော့မိုက်သားကွ...''

သစ်ဆူးနှင့်ရသက အင်္ကျီသုံးထည်စီဝယ်ပြီး သွေးရိပ်ကို တစ်ထည်စီ ပေးကြသည်။ ထို့နောက် သူတို့သုံးယောက် ဆိုင်ထဲမှ ထွက်လာခဲ့ကြ၏။

''အမြွှာညီအစ်မဆိုတဲ့အတိုင်း ရုပ်တွေကလည်း တစ်ယောက် အရေခွံကို တစ်ယောက်ချွတ်ပြီး စွပ်ထားတဲ့ အတိုင်းပဲနော်... လုံးဝ ခွဲလို့မရဘူး...အံ့ဖွယ်ပဲ''

ရသက ဆလံသ,ကာ လက်ခါပြီးပြော၏။ ထိုအခါ သွေးရိပ်က

''သူတို့ညီအစ်မသုံးယောက်ကို ခွဲမယ်ဆိုရင် ခွဲ[illegible] ဘယ်ကွာ၊ ရုပ်ချင်းတူပေမဲ့ ဆံပင်ပုံစံတွေက မတူကြဘူး၊ တစ်ယောက်က ဆံပင်ကို



စပရိန်ကောက် ကောက်ထားတာ၊ တစ်ယောက်က စတာပ်ပုံ ညှပ်ထားတာ၊ တစ်ယောက်က စင်းနေအောင်ဖြောင့်ပြီး အဖျားကို အညီထားတ၊ ကောင်းကောင်းခွဲခြားလို့ရတယ်...''

''ဟုတ်ပြီ၊ ဒါဆို လူခွဲတာက လွယ်သွားပြီ၊ ဘယ်သူက ဘယ်သူ့ကို လိုက်မလဲဆိုတာ စဉ်းစားဦး''

''စဉ်းစားမနေပါနဲ့ကွာ ... ဒါက ဒါပဲဟာကို၊ ရုပ်ချင်းဒီလောက် တူနေတာ လူခွဲလည်း အပိုပါပဲ''

''ဟာ... အဲလိုတော့ မလုပ်နဲ့လေ၊ တော်ကြာ ရှုပ်ကုန်ဦးမယ်၊ ဘယ်သူက ဘယ်သူ့အတွက်ဆိုတာလေးတော့ သတ်မှတ်ထားဦးမှပေါ့''

ရသ စကားကြောင့် အားလုံး တွေဝေသွားလေသည်။ ခဏကြာမှ သစ်ဆူးက...

''ရုပ်ချင်းလည်း အတူတူပဲဆိုတော့ ဆံပင်ပုံစံကို ငါတို့ မဲနှိုက်ပြီး လူရွေးကြရင် မကောင်းဘူးလား...''

''အေး... အဲဒါ ကောင်းတယ်''

သစ်ဆူးအကြံကို အားလုံး လက်ခံလိုက်ကြပါသည်။ ချက်ချင်းပင် နီးရာ ဆိုင်တစ်ဆိုင်မှာ ဝင်ပြီး မဲလိပ်လုပ်ကာ နှိုက်ကြ၏။ ရသက ဆံပင် စပရိန်လေးနှင့် မဲကျသည်၊ သစ်ဆူးက ဆံပင်စတာပ်လေးနှင့် မဲကျသည်။ သွေးရိပ်က ဆံပင်အဖြောင့်စင်းလေးနှင့် မဲကျသည်။

ဒီလိုနှင့် သူတို့သုံးယောက် ခွဲတမ်းမျှသွားကြလေသည်။

''ကဲ... အားလုံး ကျေနပ်တယ်နော်...''

''မကျေနပ်စရာ ဘာရှိလဲကွာ၊ အကုန် အတူတူပဲဟာကို''

''ဒါဆို ငါတို့သူငယ်ချင်းသုံးယောက်က သူတို့ ညီအစ်မသုံး

www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို ဘယ်တော့ စ,လိုက်ကြမလဲ...''

''ကြာသလားလို့ကွာ...ဒီနေ့ပဲ စမယ်၊ သဘောတူလား''

''အိုကေ...''

သံစ်ဆူးက ညာလက်ဖဝါးကို ဖြန့်ပေးသည်။ ထိုလက်ဖဝါးပေါ်သို့ သွေးရိပ်နှင့်ရသ၏ လက်တွေက ဆင့်ကာဆင့်ကာ ကျရောက်လာ၏။ တစ်ယောက်လက်ကိုတစ်ယောက် ဆုပ်ကိုင်လျက် သူတို့ ရယ်သွမ်းလိုက်ကြ၏။

သူတို့သည် လူငယ်တို့၏ ဘာသာဘာဝ အတွေ့အကြုံသစ်အား ကွင်းဆင်းလေ့လာရန် ပျော်ရွှင်စွာ ဖျတ်လတ်တက်ကြွနေလေသည်။

ထိုညနေပိုင်း အမြွှာညီအစ်မသုံးယောက် ဆိုင်သိမ်းပြီး အိမ်ပြန်တော့ သူတို့သူငယ်ချင်းသုံးယောက်က နောက်မှ လိုက်ကြသည်။ ဆံပင်ကိုကြည့်၍ ကိုယ်နှင့်ဆိုင်သူအား ဝင်ပူးကာ စကားရောဖောရော လုပ်ကြ၏။

''ဟိတ်...တို့နာမည်က ရသတဲ့၊ အခုလို ချဉ်းကပ်ရတဲ့ အကြောင်းရင်းက မင်းနဲ့ ချစ်သူဖြစ်ချင်လို့၊ မယုံရင် တို့သူငယ်ချင်းနှစ်ယောက်ကို မေးကြည့်''

စပရိန်လေးက နှုတ်ခမ်းကိုက်သည်။ နှုတ်ဆိတ်၏။

''တို့နာမည်က သစ်ဆူးတဲ့ ... မင်းကို မြင်မြင်ချင်း အရူးအမူး ချစ်သွားလို့ ... အဲဒါကိုသိတဲ့ တို့သူငယ်ချင်းနှစ်ယောက် သက်သေရှိတယ်''

စတပ်ကလေးက မျက်စောင်းထိုးသည်။ နှုတ်ဆိတ်၏။

''တို့နာမည်က သွေးရိပ်ပါ... ဖြစ်နိုင်မယ်ဆိုရင် မင်းနဲ့ ချစ်ရည်



လူးပြီး ချစ်တင်းနှောချင်လို့... အဲဒါ''

''ဘာ...''

အဖြောင့်စင်းလေး မျက်လုံးပြူးသွားသည်။ နှုတ်တော့မဆိတ်ဘဲ ပြဲပင်ပြဲသွား၏။

''ဟဲ့အကောင်... နင် ဘာပြောလိုက်တယ်''

''မအော်ပါနဲ့ စိတ်ထိန်းပါ... ဝယ်သူက အမြဲမှန်တယ်ဆိုတဲ့ ဆောင်ပုဒ်ကို ဈေးသည်ပီပီ မေ့မထားနဲ့လေ ... အခုလည်း တို့တွေက မင်းတို့ရဲ့ အချစ်ကို တန်ရာတန်ကြေးပေးပြီး ဝယ်ချင်လို့ လိုက်လာတာ ... ကောင်းကောင်းမွန်မွန် ဆက်ဆံပါ ...''

''အောရိုက်...''

''အောရိုက်...''

တစ်ယောက်ကိုတစ်ယောက် အားပေးပြီး ဆက်လက်၍ ဖောရှောရိုက်ကြလေသည်။ ကောင်မလေးအဖွဲ့နောက်ကို... ကောင်လေးအဖွဲ့က လိုက်ပြီး ရည်းစားစကားပြောခြင်းသည် လူငယ်ဘဝ၏ ထူးခြားသော အမှတ်တရတစ်ခုလည်း ဖြစ်၏။

ထိုနေ့မှစ၍ သူတို့သူငယ်ချင်းသုံးယောက်တွင် အလုပ်တစ်ခု ပိုလာပါသည်။ ထိုအလုပ်က အမြွှာညီအစ်မသုံးယောက်အား ညီတူညာတူ ပိုးပန်းခြင်းကိစ္စ ဖြစ်ပါသည်။

အရွယ်ရောက် လူလားမြောက်လာတာနှင့် ဆန့်ကျင်ဘက်လိင်ကို အီစီကလီလုပ်ချင်သည်မှာ ရိုးသားသော ကာလသားရောဂါပိုးတစ်မျိုးပင် ဖြစ်လေ၏။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

ကြီးစားမှု၏ ရလဒ်ဟုပင် ဆိုရပေလိမ့်မည်။ ရသ၊ သစ်ဆူး၊ သွေးရိပ်တို့ သူငယ်ချင်းသုံးဦး၏ အမြွှာညီအစ်မအား ပိုးပန်းခြင်းကိစ္စ ရပ်သည် များစွာ အရာထင်နေလေပြီ။

တိုးတက်မှုအတွက် အရင်းအနှီးကတော့ ပေးဆပ်ရ၏။ ဒီရက်ပိုင်းမှာ သူတို့သုံးယောက်သည် အမြွှာညီအစ်မဆိုင်ကို နေ့စဉ် ရက်ဆက် သွားသည်။ အဝတ်အထည်ကို ဗန်းပြဝယ်ယူရင်း နီးစပ်ခွင့် ရဖို့အရေး ပရောပရီ လုပ်ကြသည်။

ထိုရင်းနှီးမြှုပ်နှံမှုများက အလဟဿ အချည်းနှီး မဖြစ်ခဲ့ပါ။ မနေ့က ဆိုလျှင် သူတို့၏ ဖွဲ့လုံ့လကို အသိအမှတ်ပြုခြင်း ခံရ၏။



www.burmeseclassic.com

www.burmeseclassic.com



“ရှင်တို့သုံးယောက် ကျွန်မတို့ရဲ့ အဖြေကို လိုချင်တယ်ဆိုရင် မနက်ဖြန်မနက် ကိုးနာရီမှာ ဆိုင်နားကအအေးဆိုင်ကို လာခဲ့ပါ။ အဲဒီအခါကျရင် ရှင်တို့တွေ ကျွန်မတို့ညီအစ်မကို တကယ်အမှန် ချစ်တာဟုတ်မဟုတ် ယုံကြည်နိုင်ဖို့ စမ်းသပ်မှုလုပ်မယ်... အဲဒီအဆင့်ကို ကျော်ဖြတ်နိုင်ရင်တော့ ရှင်တို့အတွက် အကောင်းဆုံးအဖြေကို ကျွန်မတို့ စဉ်းစားပေးပါမယ်”

ထိုစကားကြောင့် သူတို့သုံးယောက် ဝမ်းသာအားရ ဖြစ်သွားကြသည်။ ရည်းစားရတော့မည်ဆိုသော စိတ်ကူးဖြင့် အာရုံကြောတွေပင် နိုးကြားလန်းဆန်းကုန်၏။

ဒီနေ့မနက်စောစောမှာ သုံးယောက်စုံညီအောင် စုစည်းပြီး ချိန်းဆိုထားရာဆီသို့ သူတို့ တက်ညီလက်ညီ ချီတက်ကြလေသည်။

“ဟိတ်ကောင်တွေ၊ သူတို့ညီအစ်မကတော့ ငါတို့သုံးယောက်ကို ခိုက်နေပြီထင်တယ်ကွ”

“ငါတို့ကလည်း အမိုက်စားတွေပဲကွာ၊ ခိုက်မယ်ဆို ခိုက်လောက်ပါတယ်၊ ဟဲ... ဟဲ...”

သုံးယောက်သား သဘောတွေကျပြီး အားတွေရနေသည်။ ရသက

“ဟိတ်ကောင်တွေ ... ငါတို့က သူတို့ညီအစ်မတွေကို ဆံပင်ပုံစံကိုပဲ ကြည့်ပြီး ခွဲခြားလို့ရတာနော်၊ ဆံပင်ဆိုတာက အပြောင်းအလဲရှိနိုင်တယ်၊ တော်ကြာ ချစ်သူတွေဖြစ် အိမ်ထောင်တွေကျကာမှ လူမှားပြီး ဆိုးဆိုးဝါးဝါးတွေ ဖြစ်ကုန်ရင် ဘယ့်နှယ်လုပ်မလဲ ...”

“ဟာကွာ...အဲဒါက ငါတို့ တွေးပူရမဲ့ကိစ္စ မဟုတ်ပါဘူး၊



သူတို့ တွေးပူရမဲ့ကိစ္စပါ”

သစ်ဆူးက ရယ်ကျဲကျဲဖြင့် ပြောတော့ ရသက သူ့လက်မောင်းကို လက်သီးဖြင့် လှစ်ခနဲထိုးသည်။ ပြီးတော့မှလက်သီးကို ထောင်ပြကာ

“ဟိတ်ကောင်နော်... မညစ်ပတ်နဲ့၊ အဲလိုမျိုးတော့ လုံးဝ အရော ထွေးမခံနိုင်ဘူး...”

“အချင်းချင်းတွေပဲကွာ ... ဝေစားမျှစားပေါ့”

“မရဘူးဟေ့... ဒါတော့ မရဘူး၊ အချစ်ရေးမှာတော့ ခွဲတမ်းမရှိဘူး၊ တစ်ကိုယ်ရည်သီးသန့်ပဲ...”

“အဲဒါဆိုလည်း ကိုယ့်ပစ္စည်းကိုယ် လုံခြုံအောင် ဖွက်ထားပေါ့ကွာ၊ ငါကတော့ လစ်ရင် ဝင်ဆွဲမှာပဲ...”

“ကြာကူလီကောင်...”

ရသက သစ်ဆူးကို နှုတ်ခမ်းကြီးစူပြီး ပျစ်ပျစ်နစ်နစ် ဆဲရေး၏။ ထိုအခါ သွေးရိပ်က ရသနှုတ်ခမ်းကို လက်နှင့်ဆွဲခါကာ...

“ကြာကူလီဆိုတာက ဟာကြူလီရဲ့ညီကွ၊ ဆက်သာလုပ် သစ်ဆူး အားပေးတယ်”

“စိတ်သာချ စိတ်သာချ၊ ဘယ်တော့မှ နောက်မဆုတ်ဘူး ... ဖြစ်ချင်ရာဖြစ် ရှေ့ဆက်တိုးပစ်ဦးမှာ...”

“ဟင်း...ငရဲကျမဲ့ တဏှာကောင်တွေ”

“တဏှာမဟုတ်ပါဘူးကွာ...”

“ရာဂ...ရာဂ...”

သူတို့သူငယ်ချင်းသုံးယောက်က ပြောမနာဆိုမနာတွေ ဖြစ်သည်။ လူငယ်သဘာဝအရ ပျော်လည်းပျော်တတ်ကြသည်။ အခုလည်း အနား

www.burmeseclassic.com

www.burmeseclassic.com



တခြား ကြပ်စရာလူ ပါမလာသဖြင့် ချင်းပြေ စ,နောက် နေကြတာဖြစ်၏။

ကိုးနာရီအတိမှာ ချိန်းဆိုထားရာ သူတို့ ဝင်သွားတော့ ညီအစ်မသုံးယောက်က ရောက်နှင့်နေကြလေ င်းတည်း အတူထိုင် နေတာတော့ မဟုတ်ဘဲ တစ်ယောက်တစ်ဝိုင ုင်နေကြသည်။ ဒါကိုကြည့်ပြီး ရသက ...

"ဟိတ်ကောင်တွေ ... အခြေအနေကတော့ ကောင်းနေပြီဟေ့၊ လူခွဲထိုင်နေတာဆိုတော့ ပွဲကတော့ ဖြစ်ပြီ"

"အေး အေး ... အခွင့်အရေးပေးရင် လက်မနှေးနဲ့နော် ..."

တစ်ယောက်ကိုတစ်ယောက် တိုးစိတိုးစိ မှာကြားကြ၏။ အမြွှာ ညီအစ်မသုံးယောက်က အင်္ကျီဆင်တူကိုယ်စီ ဝတ်ဆင်ထားကြလေသည်။ ဆိုင်ထဲမှာလည်း လူရှင်းနေ၏။ ဝင်ပေါက်နှင့် နီးသည့်ခုံမှာ ထိုင်နေသည့် ကောင်မလေးက သူတို့သုံးယောက်အား ခြုံငုံကြည့်၍

"ရှင်တို့တွေ ကိုယ့်လူကို ရွေးပြီး တစ်ယောက်ချင်းစီ ဝင်ထိုင်ကြ"

"ဒါများ လွယ်လွယ်လေးရယ် ..."

အားလုံး ဆံပင်တွေကို တစ်ချက်ငွေ့ကြည့်လိုက်၏။ ပထမဦးဆုံး သစ်ဆုးက စတပ်ကလေးဆီ သွားထိုင်သည်။ ဒုတိယ ရသက စပရိန့် လေးဆီ သွားထိုင်သည်။ နောက်ဆုံးပိတ် သွေးရိပ်ကတော့ ကျန်ရှိသည့် အဖြောင့်စင်းလေးဆီ သွားထိုင်သည်။

ထိုင်ခုံတွေမှာ ထိုင်ပြီးကြတော့ သူတို့ တစ်ယောက်ကိုတစ် ယောက် လှမ်းကြည့်ကာ မျက်စပစ်ပြီး ပြုံးလိုက်ကြ၏။ အောင်တော့မည်



ကွဆိုသည့်သဘော။ သူတို့ စွတ်ပျော်နေကြလေ၏။

စတပ်ကလေးက သစ်ဆုးကို စူးစူးနစ်နစ် စိုက်ကြည့်သည်။

"ရှင်က ဘာဖြစ်လို့ ဒီဝိုင်းမှာ လာထိုင်တာလဲ..."

"ကိုယ့်ချစ်သူလေး ရှိလို့ပေါ့ကွာ..."

စတပ်ကလေးက မျက်နှာကို မဲ့၏။

"ကျွန်မတို့ ညီအစ်မ ရုပ်ချင်း ဒီလောက်တူတဲ့ကြားက ရှင်က ဘာဖြစ်လို့ ကျွန်မကိုမှ ရွေးချစ်ရတာလဲ..."

"အဲ... အဲဒါက မင်းရဲ့ ဆံပင်လေးကြောင့်ပေါ့... ဒီဆံပင်ပုံ လေးက မင်းမျက်နှာနဲ့ အရမ်းလိုက်တာ၊ အဲဒါကြောင့် ရုပ်ချင်းတူပေမဲ့ အားလုံးထဲမှာ မင်းက အလှဆုံး ဖြစ်နေတယ်၊ဒါကြောင့် အရူးအမူး ချစ်မိသွားတာ..."

သစ်ဆုးက ကြံဖန်ဖြေလိုက်သည်။ စတပ်ကလေးက ဘာမှ ထပ်မမေးတော့ဘဲ အခြားနှစ်ဝိုင်းကိုသာ အကဲခတ်နေလေသည်။

စပရိန့်လေးက ရသကို စူးစူးနစ်နစ် စိုက်ကြည့်သည်။

"ရှင်က ကျွန်မတို့ ညီအစ်မသုံးယောက်ကို လူခွဲတတ်လား"

"ခွဲတတ်တာပေါ့... ခွဲတတ်လို့ပဲ ဒီဝိုင်းမှာ လာထိုင်တာလေ"

စပရိန့်လေးက မခို့တရို့ ပြုံး၏။

"ကျွန်မတို့ ညီအစ်မ ရုပ်ချင်း ဒီလောက်တူတဲ့ကြားက ရှင်က ဘာဖြစ်လို့ ကျွန်မကိုမှ ရွေးချစ်ရတာလဲ ..."

"အဲဒါကတော့ မင်းရဲ့ ဆံပင်လေးကြောင့်ပေါ့... တို့က မိန်းကလေးတွေ ဆံပင်အကောက်ထားရင် သိပ်ကြိုက်တာ၊ အဲဒါကြောင့် သုံးယောက်ထဲကနေ မင်းကို ရွေးချစ်မိသွားတာ..."

www.burmeseclassic.com

www.burmeseclassic.com



ရသကလည်း အဖော်ကောင်းသည်။ စပရိန်လေးက ဘာမှမပြောတော့ဘဲ အခြားနှစ်ဝိုင်းကိုသာ မျက်စိကစားကြည့်နေလေသည်။

အဖြောင့်စင်းလေးက သွေးရိပ်ကို စူးစူးနစ်နစ် စိုက်ကြည့်သည်။

"ရှင်က ရှင်ချစ်တဲ့လူကို မှတ်မိလား..."

"မှတ်မိတာပေါ့ ... နဖူးက အမာရွတ်ကိုမြင်တိုင်း မယော်သဓာကို ကေတုဝဋ်ပုဏ္ဏား အမှတ်ရသလိုမျိုး မှတ်မိနေတာ..."

အဖြောင့်စင်းလေးက ဟက်ခနဲတစ်ချက်ရယ်၏။ သွားဖွေးဖွေးလေးတွေပင် လက်သွားသည်။

"ကျွန်မတို့ညီအစ်မ ရုပ်ချင်းဒီလောက်တူတဲ့ကြားက ရှင်က ဘာဖြစ်လို့ ကျွန်မကိုမှ ရွေးချစ်ရတာလဲ..."

"အဲဒီမေးခွန်းကို မင်းရှေ့မှာ ဖြေစရာအကြောင်းမရှိဘူး... ဘာဖြစ်လို့လဲဆိုတော့ မင်းက တို့ ချစ်တယ်လို့ ပြောထားတဲ့လူမဟုတ်လို့ဘဲ...တို့ချစ်တယ်လို့ ပြောထားတဲ့လူက ရယ်လိုက်ရင် ဘယ်ဘက်နှုတ်ခမ်းထောင့်မှာ ရွှေသွားလေး ပေါ်လာတယ်...ခုနက မင်းရယ်တာမှာ ရွှေသွားပေါ်မလာဘူး... အဲဒါကြောင့် မင်းမေးသမျှကို ဖြေစရာအကြောင်း မရှိဘူး"

သွေးရိပ်စကားကြောင့် အဖြောင့်စင်းလေး မျက်နှာ ပြုံးရိပ်သန်းသွားပါသည်။ အခြားဝိုင်းနှစ်ဝိုင်းကိုကြည့်၍ သူမ လက်မထောင်ပြလိုက်၏။ အခြား ဝိုင်းနှစ်ဝိုင်းမှ ကောင်မလေးနှစ်ယောက်ကတော့ မျက်နှာရှုံ့ကာ လက်ခါပြကြသည်။ စစ်ဆေးစမ်းသပ်ပွဲက ပြီးဆုံးသွားချေပြီ။

သူတို့အားလုံး တစ်ဝိုင်းတည်းမှာ စုထိုင်လိုက်ကြလေသည်။



ကောင်မလေးတွေက ပွစိပွစိဖြင့် အကျိုးအကြောင်း အပြန်အလှန်ပြောကြသည်။ ကောင်လေးတွေကလည်း တိုးစိတိုးစိဖြင့် အဖြစ်သနစ်ချင်းဖလှယ်ကြသည်။ ခဏကြာမှ ဆံပင်အဖြောင့်စင်းနှင့် ကောင်မလေးက အားလုံးကို ခြုံငုံကြည့်၍ ...

"ရှင်တို့သုံးယောက်က ကျွန်မတို့ညီအစ်မကို ဆံပင်ပုံစံကိုခွဲပြီး မှတ်ထားကြတာလို့ ကျွန်မတို့ ထင်ကြတယ်... ကိုယ်တကယ်ချစ်တဲ့လူဆိုရင် ဘယ်လိုပဲဖြစ်ဖြစ် မှတ်မိနေရမယ်လို့ ကျွန်မတို့ ယူဆတယ် ... အဲဒါကြောင့် ဆံပင်ပုံစံကို အချင်းချင်းပြောင်းပြီး ရှင်တို့ကို စမ်းသပ်တာ၊ စမ်းသပ်တဲ့ နေရာမှာ ... ရသနဲ့သစ်ဆုးက ကိုယ့်လူကိုလည်း မမှတ်မိတဲ့အပြင် ဆံပင်ကြောင့် ချစ်တာပါလို့လည်း ဖြေကြတယ်... သူတို့ဖြေပုံအရဆိုရင် သူတို့ အချစ်က ကျွန်မတို့ညီအစ်မတွေ ဆံပင်ပုံစံပြောင်းတိုင်း ချစ်တဲ့လူလည်း လိုက်ပြောင်းနေမှာပဲ တွေးကြည့်လိုက်တော့ ကျွန်မတို့ ရှေ့ရေးအတွက် စိုးရိပ်စရာပဲ... အဲဒါကြောင့် သူတို့ကို စာရင်းထဲက ပယ်ပစ်လိုက်တယ်... သွေးရိပ်ကတော့ ကျွန်မကို သူချစ်သူ မဟုတ်မှန်းသိတယ်... သူလိုက်တဲ့ အလတ်မက သွားပိုးစားလို့ သွားနှုတ်လိုက်ရတာကြောင့် ရွှေသွားပြန်စိုက်ထားတာ... အဲဒါကိုလည်း သွေးရိပ်က မှတ်မိနေတယ်... ဒါကြောင့် သွေးရိပ်က သူချစ်တဲ့လူကို ဆက်ကြိုးစားပိုင်ခွင့်ရှိတယ်၊ ကိုယ်ချစ်တဲ့လူကိုတောင် မမှတ်မိတဲ့ ဟိုနှစ်ယောက်ကတော့ နောက်ဆုတ်လိုက်တော့ ... ဆံပင်ပုံစံကိုပဲ ကြိုက်တာဆိုတော့ ဆံပင်တုဝယ်ပြီးတော့သာ ကိုယ့်ဟာကိုယ် စွပ်ထားလိုက်ကြ"

"အင်..."

ရသနှင့်သစ်ဆုး ရုပ်ကလေးတွေ မအီမလည် ဖြစ်သွားပြီသည်

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးတွေကတော့ သူတို့ ပြောချင်ရာပြောပြီးတာနှင့် ထ,ထွက်သွားကြ၏။ ဒီပွဲမှာ အောင်မြင်မှုသရဖူကို ဆွတ်ခူးနိုင်လိုက်တာက ရွှေကိုယ်တော် သွေးရိပ်ပင် ဖြစ်တော့သည်။

"ငါ့ကောင်မလေးက သွားပိုးမစားတာ နာတာပဲကွာ ... တောက်"

"အေးကွာ...ဒီလိုမှန်းသိရင် အံကပ်တစ်ခုလုံးကို ရိုက်ချွတ်ပြီး ရွှေသွားတွေ စိုက်ထားပေးပါတယ်..."

သစ်ဆူးနှင့်ရသ မချိတင်ကဲတွေ ဖြစ်နေကြသည်။

"သွေးရိပ်...ငါတို့သုံးယောက်က ပွဲတိုင်းမှာ လူမခွဲဘဲ နွဲလာတာ၊ ဒီပွဲကျမှ ဘက်ပုံမခံနိုင်ဘူးကွာ... မင်းလည်း မင်းကောင်မလေးကို ဆက်မလိုက်နဲ့တော့... ဘယ်လိုလဲ"

"ဟုတ်တယ် ဟိတ်ကောင်... ငါတို့က ရှေ့တိုးမရတာကြောင့် အတူတူဖြစ်သွားအောင် မင်းပါ နောက်ဆုတ်လိုက်..."

သစ်ဆူးနှင့်ရသ၏ တောင်းဆိုမှုကြောင့် သွေးရိပ်မျက်နှာက တည်သွားသည်။ ပြီးတော့မှ ပြုံး၍ ဆတ်ခနဲ ခေါင်းညိတ်ပြလိုက်ပါသည်။

"အေးပါကွာ... ငါလည်း မင်းတို့နဲ့ အတူတူဖြစ်သွားအောင် အဲဒီ ကောင်မလေးကို လုံးဝဆက်မလိုက်တော့ဘူး... စိတ်ချ"

"ဟေး...ဒါမှ တို့သူငယ်ချင်းကွ..."

သစ်ဆူးနှင့်ရသက ပျော်ရွှင်စွာ ထ,အော်ပြီး သွေးရိပ်ကို ဖက်လိုက်ကြသည်။ ထိုအပြုအမူကြောင့် သွေးရိပ်ရင်ထဲမှာ စိမ့်နေအောင် ကြည်နူးရှိန်းမြသွားသည်။ သူ့ဆုံးဖြတ်ချက်အတွက် သူ ကျေနပ်နေလျက် ရှိ၏။



ရသက ညာလက်ဖဝါးကို ဖြန့်ပေးသည်။ ထိုအခါ သွေးရိပ်နှင့် သစ် ဆူး၏လက်တွေက အလိုက်သိစွာဖြင့် ကူးရောက်လာသည်။ သူတို့သည် လက်ချောင်းတွေမှတစ်ဆင့် တစ်ဦးရင်တွင်းသို့ တစ်ဦး၏ခံစားမှုများ အဖြူစင်ဆုံး စီးဆင်းနေကြလေသည်။

ရသက...

"ငါတို့တွေ ဟိုကောင်မလေးတွေနဲ့ ဇယားပြတ်သွားတာကို ဘယ်လိုမှ မခံစားရသလိုဘဲနော်... အဲဒါ ထူးတော့ ထူးဆန်းသားကွ"

"မထူးဆန်းပါဘူးကွာ... ဘာဖြစ်လို့လဲဆိုတော့ ငါတို့က သူတို့ကို ငါတို့အချင်းချင်းထက် ပိုပြီး မချစ်လို့ကွ... ပြီးတော့ ငါတို့ အချစ်နဲ့တကယ် မတွေ့သေးလို့..."

သွေးရိပ်က တည်ငြိမ်အေးဆေးစွာဖြင့် လေးလေးနက်နက် ပြောလိုက်၏။ ထိုအခါ သစ်ဆူးက အပြုံးသုံ့သုံ့ဖြင့် ရေရွတ်သည်။

"အင်းနော်... ငါတို့တွေ အချစ်နဲ့ ဘယ်တော့များမှ တကယ်တွေ့ကြမလဲ မသိဘူးနော်"

"အချစ်နဲ့ ဘယ်တော့တွေ့မလဲဆိုတာက အရေးမကြီးပါဘူးကွာ၊ အဲဒီအချစ်က ငါတို့ရဲ့ ပျော်ရွှင်စရာ သုံးယောက်တွဲဘဝလေးကို ချိုးဖွဲ့ဖျက်ဆီးမပစ်ဖို့သာ အရေးကြီးတာပါ"

ရသ စကားအဆုံး၌ သူတို့အားလုံး အတွေးကိုယ်စီဖြင့် ငြိမ်သက်သွားကြလေသည်။ ထိုအချိန်၌ပင် အအေးဆိုင်၏ မှန်နံရံတစ်လျှောက်တွင် ရေ စက်ကလေးများ တွန့်ခွေလိမ့်ဆင်းလာကြ၏။

"ဟာ...အပြင်မှာ မိုးရွာနေပြီ၊ ငါတို့မှာ မိုးကာတွေ ထီးတွေလည်း ပါမလာဘူး၊ ပြန်ဖို့ကို ဘယ်လိုလုပ်ကြမလဲ..."

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လဲကွာ...ငါတို့သုံးယောက် ငယ်ငယ်ကလိုပဲ မိုးရွာထဲမှာ လျှောက်သွားကြတာပေါ့"

"အိုကေ... ဒါဆို အခုပဲ လိမ့်မယ်"

ချက်ချင်းပင် ကောက်ကာငင်ကာ ပိုက်ဆံရှင်းပြီး ဆိုင်ထဲမှ ပြေးထွက်သွားကြသည်။ စောစောက ကောင်မလေးတွေနှင့် ဖြစ်ပျက်ခဲ့သမျှ အားလုံးသည် သူတို့၏ ခိုင်မြဲသော သံယောဇဉ်ကြားတွင် လွယ်လင့်တကူ ပျောက်ရှသွားခဲ့၏။

သူတို့သုံးယောက်သည် တစ်ယောက်ပခုံးကိုတစ်ယောက်ဖက်၍ သည်းနေသော မိုးဖွဲတွေထဲမှာ သီချင်းတွေအော်ဆိုရင်း စိမ်ပြေနပြေ လမ်းလျှောက်နေကြပါသည်။

သူတို့သည် သိပ်ညှိစရာမလိုဘဲ အဆင်ပြေ ညီညာနေသည့် ကာရံတွေ ဖြစ်သည်။

◆ ◆ ◆



## အပိုင်း [၃]

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

မိုးရေဆွတ်ဖျန်းထားသဖြင့် အနက်ရောင်လမ်းကလေးက မြေသင်းနံ့တို့ အငွေ့ပျံလွင့်ပြန့်နေ၏။ စင်ကြယ်နေသည့် သစ်ရွက်သစ်ခက်ကလေးတွေကလည်း လေအတိုးအဝှေ့မှာ တဖျတ်ဖျတ် လှုပ်ခုန်လျက်ရှိသည်။

သွေးရိုပ်သည် ရသနှင့်သစ်ဆူးဆီသို့ သွားရန်အတွက် အိမ်မှထွက်လာခဲ့ပါသည်။ သူတို့သုံးဦးသည် လမ်းချင်းမကူညီပေမဲ့ တစ်ရပ်ကွက်တည်း နေတာတော့ တူညီသည်။ ဒါကြောင့် ပျင်းပျင်းရှိလျှင် သုံးယောက်အတူစုပြီး ဗင်ဂို (Bingo) ကစားနည်းကို ရှုံးသူထွက် ကစားကြသလို၊ ဂစ်တာတီး သီချင်းဆို၍ အာလာပသလ္လာပလည်း အာလူးဖုတ်ဖြစ်ကြ၏



www.burmeseclassic.com

www.burmeseclassic.com



ရှိုးညှာတံမှ အဖြုတ်ခံလိုက်ရသည့် ရော်ဝါသော သစ်ရွက်ကလေး တစ်ရွက်က လေပြည်ထဲသို့ လွင့်ဝဲစွာ ပြုတ်ကျလာပါသည်။ သွေးရိပ် သည် လမ်းလျှောက်နေရာမှ သစ်ရွက်ဝါလေးကို စိတ်လိုလက်ရ ခုန်ဆွ သည် လိုက်ဖမ်းနေလေသည်။ သူ့ကိုကြည့်ရသည်မှာ အနည်းငယ် ကိုးရိုး ကားရား နိုင်နေ၏။ မျောက်အား မာတ်လိုက်နေတာနှင့်ပင် တူ၏။

"ဘုန်း ..."

"အွန့် ..."

သစ်ရွက်ဝါလေးအား ဖမ်းဆုပ်ရန် ကြိုးပမ်းနေသည့် သွေးရိပ်ကို စက်ဘီးတစ်စီးက နောက်ကျောဘက်မှ ဝင်တိုက်ပစ်လိုက်သည်။ သွေးရိပ် ဟပ်ထိုးဟပ်ထိုး ဖြစ်သွား၏။ အကျင့်ပါနေသော သူ့လက်က နောက်ကျော ဘက်သို့ ဝှီးခနဲ တုံ့ပြန်ပစ်လိုက်သည်။ ထိုအခါ...

"ခွပ်..."

"အင့်... အဟင့်..."

ညည်းညူသံနှင့်အတူ ဗိုင်းခနဲ လဲပြိုသွားသံကို ပါ ကြားလိုက်ရ သည်။ ကြည့်လိုက်တော့မှ...

"ဟာ..."

သူ ပြာသွားသည်။ သူ ထိထိမိမိ တုံ့ပြန်လိုက်တာက နုနုနယ်နယ် သက်ရှိကြွေရုပ်ကလေးတစ်ရုပ် ဖြစ်နေ၏။ သူမက စက်ဘီးနှင့်တကွ မြေပြင်ပေါ်မှာ ခွေခွေခေါက်ခေါက်ကလေး လဲကျနေသည်။ သူမကို ကြည့်မိသည့် တစ်ခဏမှာပင် သူ့ရင်တွင် ရော်ဝါဆန်းသစ်သော ခံစားမှု တစ်မျိုး တဖြုတ်ဖြုတ်ကြွေကျလာလေသည်။ ရင်ဘတ်သည် လှိုင်းခတ်နေ တော့၏။



အကူအညီပေးရန်အတွက် သူမထံပါးသို့ သွေးရိပ် သွားလိုက် သည်။ သို့သော် သူမက ကူညီစရာမလိုဘဲ ပျာပျာသလဲ လူးလဲ၍ထ၏။ အထစ်ထစ်အငေါ့ငေါ့ဖြင့် ကြောက်ဆုတ်ကြောက်ဆုတ် ဖြစ်နေ၏။

"ကျွန်မ... ကျွန်မကို ထပ်မထိုးပါနဲ့တော့ရှင်၊ ကျွန်မ ရှင့်ကို တမင်ဝင်တိုက်တာမဟုတ်ပါဘူး... ရှင်က လမ်းပေါ်မှာ ဟိုခုန်လိုက် ဒီခုန်လိုက် လုပ်နေတာကြောင့် ရှောင်ရခက်ပြီး တိုက်မိသွားတာပါ ဒီလောက်ထိုးရရင် ကျေနပ်ပါတော့ရှင်..."

ကြွေရုပ်ကလေးက ပန်းနုရောင်ပါးပြင်လေးကို ပွတ်သပ်လျက် ထိတ်လန့်တုန်လှုပ်ဟန်ဖြင့် သူ့အား မဲ့မဲ့လေး တောင်းပန်နေ၏။ သူ ရမ်းသမ်းတီးထည့်လိုက်တာ သူမ အတော် အီစလံဝေသွားပုံရသည်။ သွေးရိပ် အားနာသွား၏။

"ကျွန်တော်က ခင်ဗျားကို ထိုးမလို့မဟုတ်ပါဘူးဗျာ... ထုပေး မလို့ပါ...ခုနကလည်း အမှတ်တမဲ့ဆိုတော့ ယောင်ပြီး လုပ်လိုက်မိတာ ပါ... တောင်းပန်ပါတယ်နော်..."

သွေးရိပ်က ယဉ်ကျေးချိုသာစွာဖြင့် သူ့အမှားအတွက် ပြန် တောင်းပန်၏။ ကြွေရုပ်ကလေး၏ ခြေရင်းမှာ လဲကျနေသည့် စက်ဘီး ကိုလည်း မျက်နှာလိုမျက်နှာရ ပြေးထောင်ပေးလိုက်သည်။ သူ့လက်ချက် ကြောင့် ရဲဗတောင်းလေးခပ်သွားသည့် ပါးပြင်လေးတစ်ဘက်ကိုလည်း အခွင့်အရေးရတုန်း အနီးကပ် ကြည့်ပစ်လိုက်သေး၏။ သွက်သည်။

"အာလားလား ..."

ကြွေရုပ်ကလေး၏ မျက်နှာနုနုလေး မဲ့ရွဲ့သွားသည်။ သွေးရိပ်က ဖားသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဘာ...ဘာဖြစ်လို့လဲဟင်..."

"နာ...နာတယ်"

"ဒီလောက်တော့ ရှိမှာပေါ့ဗျာ၊ ကျွန်တော်က သိုင်းသမားဆိုတော့ လက်သီးက ပြင်းတယ်လေ၊ ဒါတောင် အတွင်းအား မပါသေးဘူး"

"အာ... ဘာတွေလျှောက်ပြောနေတာလဲ...ဒီက ရှင် တက်နင်းထားတဲ့ခြေထောက်က နာလို့ပြောနေတာရှင့်"

"ဟာ..."

ဒီတော့မှ ကြွေရုပ်ကလေး၏ ခြေထောက်ဖြူဖြူလေးတစ်ဖက်ကို (စက်ဘီးထူပေးရင်း) သူ့ခြေထောက်နှင့် တက်နင်းထားမိမှန်း သွေးရိုပ် သတိပြုမိ၏။ ဒါကြောင့် ကပျာကသီ ခြေရုတ်ပေးလိုက်ရသည်။

"နာသေးလား..."

"အင်း...နာသေးတယ်"

"ဟင်...ဖြစ်ပြန်ပြီ၊ ဒီတစ်ခါတော့ ကျွန်တော် ဘာကိုမှ တက်နင်းမထားဘူးနော်"

သွေးရိုပ်က ဟိုကြည့်ဒီကြည့်ဖြင့် ပြောလိုက်၏။ ကြွေရုပ်ကလေးက သူ့ကို ကြည့်၍...

"ဟုတ်ပါတယ်၊ ရှင် ဘာကိုမှ တက်နင်းမထားပါဘူး၊ ဒါပေမဲ့ ခုနက လဲကျတဲ့အရှိန်နဲ့ ရှင် မညှာမတာ ထိုးလိုက်တဲ့ဒဏ်ကြောင့် နာနေတာကို ပြောတာပါ..."

"ဟုတ်လား... အရမ်းနာနေလားဟင်၊ လမ်းရော လျှောက်နိုင်ရဲ့လား... ကျွန်တော် ချိုပြီး အိမ်ပြန်ပို့ပေးမယ်လေ..."



"အမယ်...အဲဒီလောက်တော့ မလိုပါဘူး"

သွေးရိုပ်က စေတနာတွေ ရေစီးကမ်းပြိုလိုက်ရာ ကြွေရုပ်ကလေး ရှက်ကိုးရှက်ကန်းလေး ဖြစ်သွား၏။ သွေးရိုပ်သည် သူမနှင့် ဆက်လက် ပတ်သက်ခွင့်ကို အသေအချာ ရချင်နေ၏။ ဒါကြောင့် ဖန်လိုက်ပါသည်။

"ဘာပဲဖြစ်ဖြစ် ... လဲထားတော့ အခုလောလောဆယ် ခင်ဗျား စက်ဘီးနင်းနိုင်ဦးမှာ မဟုတ်ဘူး။ အဲဒါကြောင့် ကျွန်တော် အိမ်ပြန်လိုက်ပို့ပေးမယ်လေ။ ဘယ်မှာနေတာလဲ"

"ဒီလမ်းထဲမှာပဲ"

ကြွေရုပ်ကလေးက လက်သည်းချွန်လေးများ ပါရှိသော လက်ညှိုးလေးဖြင့် နောက်ဘက်သို့ ညွှန်ပြသည်။ သွေးရိုပ် အံ့ဩသွားသည်။ သူမသည် သူနှင့် လမ်းချင်းအတူတူ ဖြစ်လို့နေ၏။ ဒီတိုက်ဆိုင်မှုမှာ သူ့အတွက်တော့ အားရကျေနပ်စရာ ကောင်းလှသည်။

"ကျွန်တော်လည်း ဒီလမ်းထဲကပါပဲ... ဒါပေမဲ့ ခင်ဗျားကိုတော့ အရင်က မမြင်ဖူးဘူး ..."

"ဟုတ်မှာပါ၊ ကျွန်မတို့က ဒီကိုပြောင်းလာတာ ရက်ပိုင်းပဲ ရှိသေးတယ် ..."

"အင်းလေ...ဘာပဲဖြစ်ဖြစ် ကျွန်တော် လိုက်ပို့ပေးပါမယ်... လာလေ... သွားကြမယ်"

သွေးရိုပ်က စက်ဘီးကို တွန်းလိုက်သည်။ ကြွေရုပ်ကလေးက ဆွဲ၏။

"နေပါစေ၊ နီးနီးလေးပဲဟာကို ပို့မနေပါနဲ့"

"ရပါတယ်၊ ပို့ပေးပါမယ်"

www.burmeseclassic.com

www.burmeseclassic.com



"မပို့ပါနဲ့ နေပါစေ"

"မနေပါဘူး၊ ပို့ပေးချင်လို့ပါ"

"မပို့ပါနဲ့ဆို"

"ပို့ပေးချင်လို့ပါဆိုဗျာ"

သွေးရိပ်က အတင်းဇယားကပ်ပြီး ဝင်ရောတော့သည်။ နောက်ဆုံး သူမ လက်လျှော့လိုက်ရလေသည်။

"ဒီလောက်တောင် ပို့ချင်နေရင်လည်း ပို့တော့ရှင်... မပြောတော့ဘူး..."

"အဲဒီလို လုပ်စမ်းပါဗျာ... မိတ်ဖြစ်ဆွေဖြစ်ပေါ့..."

"ဟွန်း...ရှင့် မိတ်ဖြစ်ဆွေဖြစ်ကလည်း လက်သီးနဲ့ တစ်ချက်အထိုး ခံရတယ်...မှတ်သားလောက်ပါပေတယ်နော်"

ကြွေရုပ်ကလေးက လက်သီးစာမိထားသည့် ပန်းနုရောင်ပါးပြင်လေးကို ကိုင်၍ ရယ်လေသည်။ စွဲမက်စရာကောင်းသော သူမ ရယ်သံက လေထုထဲမှာ တစိမ့်စိမ့် ပျံ့နှံ့သွား၏။ သူ စိတ်ထဲမှ မြတ်နိုးစွာ လိုက်ဖမ်းနေမိပါသည်။

သွေးရိပ်က စက်ဘီးကို တွန်း၍ ကြွေရုပ်ကလေးကတော့ ဘာကိုမှ မတွန်းဘဲ နှစ်ယောက်အတူ လမ်းလျှောက်လာကြသည်။ သဘာဝ၏ အရသာက တပ်မက်ဖွယ်ရာ ဝေ့ရီဆွတ်ပျံ့လျက်ရှိ၏။

"နာမည် ဘယ်လိုခေါ်လဲဟင်..."

"တိမ်လွှာဖြူ... "

"မှတ်ထားပေါ့... ကျွန်တော့်နာမည်ကတော့ သွေးရိပ်တဲ့"

ရင်းနှီးမှုတစ်ခု ပေါက်ဖွားလာစေဖို့ သွေးရိပ် ကြိုးစားနေ၏။



မမြင်သာသော ချည်နှောင်မှုမှာ သူ သာယာနေမိသည်။ စကားတပြောပြောနှင့် လျှောက်လာခဲ့ရာ ခဏကြာတော့ တိမ်လွှာဖြူတို့အိမ်သို့ ရောက်လာသည်။

သွေးရိပ်တို့အိမ်က လမ်း၏အရှေ့ဖျားကျပြီး... တိမ်လွှာဖြူတို့အိမ်ကတော့ လမ်း၏အနောက်ဖျားကျသည်။ သွေးရိပ်ကိုမြင်သောအခါ တိမ်လွှာဖြူ၏ဖခင်က အကြည့်ဖြင့် စူးစမ်းကာ မိခင်ကတော့ ပါးစပ်ဖြင့်ပါ စပ်စု၏။

"သမီး၊ သူက ဘယ်သူလဲ"

"ဒီလမ်းထဲကပဲတဲ့ မေမေ... သမီး စက်ဘီးလဲပြီး မစီးနိုင်တော့လို့ သူက လိုက်ပို့ပေးတာပါ"

"ဩော်... ဟုတ်လား၊ လာလေ မောင်ရင်... အိမ်ထဲဝင်ပါဦးလား"

"ဟုတ်ကဲ့ခင်ဗျ"

သွေးရိပ်ကလည်း မငြင်းပါ။ ချက်ချင်းလက်ငင်းပင် အိမ်ထဲသို့ ဝင်သည်။ တိမ်လွှာဖြူ၏ မိဘနှစ်ပါးက သဘောကောင်းပါသည်။ သူ့ကို ဖော်ရွေစွာ တည်ခင်းဧည့်ခံကြ၏။ (သူတို့သမီးကို လက်သီးနှင့် ထိုးထားမှန်း မသိ၍လည်း ဖြစ်နိုင်သည်)

သွေးရိပ်က ရှေ့ရေးအတွက် ကြိုတွေးပြီး တိမ်လွှာဖြူ၏ ဖခင်ကြီးကို ဝင်လုံးလိုက်လေသည်။

"ဦးတို့က ဒီလမ်းထဲကို အခုမှ ပြောင်းလာတာဆိုတော့ အရင်က ဘယ်မှာနေတာလဲဟင်..."

www.burmeseclassic.com

www.burmeseclassic.com



"ဧရာဝတီမှာနေတာ..."

"စိုစိုစိုစိနဲ့ ချမ်းမှာပေါ့နော်..."

"ဟင်..."

ဘိုးတော် ကြောင်သွားသည်။

"ဘာ...ဘာကိုပြောတာလဲကွ..."

"သြော်...ဧရာဝတီမှာ နေတာဆိုလို့ပါ...မြစ်ရေက အေးတယ်လေ... သိတယ် မဟုတ်လား၊ အဲဒါကြောင့် စိုစိုစိုစိနဲ့ ချမ်းမှာပေါ့လို့ မေးကြည့်တာပါ ..."

သွေးရိပ်က လူသိလူတတ်ကြီးစတိုင်လ်ဖြင့် ခပ်မိန့်မိန့်ပြုး၍ ပြောလိုက်သည်။ ထိုအခါ တိမ်လွှာဖြူ၏ဖခင်က စိတ်ပျက်လက်ပျက်ဟန်ဖြင့် ခေါင်းခါပါသည်။

"ဘာများလဲလို့ကွာ ... ငါပြောတဲ့ ဧရာဝတီဆိုတာက ဧရာဝတီမြစ်ကို ပြောတာ မဟုတ်ဘူးကွ၊ ဧရာဝတီတိုင်းကို ပြောတာ ..."

"ဗျာ..."

"မင်းပြောမှပဲ ငါတို့မိသားစုလည်း မြစ်ရေထဲ ဆင်းစိမ်ခဲ့ရတဲ့ဘဝ ရောက်သွားတော့တယ်ကွာ..."

နောက်ဆက်တွဲစကားကြောင့် အားလုံး မထိန်းနိုင်ဘဲ ရယ်ကြလေသည်။ သွေးရိပ်ကတော့ သူ့ဖော်လို တိမ်းစောင်းသွားသဖြင့် ရှက်နေ၏။ တိမ်လွှာဖြူကပါ သူ့ကိုကြည့်ပြီး ရယ်နေသဖြင့် အနေရပိုခက်နေသည်။

ဘာပဲဖောဖော ထိုနေ့က တိမ်လွှာဖြူတို့ မိသားစုနှင့် သူ ရင်းနှီးမှုတွေ အတော်အတန် ဖြစ်ထွန်းခဲ့သည်။ အပြန်လမ်းမှာပင် ခြေလှမ်းတွေက မသယ်ချင်သယ်ချင် ဖြစ်နေ၏။ တိမ်လွှာဖြူက အာရုံထဲအထိ ရူးရူးရှရှ



ငြိတွယ်ကာ လိုက်ပါလာသည်။

သေချာပါသည်။ သူသည် သူမကြောင့် လျှင်မြန်ဖျတ်လတ်စွာ ချစ်တတ်သွားခဲ့လေပြီ။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

သွေးရိပ်သည် ဖွဲ့လမ်းစရာကောင်းသော ချည်နှောင်မှုမှာ လိုလိုလားလား အညှို့ခံချင်နေမိသည်။ မျက်လုံးနှစ်လုံးပွင့်တာနှင့် သူ့စိတ်အာရုံတွေက တိမ်လွှာဖြူထံ အလိုအလျောက် ပျံ့လွင့်နေသည်။ ညကလည်း တော်တော်နှင့် အိပ်မပျော်ပေ။ သူမအကြောင်း အတွေးများက သူ့ရင်ကို ထက်ထက်မြမြ လှီးကိုက်စားနေ၏။

သတိရမှုတို့ကို ကုစားဖို့ တိမ်လွှာဖြူရှိရာသို့ သွားရန် သူ ပြင်ဆင်လိုက်သည်။ ထိုအခိုက်မှာပဲ အိမ်ထဲသို့ သစ်ဆူးနှင့်ရသ ဝင်ချလာကြသည်။

"ဟိတ်ကောင်...အဝတ်အစား တောက်တောက်ပပနဲ့ပါလား ဘယ်ရွှေ့မလို့လဲ..."



www.burmeseclassic.com

www.burmeseclassic.com



“အဲ...”

သွေးရိပ် ရုတ်တရက် ဆွံ့အ,သွားသည်။ ပြီးမှ စဉ်းစား၍ မျက်နှာ ထားကိုမြင်ကာ ရှိုးဖို့ ကြိုးစားလိုက်သည်။

“မင်းတို့လာတာနဲ့ အတော်ပဲကွာ...ငါလည်း မင်းတို့ဆီ လာမလို့ ဘဲ...”

“ကိစ္စရှိလို့လား...”

“ရှိတာပေါ့ကွာ...ရှိတာမှ တကယ်အရေးကြီးတဲ့ ကေ့စ်ကွ”

“ဟုတ်လား...ဘာလဲ၊ ပြောစမ်းပါဦး”

သစ်ဆူးနှင့်ရသ စိတ်ဝင်စားသွားကြသည်။ သွေးရိပ်က ရုပ်တည်နှင့်...

“ငါ မနေ့က ဟိုအမြှာညီအစ်မတွေနဲ့ တွေ့တယ်၊ တွေ့တော့ သူတို့က ငါတို့ကို မပြတ်နိုင်ပုံပဲကွ... သူတို့ဆီ ဘာလို့မလာတာလဲ၊ စိတ်ဆိုးသွားတာလား ဘာညာနဲ့ အရင်ကဟာတွေကို လျှော့ချကြတယ်၊ မင်းတို့နှစ်ယောက်ကိုလည်း မေးနေတယ်”

“ဟာ...အဆင်လေးတွေတော့ ကြွေနေပြီထင်တယ် ရသရေ”

“အေး အေး ... ဒီလိုပဲ ဖြစ်ရမယ်လေ၊ အခုတော့ သူတို့ နှလုံးသားရဲ့ အလိုဆန္ဒကို သူတို့ မလွန်ဆန်နိုင်တော့ဘူး မဟုတ်လား၊ သိနေတယ်လေ သိနေတယ် ...”

သစ်ဆူးနှင့်ရသ သွေးနားထင် ရောက်သွားကြသည်။ သွေးရိပ်က လည်း ဆက်လက်၍ ပင့်တင်ပေးလိုက်သည်။

“အဲဒီကောင်မလေးတွေက အခုမနက် ငါတို့ကို ချိန်းလိုက်တယ်ကွ၊ ဟိုတစ်နေ့က ငါတို့တွေ တွေ့တဲ့ဆိုင်မှာပဲ စောင့်နေပါတဲ့ ... သူတို့ လာခဲ့မယ်တဲ့ ... သူတို့အမှားအတွက် ပြန်တောင်းပန်ချင်လို့ပါတဲ့၊ အဓိက,ကတော့ မင်းတို့နှစ်ယောက်ကိုပေါ့ကွာ...”

“ကြည့်စမ်း...သနားစရာကောင်းလိုက်တဲ့ ကောင်မလေးတွေကွာ၊ အချစ်စိတ်ကို မထိန်းနိုင်တော့လို့ ငါတို့ကို ပြန်ပြီး ခယဝပ်တွားနေတာ၊ ကျွတ် ကျွတ်...အေးပေါ့လေ...ငါတို့ကလည်း ကရုဏာ ရှေ့ထားပြီး ပြန်လိုက်လျောပေးရမှာပေါ့...”

သစ်ဆူးက ကြီးကြီးကျယ်ကျယ်တွေ လုပ်နေသည်။ ရသက

“ဟိတ်ကောင်တွေ... ငါတို့က သူတို့ကို မလိုက်တော့ဘူးလို့ ဆုံးဖြတ်ထားတာလေ... မေ့သွားပြီလား”

“ဟာ... ဟုတ်သားပဲ”

ရသစကားကြောင့် သစ်ဆူး အချိုးတစ်မျိုးပြောင်းသွားသည်။ သွေးရိပ်က ကပျာကသီ ဝင်ဖာလိုက်ရ၏။

“မင်းတို့ကလည်း အဲလိုတော့ မလုပ်ပါနဲ့ကွာ ... ကောင်မလေး တွေ သနားပါတယ် ... သူတို့ခမျာ အရှက်ကိုတောင်မငဲ့ဘဲ ဒီလောက် အောက်ကျနောက်ကျခံပြီး တောင်းပန်နေမှတော့ မင်းတို့ကလည်း မာနကို ခဝါချပြီး သွားလိုက်ပါကွာ...”

“သွေးရိပ်ပြောတာ ဟုတ်တယ်နော် ရသ ... သူတို့ ချိန်းတာကို မသွားရင် ငါတို့ အရမ်းရက်စက်ရာ ကျနေလိမ့်မယ်၊ လူကြီးလူကောင်း တွေပီပီ သူတို့ဆန္ဒလေး အထမြောက်သွားအောင် ဖြည့်ဆည်းပေးလိုက်ပါ့ မယ် ကွာနော်...”

“အေးလေ...ဒါဆိုလည်း သဘောထားကြီးကြီးထားပြီး ကူညီ ပေးရတာပေါ့ကွာ”



www.burmeseclassic.com

www.burmeseclassic.com



မတန်မရာတွေ ပြောနေသည့် သစ်ဆူးနှင့်ရသ၏ ပါးစပ်တွေကို သွေးရိပ် ဖြတ်ရိုက်ချင်နေမိသည်။ သို့သော် လမ်းလွဲသွားမှာစိုးသဖြင့် ဖောက်လက်စလမ်းကိုသာ အောင့်အီးသည်းခံပြီး ဆက်ဖောက်လိုက်ရသည်။

"ဒါဆိုလည်း ချိန်းထားတာ နောက်ကျနေဦးမယ်... မင်းတို့ သွားကြတော့လေ..."

"မင်းကကော မလိုက်ဘူးလား..."

"သွားနှင့်...နောက်က လိုက်ခဲ့မယ်၊ အခုလောလောဆယ် အမေ ခိုင်းထားတဲ့ကိစ္စတစ်ခု လုပ်ပေးစရာရှိသေးလို့၊ ပြီးတာနဲ့ ချက်ချင်း လာခဲ့မယ်... မင်းတို့နှစ်ယောက်က ပိုပြီးအရေးကြီးတာ... မြန်မြန်သာ သွား၊ ကောင်မလေးတွေ ကြာရင်လည်း မင်းတို့ စိတ်ရှည်လက်ရှည် စောင့်နေနော်၊ မိန်းကလေးတွေဆိုတာက သူတို့ချစ်တဲ့လူနဲ့ တွေ့ခါနီးရင် လှချင်လွန်းလို့ အရမ်းအလှပြင်ကြတာကွ...အဲဒါကြောင့် ကြာတတ်တယ်..."

"အေးပါကွာ...ငါ နားလည်ပါတယ်..."

"အဟီး...ရသတို့တော့ အိုရချည်သေးရဲ့"

နှစ်ယောက်သား စိတ်အားထက်သန်စွာဖြင့် ထွက်ခွာသွားကြ၏။ သွေးရိပ် သိသိပ်စွာ ပြုံးလိုက်လေသည်။ သူသွားမည့် ခရီးစဉ်မှာ ရှင်းလင်း အောင် သစ်ဆူးနှင့်ရသကို တမင်တကာ ပ,ထုတ်လိုက်တာ ဖြစ်သည်။

ဒါဟာ...သူငယ်ချင်းနှစ်ယောက်အပေါ်မှာ ပထမဦးဆုံး အကြိမ် သူ ကြောခြင်းဖြစ်၏။



သွေးရိပ်သည် တိမ်လွှာဖြူဆီသို့ မသွားခင် အိမ်အဝင် မျက်နှာပန်း လှအောင် အကြောင်းပြဖို့ ဆေးဆိုင်တစ်ဆိုင်သို့ အရင်သွား လိုက်သည်။ ပတ်တီးလိပ်တွေ၊ ဂွမ်းထုပ်တွေ၊ ဆေးတွေ ပေါပေါသီသီ ဝယ်ယူပြီးမှ တိမ်လွှာဖြူထံ သွား၏။

တိမ်လွှာဖြူက ခြံထဲမှ အပြာရောင် ဒန်းကလေးပေါ်တွင် တစ်မွေ့ တည်း စာထိုင်ဖတ်နေပါသည်။ ကပိုကရိုအလှနှင့် သက်သောင့်သက်သာ သူမ အမူအရာလေးက ရင်ခုန်နှစ်လိုဖွယ်ကောင်းနေ၏။ သွေးရိပ်သည် လျှာကို သပ်လိုက်ကာ...

"တိမ်လွှာဖြူ..."

သူမက စာဖတ်နေရာမှ မျက်လွှာကိုပင့်၍ ကြည့်သည်။

"ဪ... ကိုသွေးရိပ် လာလေ..."

တိမ်လွှာဖြူက ဒန်းကလေး၏တစ်ဘက်သို့ ကိုယ်လုံးလေးကို ရွှေ့၍ နေရာပေးသည်။ သွေးရိပ်သည် သူမနံဘေးမှာ အသာအယာ ဝင်ထိုင်လိုက်၏။ တိမ်လွှာဖြူက ဖတ်လက်စ စာအုပ်ကို ပိတ်၍ သွေးရိပ် လက်ထဲမှအိတ်ကို ကြည့်ကာ...

"ကိုသွေးရိပ်...အဲဒါ ဘာအထုပ်ကြီးလဲဟင်"

"တိမ်လွှာဖြူ သုံးဖို့ ပစ္စည်းတွေ ဝယ်လာပေးတာပါ..."

"ဘာတွေမို့လို့ ကျွန်မက သုံးရမှာလဲ ကိုသွေးရိပ်ရဲ့..."

"ဆေးနဲ့ ဂွမ်းထုပ်တွေလေ..."

"ရှင်..."

ပါးစပ်ကလေးအဟောင်းသားနှင့် တိမ်လွှာဖြူ၏ မျက်ဆံနက် ကလေး ပြူးထွက်လာသည်။ သွေးရိပ်ကတော့ အေးအေးဆေးဆေး

www.burmeseclassic.com

www.burmeseclassic.com



အိတ်ထဲမှ ပစ္စည်းတွေကို တစ်ခုချင်း ထုတ်နေသည်။

"မနေ့က လဲထားတဲ့အရှိန်ကြောင့် တိမ်လွှာဖြူ နာနေမှာပဲဆိုပြီး ဆေးတွေ၊ ငှမ်းထုပ်တွေနဲ့ ပတ်တီးလိပ်တွေ လာပို့ပေးတာပါ ..."

"ဪ..."

တိမ်လွှာဖြူက သက်ပြင်းကို မသိမသာ မှုတ်ချ၏။ သွေးရိုပ် ဝယ်လာသော ပစ္စည်းတွေကို သူမ ကြည့်လိုက်ရာ တပုံတပင် မနည်း မနောတွေ ဖြစ်သည်။ ဆေးဆိုင်မှာ ရှိသမျှ အကုန်ယူချလာသလားပင် ထင်ရသည်။

"ကိုသွေးရိုပ်ရယ် ... ရှင် ဝယ်လာတာတွေက များလှချည်လား"

"စေတနာပါဗျာ၊ ဒါတွေ ကုန်အောင် သုံးပေးပါ..."

"ဟင်း...ရှင့်စေတနာကြီးကလည်း ရှင့်ဟာတွေ ကုန်အောင်သုံးဖို့ဆိုရင် ကျွန်မ ကားတိုက်ခံပေးရမဲ့ပုံ ပေါက်နေပြီ...တကယ် မလွယ်တာဘဲ..."

တိမ်လွှာဖြူက ပြုံးမဲ့မဲ့လေးဖြင့် ပြောတော့ သွေးရိုပ် စိတ်ကြိုက် ရယ်လိုက်မိသည်။ ပြီးမှ ပတ်ဝန်းကျင်ကို အကဲခတ်၍ ဆင်ခြင်လိုက်သည်။

"အိမ်ထဲမှာ ဘယ်သူတွေရှိလဲဟင်..."

"ဘယ်သူမှ မရှိဘူး ... အမေရော အဖေရော အလုပ်သွားကြတယ်၊ သူတို့က ဝန်ထမ်းတွေလေ၊ မနေ့ကတောင်မှ ရုံးပိတ်ရက်မို့လို့ ရှင်နဲ့တွေ့တာ..."

"ဟာ...ဒါဆို ကောင်းတာပေါ့၊ ဂွင်ပဲ...သွားပစေ သွားပစေ"



"ရှင်နော်...ဘာကောင်းတာလဲ၊ ဘာဂွင်လဲ... ပြောစမ်းပါဦး"

တိမ်လွှာဖြူ၏ နှုတ်ခမ်းဖူးဖူးလေး စူသွားသည်။ သွေးရိုပ်က ဒါမျိုးမှာ မင်သေသည်။

"ဪ... ဂွင်ဆိုတာက လုပ်ငန်းခွင်ကို ပြောတာပါ... အလုပ်သွားတာပဲဥစ္စာ သွားပစေပေါ့ ... ဝန်ထမ်းဆိုတော့ ပုံမှန်ဝင်ငွေနဲ့ သိက္ခာလည်း ရှိတယ်လေ... အဲဒါကြောင့် လေးစားသမှုနဲ့ ကောင်းတာပေါ့လို့ ပြောတာပါ...အဟဲ"

ကလီကမာတွေဖြင့် မျက်နှာချိုသွေးနေသော သွေးရိုပ်ကိုကြည့်ကာ တိမ်လွှာဖြူ တိတ်တခိုး ပြုံးလိုက်၏။ သူနှင့် စကားပြောဆိုရသည့် အရသာတွင် သူမ ကြည်နူးမွေ့လျော်နေသည်။ သူ့အကြောင်းတွေကို အပျော်ဖတ် ဝတ္ထုတစ်ပုဒ်ထက် သာလွန်သော စိတ်ဝင်စားမှုမျိုးဖြင့် သူမ ဖတ်ကြည့်ချင်နေမိသည်။ ဒီဖြစ်စဉ်က သူမအတွက် နည်းနည်းတော့ ထူးဆန်းနေ၏။

"ကိုသွေးရိုပ်၊ ရှင်က ဘာအလုပ် လုပ်လဲဟင်..."

"မိဘတွေ ခိုင်းထားတာကို လုပ်ပါတယ်"

"ရှင့်မိဘတွေက ဘာခိုင်းထားတာလဲ..."

"ဘာမှ မခိုင်းပါဘူး..."

သွေးရိုပ်က ခပ်တည်တည်ပဲ ဖြေလိုက်သည်။ တိမ်လွှာဖြူ အံ့သြသွားသည်။

"ဟင်...ဒါဆို ရှင်က ဘာမှမလုပ်ဘူးပေါ့...ဟုတ်လား"

"ဟုတ်ပါတယ်...ကျွန်တော် အဲဒီလို ဖြေရမှာ ရှက်လို့ပါ"

"ဪ...အံ့ရောနော်"

www.burmeseclassic.com

www.burmeseclassic.com



တိမ်လွှာဖြူက သွေးရိပ်ကိုကြည့်၍ ကိုယ်လုံးလေး တသိမ့်သိမ့် တုန်ခါသည်အထိ စိတ်ပါလက်ပါ ရယ်လေသည်။ သွေးရိပ်က ရှုတင်းတင်းဖြင့်

"ကျွန်တော့်ကိုကျတော့ မေးနေတယ် ... ခင်ဗျားကကောဘာအလုပ်,လုပ်လဲ...ပြောစမ်းပါဦး"

"ကျွန်မလည်း ရှင်နဲ့ အတူတူပါပဲရှင်...ဘာအလုပ်မှ မလုပ်ပါဘူး"

တိမ်လွှာဖြူက ကွေ့ဝိုက်မနေဘဲ ရိုးရိုးရှင်းရှင်းပင် ဝန်ခံလိုက်သည်။ ထိုအခါ သွေးရိပ်က ပခုံးတွန့်၍ ပြုံး၏။

"အဲဒါလည်း ကောင်းတာပါပဲဗျာ..."

"ဘာဖြစ်လို့လဲ..."

"ဩော်...အသွင်တူမှ အိမ်သူဖြစ်တယ်ဆိုတဲ့စကား ရှိတယ်မဟုတ်လား..."

"အောင်မာ အောင်မာ...ရှင်နော်...ကဲလာတယ်"

တိမ်လွှာဖြူက သွေးရိပ်ကို မျက်စောင်းထိုးသည်။ ထိုမျက်စောင်းက လျှပ်တစ်ပြက်အတွင်းမှာပင် သွေးရိပ် ရင်ထဲသို့ ထိရောက်ပြီး အသေအချာထုပ်ပိုး သိမ်းဆည်းပြီးသား ဖြစ်သွား၏။

သူမ မျက်စောင်းတွင် ဓာတုပစ္စည်းများ လုံးဝ မပါဝင်တာတော့ သိပ်ကို သေချာပါသည်။

ထို့ပြင် ...

ထိုအချိန်မှာ ပျော်ရွှင်နေသည့် သွေးရိပ်သည် သစ်ဆူးနှင့်ရသ၏ တက်ခေါက်သံများအား လုံးဝ မကြားတာလည်း သိပ်ကို သေချာပါသည်။



သစ်ဆူးနှင့်ရသသည် အချိန်နှောင်းမှ သွေးရိပ်၏ လှည့်စားမှုကို သူတို့ ခံလိုက်ရကြောင်း ကောင်းကောင်းကြီး သဘောပေါက်သွားကြ၏။

"ဟိုကောင်တော့ ငါတို့ကို ချောက်ချလိုက်ပြီ ရသရေ..."

"အေး... အဲဒီကောင်ကို ပညာပြန်ပေးရမယ်..."

သစ်ဆူးနှင့်ရသသည် သွေးရိပ်အား ပညာပြန်ပေးဖို့အတွက် ခေါင်းချင်းဆိုင်တိုင်ပင်ကာ အသေးစိတ်အစီအစဉ် ရေးဆွဲကြလေသည်။

သူတို့နှစ်ယောက်သည် ကောက်ကျစ်ယုတ်မာမှု မပါဘဲ လိမ်ညာရန် ကြံစည်လိုက်ကြ၏။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

ဖုံးကွယ်မှုကင်းကာ အမြဲပွင့်လင်းသော သူငယ်ချင်းသုံးယောက်ကြားတွင် လျှို့ဝှက်မှုတစ်ခုက အေးစိမ့်စွာဖြင့် စတင်ပေါ်ပေါက်လာလေသည်။ ထိုလျှို့ဝှက်မှုမှာ တိမ်လွှာဖြူဆိုသော မိန်းကလေးပင်ဖြစ်၏။

သွေးရိပ်သည် သူနှင့် တိမ်လွှာဖြူ၏ ပတ်သက်မှုကို သူငယ်ချင်းနှစ်ယောက်အား ပြောပြလိုက်လျှင် ကန့်ကွက်မှာ စိုးရိမ်နေသည်။ အမြွာညီအစ်မတွေတုန်းကလိုမျိုး ဆက်မလိုက်ဖို့ ပြောဆိုကာ တားမြစ်ပိတ်ပင်လာမှာလည်း ကြောက်နေသည်။ ဒါကြောင့် တိမ်လွှာဖြူနှင့် ပတ်သက်သမျှ သူငယ်ချင်းနှစ်ယောက်အား ခေါက်ထားခြင်း ဖြစ်သည်။

အား အားရှိတာနှင့် သူ့စိတ်တွေက တိမ်လွှာဖြူထံသာ ရောက်နေသည်။ ဆွဲအားပြင်းသော သံလိုက်တုံးအား သံစမှုန်လေးများ အတွင်း

www.burmeseclassic.com

www.burmeseclassic.com



တွယ်ကပ်ကြသကဲ့သို့ တိမ်လွှာဖြူ၏ အနီးဆုံးမှာ သူ ထာဝရ တွယ်ကပ်နေချင်မိပါသည်။

ဒီနေ့လည်း အကြောင်းပြစရာ မရှိပေမဲ့ တောင့်တမှုကို ရှေ့တန်းတင်ကာ တိမ်လွှာဖြူဆီသို့ သူ ထွက်လာခဲ့ပြန်၏။ သူမသည် သူနှင့် တစ်လမ်းတည်း ဖြစ်နေတာကိုက ဘုရားပေးသော ကံကောင်းခြင်းလက်ဆောင် ဖြစ်ပေလိမ့်မည်။

"တိမ်လွှာဖြူ..."

ဖွင့်ထားသော ခြံတံခါးမှ ရဲရဲတင်းတင်းပင် သွေးရိပ် ဝင်လိုက်သည်။ အပြာရောင် ဒန်းကလေးသည် မနေ့ကလိုမဟုတ်ဘဲ လူရှင်းကာ ဝန်ပေါ့နေ၏။

"တိမ်လွှာဖြူ..."

အိမ်ထဲမှလည်း ပြန်ထူးသံမကြားရ။ သေချာကြည့်မိမှ အိမ်တံခါးကို သော့ခတ်ထားမှန်း သတိပြုမိသည်။ ခြံတံခါးအား ဖွင့်လျက်သားထားခဲ့တာမို့ ဝေးဝေးလံလံ မသွားလောက်ဟု ယူဆကာ ဒန်းပြာလေးပေါ်မှာပင် ထိုင်၍ သူမ ပြန်အလာကို သူ စိတ်ရှည်လက်ရှည် စောင့်မျှော်နေလိုက်သည်။

"ဟာ...ဟိုကောင်တွေ..."

အိမ်ရှေ့မှ ဖြတ်သွားသော သစ်ဆူးနှင့်ရသကို မြင်လိုက်သဖြင့် သွေး ရိပ် ရင်ထိတ်သွားသည်။ သို့သော် သစ်ဆူးနှင့်ရသက ဒီအိမ်ဘက် လှည့် မကြည့်ဘဲ သူတို့လမ်း သူတို့ဆက်လျှောက်သွားကြ၏။

မနေ့ကကိစ္စနှင့် ပတ်သက်ပြီး သစ်ဆူးနှင့်ရသ သူ့ကို တင်းနေမှာတော့ သေချာသည်ဟု သွေးရိပ် တွေးမိလိုက်သည်။ အချင်းချင်း



သံယောဇဉ် အတိုင်းအတာကို နားကျအောင် သိပြီးသားမို့ သူ မှား[illegible] နှစ်ယောက်တစ်ယောက် မလိမ့်တပတ် လုပ်နိုင်သဖြင့် ပျော်ပင်ပျော်မိသေးတော့သည်။

"ကလင်..."

ဘဲလ်သံနှင့်အတူ စက်ဘီးကိုစီး၍ တိမ်လွှာဖြူ ခြံထဲသို့ ဝင်လာသည်။

"ဟယ်...ကိုသွေးရိပ်ပါလား"

သူ့ကိုမြင်တော့ သူမ အံ့အားသင့်သွား၏။ စက်ဘီးကို တုံ့ခနဲ ရပ်ပစ်လိုက်သည်။

"ပြောစမ်းပါဦး... ဒီနေ့ရဲ့ လာရင်းကိစ္စလေး"

"ဘာကိစ္စမှ မရှိပါဘူးဗျာ၊ တိမ်လွှာဖြူကို သတိရလို့ တွေ့ချင်ရုံသက်သက်နဲ့ လာတာပါ ..."

သူမ မေးခွန်းအား သွေးရိပ် အရိုးသားဆုံး ဝန်ခံလိုက်သည်။ ထို အတွက် အနည်းငယ်တော့ ရှက်သလို ဖြစ်မိ၏။ တိမ်လွှာဖြူက စက်ဘီးကို ဒေါက်ထောက်၍ နောက်ကယ်ရီယာခုံပေါ်မှာ တင်ပါးလွှဲလေး ထိုင်နေသည်။ သူမ၏ ခန္ဓာကိုယ်အချိုးအဆစ်တွေက သူ့အမြင်မှာ ထင်ထင်ပေါ်ပေါ် လှနေပါသည်။

"ခုနက ဘယ်သွားတာလဲ..."

"စာအုပ်သွားငှားတာလေ၊ အိမ်မှာက တစ်ယောက်တည်း နေရတော့ ပျင်းတယ်ရှင်၊ အဲဒါကြောင့် စာအုပ်တွေကိုပဲ အဖော်လုပ်နေရတာ"

စက်ဘီးခြင်းထဲသို့ ကြည့်လိုက်ရာ မဂ္ဂဇင်းစာအုပ်တစ်အုပ်နှင့် ဝတ္ထု စာအုပ်နှစ်အုပ်ကို တွေ့လိုက်ရ၏။ အချစ်ဝတ္ထုတွေ ဖတ်[illegible]ရှိသော

www.burmeseclassic.com

www.burmeseclassic.com



သူမ၏ အချစ်အကြောင်းကို သူ့အတွက် စိုးရိမ်စွာဖြင့် သွေးရိပ် သိချင်သွားသည်။

"တိမ်လွှာဖြူ …တိမ်လွှာဖြူမှာ ရည်းစားရှိလားဟင်.."

"အို … ကပ်သီးကပ်သပ် … ဘာကိစ္စ အဲဒါကြီး ရှိရမှာလဲ"

သူမ၏ ဆောင့်နင့်နင့် အသံလေးကြောင့် သွေးရိပ် ရင်ထဲမှာ အေးမြသွားသည်။ သူ့အတွက် မျှော်လင့်စရာကိစ္စတွေက ပိုမိုသေချာလာပြီ ဖြစ်သည်။

"စာအုပ်တွေကိုပဲ အဖော်လုပ်နေရတာဆိုတော့ သူငယ်ချင်းတွေ မရှိဘူးလား…"

"အရင်နေရာမှာတော့ ရှိတာပေါ့…ဒီကို ပြောင်းလာတာက ရက်ပိုင်းပဲရှိသေးတော့ ဒီနေရာမှာတော့ သူငယ်ချင်း မရသေးဘူး…"

"တစ်ယောက်တော့ ရပါပြီ…"

"ဘယ်သူလဲ…"

"ကျွန်တော်လေ…"

သွေးရိပ်က သူ့ရင်ဘတ်သူ လက်မညွှန်၍ ပြောလိုက်သည်။ ကိုအခါ တိမ်လွှာဖြူက ပြုံး၍ ခေါင်းကလေးညိတ်၏။

"ဟုတ်ပါတယ် … ဒါပေမဲ့ အဲဒီသူငယ်ချင်းကို ရဖို့ လက်သီးနဲ့ တစ်ချက် အထိုးခံရတာတော့ လုံးဝမတန်ဘူး …"

သူမ၏ ခနဲ့မှုကြောင့် လက်သီးစာ ကျွေးထားသည့် ပါးပြင်လေးကို သွေးရိပ် ငေးကြည့်လိုက်မိသည်။ အရေပြား ပါးလွှာသော ပန်းနုရောင်ပါးပြင်လေးပေါ်မှာ ရင်ခုန်စရာ အကြောစိမ်းစိမ်းလေးတွေ ယှက်သန်းနေကြ၏။ ဒီလို ကြွေရုပ်ကလေးတစ်ရုပ်ထံမှ ခင်မင်မှုကို လွယ်လွယ်



ကူကူ ရရှိလိုက်သဖြင့် သွေးရိပ် စိတ်ကြီးဝင်ချင်နေပါသည်။

သစ်ဆူးနှင့်ရသသော သီလျှင် သူ့ကို မနာလို ဖြစ်ကြဦးမည်ဟု တွေးကာ ပီတိတော့ဖြစ်မိ၏။

"တိမ်လွှာဖြူကို ပြောပြရဦးမယ် … ကျွန်တော့်မှာ သစ်ဆူးနဲ့ ရသဆိုတဲ့ သူငယ်ချင်းနှစ်ယောက်ရှိတယ်၊ ကျွန်တော်တို့သုံးယောက်က တစ်ယောက်ကိုတစ်ယောက် အရမ်းချစ်ကြတာ …"

သွေးရိပ်က သူတို့သူငယ်ချင်းသုံးယောက်၏ ခိုင်မာသော သံယောဇဉ်နှင့် ဗရုတ်ကျပုံများကို တိမ်လွှာဖြူအား ပြောပြလိုက်သည်။ ရှေ့ရေးအတွက် လိပ်ပြာလုံချင်သဖြင့် အမြွှာညီအစ်မသုံးယောက်နှင့် ပတ်သက်ခဲ့ပုံများကိုလည်း မခြွင်းမချန် အသိပေးလိုက်သည်။ တိမ်လွှာဖြူက သူ ပြောသမျှကို ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေပါ၏။

"ကျွန်တော်တို့သုံးယောက် ပျင်းရင်တော့ … တစ်အိမ်အိမ်မှာ စုပြီး ဗင်ဂို ကစားကြတယ်…တိမ်လွှာဖြူ ဗင်ဂို ကစားတတ်လား"

"ဟင့်အင်း…ကြားတောင် မကြားဖူးဘူး…"

"အဲဒီကစားနည်းက ပျော်စရာကောင်းတယ်ဗျ… တိမ်လွှာဖြူကလည်း အဖော်မရှိဘဲ ပျင်းနေတာဆိုတော့ ကျွန်တော်တို့နှစ်ယောက် အဲဒါ ကစားကြမယ်လေ…"

"ကျွန်မမှ မကစားတတ်တာ…"

"အဲဒီအတွက်တော့ မပူပါနဲ့၊ အဲဒီကစားနည်းက လွယ်ပါတယ် … တိမ်လွှာဖြူကို ကျွန်တော် သင်ပေးမှာပေါ့ … ဘယ်လိုလဲ"

"အင်း…အဲဒါဆို ကောင်းသားပဲ"

တိမ်လွှာဖြူက မေးလေးဆတ်ပြသည်။ သွေးရိပ်က ဒန်းကလေး

www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှ ထ,လိုက်သည်။

"ဒါဆို ခဏနော်… ကျွန်တော် အိမ်ပြန်ပြီး ကစားဖို့ ပစ္စည်းတွေ ယူလိုက်ဦးမယ်…"

သွေးရိုပ်သည် သူ့အိမ်သို့ လျှင်မြန်စွာ ပြန်သွားလိုက်သည်။ တိမ်လွှာဖြူနှင့် သူ့ကြားတွင် ဆက်ဆံစရာကိစ္စတစ်ခု ရလာသဖြင့် သွေးရိုပ် ကျေနပ်နေသည်။ သူသည် မိန်းကလေးတစ်ယောက်နှင့် အနီးကပ် ပတ်သက်ခွင့်ကို အမွန်တမြတ် တန်ဖိုးထားတတ်နေပြီ ဖြစ်၏။

သွေးရိုပ် အိမ်ရောက်တော့ သူ့မိခင် ဒေါ်အေးမြင့်က မျက်နှာထား တင်းတင်းဖြင့် စောင့်ကြိုနေလေသည်။

"သွေးရိုပ်…"

"ဗျာ…မေမေ"

"မေမေတွေ ဘာတွေ လုပ်မနေနဲ့ …ဟိုတိုင်ကို သွားဖက်စမ်း"

ဒေါ်အေးမြင့် လေသံက မာနေသည်။ သွေးရိုပ်နားမလည်နိုင်အောင် ဖြစ်သွားသည်။

"သားက ဘာဖြစ်လို့ တိုင်ကို ဖက်ရမှာလဲ မေမေရဲ့… မဖက်ချင်ပါဘူး…"

"နင် ငါ့ကို ဘာမှ ပြန်မပြောနဲ့ …တိုင်ကို ဖက်ဆိုဖက်"

"ဟုတ်… ဟုတ်ကဲ့"

ခက်ထန်နေသော မိခင်ဖြစ်သူ၏ မျက်နှာအားကြည့်၍ ဘုမသိ ဘမသိဖြင့် သွေးရိုပ် တိုင်ပင်ကို သွားဖက်လိုက်ရသည်။ သူသည် ငယ်စဉ်ကတည်းကပင်၊ ဖခင်ထက် အရိုက်သန်သော မိခင်ကို ပိုကြောက်ရ၏။ ဒေါ်အေးမြင့်က ကြမ်းတိုက်သည့် ကြက်မွေးကိုယူကာ…



"သွေးရိုပ်… နင်ဟာလေ ကောင်းကောင်းထားလို့ ကောင်းကောင်း မနေချင်ဘူး…မိဘမျက်နှာကို အိုးမဲသုတ်တဲ့ကောင်… ကဲဟယ်… ကဲဟယ်…"

ဒေါ်အေးမြင့်က ကြက်မွေးမှ ကြိမ်ဖြင့် သွေးရိုပ်၏ တင်ပါးနှင့် ခြေသလုံးသားတို့ကို တရွှမ်းရွှမ်း တဖျန်းဖျန်း ရိုက်နှက်လေသည်။ ရိုက်ချက်က အတော်ပက်စက်၏။ တိုင်ပင်ကို ဖက်ထားသည့် သွေးရိုပ်ခမျာ တအီးအီး တအားအား အော်ဟစ်နေရှာသည်။

"အား… နာတယ်ဗျ အမေရ… သားကို ဘာဖြစ်လို့ ရိုက်တာလဲ၊ သားက မေမေတို့မျက်နှာကို အိုးမဲနဲ့ သုတ်ဖို့နေနေသာသာ ထုံးနဲ့တောင် တို့ဖူးလို့လား… သားမှာ ဘာအပြစ်ရှိလို့လဲဗျာ…"

"နင် ဘာမှ လိမ်မနေနဲ့ … ခုနကပဲ ကောင်မလေးတစ်ယောက် အိမ်ကို ဖုန်းဆက်ပြီး တိုင်တယ်၊ နင်က သူ့ကို လမ်းလယ်ခေါင်မှာ ဆွဲလား ရမ်းလားလုပ်ပြီး အတင်းဖက်နမ်းသွားတယ်ဆို… သူများသားသမီးကို နင် အဲဒီလို လုပ်စရာလား"

"ဗျာ…"

သွေးရိုပ် အူတူတူလေး ဖြစ်သွားသည်။ သူ့နှာခေါင်းသူ ပြန်စမ်းရင်း ဒီဖြစ်ရပ်မှာ တစ်ခုခု မှားယွင်းနေပြီဆိုတာ အတပ်သိလိုက်သည်။

"အဲဒါ မဟုတ်သေးဘူး မေမေ…သား ဘယ်ကောင်မလေးကိုမှ ဖက်မနမ်းဘူး"

"ဒါဆို မဖက်ဘဲ နမ်းတာပေါ့လေ…ဟုတ်လား"

"မ… မဟုတ်ပါဘူး မေမေ… သား ဘယ်လိုမှလည်း မနမ်းပါဘူး၊ အခုအချိန်ထိ သားနှာခေါင်းဟာ စင်စင်ကြယ်ကြယ်ပဲ ရှိပါသေး

www.burmeseclassic.com

www.burmeseclassic.com



တယ်... သားပြောတာ ယုံပါ အမေရယ်...သား ကျိန်ဆို ကျိန်ဝံ့ပါတယ်၊ ဘုရားစူး ရပါစေရဲ့ ...”

သွေးရိပ်သည် ... မိခင်ဖြစ်သူကို လက်အုပ်ကလေးချီကာ တောင်းတောင်းပန်ပန် ပြောနေ၏။ သူ့ခမျာ မစားရ ညှော်ခံရုံသာမကဘဲ ကြိမ်နှင့်ပါ အဆော်ခံလိုက်ရတာ ဖြစ်သည်။ ချစ်တဲ့သူနှင့် အတူကစားဖို့ ကစားစရာ လာယူရင်း ကိုယ်ကျူးလွန်သည့် ပြစ်မှုအတွက် အပြစ်ပေး ခံနေရသဖြင့် သွေးရိပ် အောင့်သက်သက် ဖြစ်နေရှာ၏။

ဒေါ်အေးမြင့်က မိဘကို မလိမ်ညာတတ်သည့် သားဖြစ်သူအား ကြည့်ကာ ဆက်မရိုက်တော့ဘဲ ခေါင်းရှုပ်စွာဖြင့် တွေတွေကြီး ရပ်နေလေသည်။ ပြီးတော့... ညည်း၏။

“ဒါဆို... ငါ့ကို ဖုန်းဆက်တိုင်တဲ့ ကောင်မလေးက ဘယ်သူများပါလိမ့်...”

“တခြားလူ မဟုတ်ပါဘူး အမေ...အဲဒါ သားတို့နှစ်ယောက် အသံဖျက်ပြီး ဆက်လိုက်တာပါ...”

“ဟင်...”

စပ်ဖြဲဖြဲရုပ်တွေဖြင့် သစ်ဆူးနှင့်ရသ အိမ်ထဲဝင်လာကြသည်။ ဒီတော့မှ မနေ့က သူတို့ကို ဘက်လိုက်သည့်အတွက် သူ့ကို ပညာပြန်ပြတာမှန်း သွေးရိပ် သဘောပေါက်သွားသည်။

“ဟိတ်ကောင်တွေ ... မင်းတို့က ငါ့ကို ဒုက္ခပေးတယ်ပေါ့လေ၊ ဟုတ်လား...”

“မင်းကကော... ဘာထူးလို့လဲ၊ မနေ့က ငါတို့နှစ်ယောက်ကို ဒုက္ခ ပေးလိုက်တာပဲလေ”



“ငါတို့နှစ်ယောက်မှာတော့... ကောင်မလေးတွေ အလှပြင်နေလို့ ကြာနေတာထင်ပြီး တမျှော်မျှော်နဲ့ ထိုင်စောင့်လိုက်ရတာ ထမင်းစားချိန်ကို ကျော်ရောပဲ... မနေနိုင်တဲ့အဆုံးကျမှ ဆိုင်ကို လိုက်သွားတာ ...ဟိုရောက်တော့ အရက်ကို ကွဲကရောပဲ... ကောင်မတွေက ငါတို့ကို နှစ်ပြား မတန်အောင်ပြောပြီး ဟောက်လွှတ်တာ ခံလာရတယ်...”

သစ်ဆူးနှင့်ရသက သူတို့ဒုက္ခတွေကို ပြန်လည်ဖွင့်ဟကြသည်။ သွေးရိပ်က စပ်ဖျင်းဖျင်း နာနေသော သူ့တင်ပါးကို ပွတ်၍ ...

“မင်းတို့က ပါးစပ်နဲ့ ပြောတာတင် ခံလာရတာကွ... ငါ့မှာ ကြိမ်လုံးနဲ့ပါ အနှာခံရတာ...လုံးဝ မကျေနပ်ဘူး... မင်းတို့နှစ်ကောင်ကို ငါ ပြန်နှံ့မယ်...”

သွေးရိပ်က ဒေါ်အေးမြင့် လက်ထဲမှ ကြက်မွေးကိုယူ၍ သစ်ဆူးနှင့် ရသအား လိုက်ရိုက်သည်။ သစ်ဆူးနှင့်ရသက လျှာထုတ်၍ လက်[illegible]လေးတွေ ကွေးကာကွေးကာဖြင့် သွေးရိပ်ကို ပြောင်လှောင်သရော်ပြီး ခြံထဲမှာ လှည့်ပတ်ပြေးကြလေသည်။

သူတို့သည် အမျက်ဒေါသ ကင်းမဲ့စွာဖြင့် အပျော်တမ်း ကစားနည်းတစ်မျိုး ကစားနေတာ ဖြစ်ပါသည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

လေ့ကျင့်သင်ကြားစရာမလိုသော တတ်မြောက်ခြင်းတစ်မျိုးဖြင့် တိမ်လွှာဖြူသည် သွေးရိုပ်၏ ရင်ထဲတွင် ခိုင်ခံ့စွာ အမြစ်စွဲ ရှင်သန်နေပြီ ဖြစ်သည်။

ဗင်ဂိုကစားနည်းကို အကြောင်းပြု၍ သွေးရိုပ်နှင့် တိမ်လွှာဖြူ၏ ဆက်ဆံရေး အခြေအနေသည် သဘောကျစရာ နွေးထွေးလာ၏။ အဖော်မရှိသော တိမ်လွှာဖြူအတွက် သွေးရိုပ်သည် ပျင်းရိဖွယ်အချိန်များကို ဖြေဖျောက်ပေးတတ်သည့် အဖော်ကောင်းတစ်လက် ဖြစ်နေသည်။ သူတို့၏ မရိုးအီနိုင်သော ဆုံတွေ့မှုမှာ အပြာရောင်ဒန်းကလေးသာ ဖြစ်တော့၏။

www.burmeseclassic.com

www.burmeseclassic.com



သွေးရိပ်သည် ဗင်ဂိုကစားနည်းကို သင်ကြားပေးရသည့် ကောင်မလေးထံမှ အချစ်ဆိုသော ဘာသာရပ်ကို ပြန်လည်သင်ယူလေ့လာနေရသည်။ အပြင်းစား အချစ်ဝတ္ထုတွေကို အဖတ်များသော သူမသည် အနည်းငယ် ကြွေနေ့ပျက်ယွင်းနေသည့် သူ့ခံစားမှုများအား ပါးနပ်စွာ ရိပ်စားမိနေပေလိမ့်မည်။

"တိမ်လွှာဖြူ..."

သွေးရိပ်၏ ခေါ်သံကြောင့် ခေါင်းငုံ့၍ ဗင်ဂိုကစားနေရာမှ တိမ်လွှာ ဖြူက မော့ကြည့်သည်။ ထိုအခါ သူမကို စိုက်ကြည့်နေသည့် သွေးရိပ်၏ အကြည့်စူးစူးအား ရင်ဆိုင်လိုက်ရ၏။ သူက ...

"တိမ်လွှာဖြူကို ကြည့်ရင်းလေ ကျွန်တော် တစ်နေ့တခြား ပီယ ခာတ်တွေ များများလာတယ်ဗျာ..."

"ရှင်..."

ဖြန်းစားကြီး ပြောချလိုက်သော သူ့စကားကို သူမ ဘာသာမပြန်တတ်အောင် ဖြစ်သွားသည်။ သူသည် ညို့ရီစွာ...

"ဟုတ်တယ်ဗျာ...တကယ်သေချာတယ်၊ ခင်ဗျားကို ကျွန်တော် မသိမသာ ချစ်နေမိပြီ"

အို... ချစ်တာတောင်မှ မသိမသာနဲ့တဲ့။ အသည်းယားစရာကောင်းလိုက်တာနော်...။ တိမ်လွှာဖြူ မခံချိမခံသာလေး ဖြစ်သွား၏။ မျက်နှာပြင်သည်လည်း ရှက်စိတ်ကြောင့် ပူနွေးရှိန်းမြကာ ခပ်အမ်းအမ်း ဖြစ်သွားရလေသည်။

"တိမ်လွှာဖြူရယ် ... သနားသောအားဖြင့်ပဲဖြစ်ဖြစ် ကျွ်ကို ပြန်ချစ်ပေးပါနော်..."



သွေးရိပ်က တိမ်လွှာဖြူ၏ လက်ကလေးတစ်ဖက်ကို ဖမ်းဆုပ်ကိုင်လိုက်သည်။ စောစောက ငြိမ်နေသော တိမ်လွှာဖြူက အခုမှ ရုန်းဖယ်လာသည်။

"အဲလို မလုပ်နဲ့လေ..."

သွေးရိပ်က လိမ္မာသည်။ တိမ်လွှာဖြူ၏ လက်ကလေးကို လွှတ်ပေးလိုက်သည်။ သို့သော် ပခုံးသားနုနုလေးတွေကိုတော့ဖြင့် သူ့လက်နှစ်ဖက်နှင့် ပွေ့ပစ်လိုက်၏။ တိမ်လွှာဖြူ၏ ကိုယ်လုံးလေး ဆတ်ခနဲ တုန်ခါသွားရှာသည်။

"အို ... ဘာလုပ်တာလဲ"

"အဲလိုမလုပ်နဲ့ဆိုတော့ လက်ကိုကိုင်တာ မကြိုက်ဘူးထင်လို့ ပခုံးကို ကိုင်တာပါ..."

"အာ...ခက်တော့တာပဲ..."

တိမ်လွှာဖြူက ယဲ့ယဲ့လေး ညည်းတွားသည်။ သူမ ဖီလင်တွေ များနေသည်။

"လက်ကို မကိုင်ခိုင်းတိုင်း ပခုံးကို ကိုင်စရာလားရှင့်... ဘယ်ကိုမှ မကိုင်နဲ့...သွား"

"ဟင့်အင်းဟာ...ကိုင်မှာပဲ"

သွေးရိပ်က ဇွတ်ကြီး လုပ်နေသည်။ တိမ်လွှာဖြူက သူမ ပခုံးအား ကိုင်ထားသော သွေးရိပ်လက်တွေကို ဆွဲဖြုတ်သည်။ မရရေးချ မရ။ ပြုတ်တူနှင့် ညှပ်ထားသကဲ့သို့ စေးစေးပိုင်ပိုင် ချုပ်ထား၏။ စိတ်လှုပ်ရှားမှုနှင့် အတူသူမ ရင်တွေနိမ့်ချည် မြင့်ချည် တသိမ့်သိမ့် ခုန်ဟာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ တွန်းထိုးရုန်းကန်ရွေ့လျားမှုများကြောင့် ဒန်းပြာကလေးမှာတော့ လူးလွန့်ယိမ်းနွဲ့နေရ၏။

"လွှတ်လေ..."

"ကျွန်တော့်ကို ချစ်တယ်လို့ပြောရင် လွှတ်မယ်..."

သွေးရိပ်က အကြုပ်ကိုင်သည်။ လှိုက်ဖိုမောလျှစွာ ရင်ခုန်ရလွန်းသဖြင့် တိမ်လွှာဖြူ မနေနိုင်တော့ပါ။ သူ့အပေါ်မှာ သူမ နှစ်နှစ်ကာကာယိမ်းယိုင်နေပြီဆိုတာလည်း သူမဘာသာ သိပါ၏။ သို့သော် ဈေးမကျချင်သဖြင့် အနည်းငယ် ပဲများလိုက်ပါသည်။

"မိန်းကလေးတစ်ယောက်ရဲ့ အချစ်ကို ဒီလို လွယ်လွယ်နဲ့တော့ဘယ်ရမလဲရှင့်..."

"ဒါဆို ခက်အောင် ဘယ်လိုလုပ်ဦးမှာလဲ..."

"ရှင့်ကို ကျွန်မ စုံမဖွက်မယ်...မှန်အောင်ပြောနိုင်ရင် ရှင်လိုချင်တဲ့ အဖြေကို ရပြီလို့သာ မှတ်လိုက်... မမှန်ရင်တော့ ရှင်လိုချင်တာနဲ့ ဆန့်ကျင်ဘက်ကို သတ်မှတ်လိုက်တော့၊ ရှင့်ထိုက်နဲ့ ရှင့်ကံပဲပေါ့"

"ဟာ...ဒီလိုလုပ်တာတော့ မတရားဘူးဗျာ"

သွေးရိပ် စိတ်အလိုမကျစွာ ခေါင်းခါသည်။ တိမ်လွှာဖြူက သူမ စကားကို ပြန်မပြင်ချေ။

"ဒါကတော့ ရှင့်သဘောပဲလေ၊ အဲဒီလိုမှ မလုပ်ရင်တော့ ကျွန်မအဖြေကို တခြားနည်းနဲ့ သိရဖို့ ရှင် မမျှော်လင့်နဲ့တော့"

သူမက တစ်ဖန် ပြန်အကြုပ်ကိုင်နေသည်။ သွေးရိပ် ခေတ္တတုံ့ဆိုင်း သွား၏။ ခဏကြာမှ စိတ်လျှော့လိုက်ဟန်ဖြင့်

"ကဲဗျာ၊ ဒါဆိုလည်း ခင်ဗျား ပြောသလိုပဲ လုပ်မယ်ဗျာ



ကျွန်တော်က အမြဲ ကံကောင်းတတ်ပါတယ်လေ"

သွေးရိပ်၏ သုန်သုန်မှုန်မှုန် မျက်နှာကိုကြည့်၍ တိမ်လွှာဖြူ ပြုံးလိုက်မိသည်။ ထို့နောက် မြေပြင်ပေါ်မှ ကျောက်စရစ်ခဲလေးများကို လက်တစ်ဆုပ်ခန့် ကုန်း၍ကောက်၏။ ဒါတောင်မှ သွေးရိပ်က သူမပခုံးကို ကိုင်ထားတာ လွှတ်မပေးဘဲ ပူးတွဲကြီး လိုက်လှုပ်ရှားသည်။ အတော်စကားတည်တဲ့လူဟု ဆိုရပေလိမ့်မည်။

တိမ်လွှာဖြူက ကျောက်စရစ်ခဲလေးနှစ်ခဲကို သွေးရိပ် မမြင်အောင် သူမ ညာဘက်လက်ထဲမှာ ဝှက်ပြီး ကျန်တာတွေကို လွှင့်ပစ်လိုက်သည်။ ပြီးမှ လက်သီးဆုပ်ကလေးကို သွေးရိပ်ရှေ့သို့ ဆန့်တန်းပေးပြီး ...

"ကဲပြော... 'စုံ'လား၊ 'မ'လား ..."

သွေးရိပ်က ပါးစပ်ထဲ လက်ညှိုးထိုးစိုက်ကာ 'ဉ်ုဖွ' ဆိုပြီး နံကြားကို ထောက်လိုက်သေးသည်။ ပြီးမှ လက်ညှိုးလေး ထောင်ကာ အပိုင်ပြော ချလိုက်၏။

"မ,ဗျာ ဟုတ်တယ်မို့လား..."

ဟယ်တော့... သူ့အဖြေ မှားသွားပြီ...။ တိမ်လွှာဖြူ ဝမ်းနည်းသွားသည်။ မလိုအပ်ဘဲ ပဲများလိုက်မိသည့်အတွက် ကိုယ့်ပခုံးအားဆုပ်ကိုင်ထားသော အချစ်ကို လိုချင်ပါလျက်နှင့် လက်လွှတ်လိုက်ရပေတော့မည်။ သူမ နာကျင်စွာ နှမြောသွားမိ၏။ ဒီလိုတော့လည်း အဖြစ်မခံနိုင်ပါဘူးလေ...။

"ဟို...ဟိုလေ သေချာပြန်စဉ်းစားကြည့်ပါဦးလား...ဒါမဟုတ် တဲ့ နောက်တစ်ခုခုကိုပေါ့လေနော်..."

www.burmeseclassic.com

www.burmeseclassic.com



"အဲ..."

သူ တစ်ချက် တွေဝေသွားသေးသည်။ ပြီးမှ အတွေးပေါက်ပြီး (သူမ ပခုံးကို ကိုင်လျက်ဖြင့်) ဝမ်းသာအားရ ထ,ခုန်လေသည်။

"ဒါ...ဒါဆို...စုံ...စုံပေါ့နော်..."

"အဟင်း...ဟုတ်တယ်"

သူမ ရှက်လွန်းသဖြင့် ခေါင်းလေးငုံ့ကာ ညာလက်ဖဝါးလေးကို ဖြန့်ပြလိုက်၏။ သွေးရိပ်က ကျောက်စရစ်ခဲလေးနှစ်ခဲကို ကြည့်ပြီး ပြုံးသည်။ စုံမ,ဖွက်ရာတွင် အဖြေက စုံနှင့်မ နှစ်ခုတည်းသာရှိတာ မဟုတ်လား။

သူမမေတ္တာက ငြင်းမရအောင် ထင်ထင်ရှားရှား ပေါ်လွင်ပီပြင်နေတော့၏။ သွေးရိပ်က သူမ ပခုံးသားတွေကို ဖျစ်၍ သူမမျက်နှာအား မွတ်သိပ်စွာကြည့်ကာ ပြုံးစစနှင့် ...

"ဒါနဲ့များ တိမ်လွှာရယ် ... စောစောကတည်းက ချစ်တယ်လို့ ပြောလိုက်ရင် ပြီးနေတာကို ..."

"အို... ရှင်ကလည်း၊ မိန်းကလေးပဲဥစ္စာ ... ဒီလောက်တော့ မူဦးမှပေါ့ရှင်"

သူမအဖြေကို သူ သဘောကျစွာ ရယ်လိုက်မိပါသည်။

"ဒါဆို အခု မမူနဲ့တော့နော်..."

"အင်း..."

အဖြေရရင် လွှတ်ပေးပါမယ်ဆိုသော သွေးရိပ်က တကယ်တမ်း အဖြေလည်းရရော သူဆုပ်ကိုင်ထားသည့် တိမ်လွှာဖြူ၏ ပခုံးသားတွေကို ပိုမိုတင်းကျပ်စွာ ဆုပ်ကိုင်လာပြန်သည်။ အခုတော့ဖြင့် တိမ်လွှာဖြူကိုယ်



တိုင်ကလည်း စောစောကနှင့် မတူစွာ မရုန်းဖယ်တော့ပါ။ (လူတွေက အဲဒီလိုချည်းပါပဲ)

သွေးရိပ်က တိမ်လွှာဖြူ၏မျက်နှာကို စိုက်ကြည့်သည်။ တိမ်လွှာဖြူကလည်း သွေးရိပ်၏မျက်နှာကို စိုက်ကြည့်သည်။ သူတို့သည် အသစ်စက်စက် ကိုယ့်ချစ်သူ၏ အနက်ရောင်မျက်ဆံတွေထဲမှာ တိမ်းမှောက်ရန် ရဲရင့် နေကြသည့် ကိုယ်ပုံရိပ်ကိုယ် ပြန်မြင်နေရလေသည်။

"တိမ်လွှာရယ်..."

သွေးရိပ် ခန္ဓာကိုယ် ဆတ်ခနဲ တုန်သွားပြီး တိမ်လွှာဖြူကို ဆွဲဖွေ့ ပစ်လိုက်၏။ တိမ်လွှာဖြူကလည်း လိုက်လျောညီထွေ ပါလာ၏။ သွေးရိပ်က သူမကို ရင်ခွင်ထဲမှာ မြုပ်သွားအောင် တရှိုက်မက်မက် ဖက်ထားလိုက်လေသည်။ အနေအထိုင်တတ်စွာဖြင့် တိမ်လွှာဖြူ သည်အလိုက်သင့် ငြိမ်သက်နေပါသည်။ အချစ်က သူတို့ကို တစ်သားတည်း ဖြစ်သွားစေခဲ့၏။

တစ်ချိန်က အမှတ်မထင် လက်သီးစာကျွေးလိုက်မိသည့် ပါးပြင်နုနုလေးပေါ်၌ သွေးရိပ်သည် အမှတ်ထင်ထင် အနမ်းပွင့်တွေကို ယုယုယယ ခြွေချပစ်လိုက်ပါသည်။

"တိမ်လွှာရယ် ... တိမ်လွှာ့ကို ကိုယ် အရမ်းချစ်တာပဲ"

"တိမ်လွှာလည်း ချစ်တာပါပဲ သွေးရယ် ..."

မိုးနှင်းဖွဲလေးတွေ ရွာကျလာသည်။ သူတို့သည် တစ်ယောက်ရင်ငွေ့ဖြင့် တစ်ယောက်နွေးထွေးနေကြ၏။ ချစ်သူဘဝ၏ အရသာကို လွှတ်လပ်မှုနယ်နိမိတ်မှာ နှစ်ဦးသား အကြိုက်တွေ့နေကြသည်။ လွန်ဆန်ရန် ခက်ခဲသော သဘာဝတွင် ရင်ခုန်သံတွေ အတိုင်းထက်အလွန်

www.burmeseclassic.com

www.burmeseclassic.com



မြန်ဆန်နေလေတော့သည်။

သူတို့ချစ်သူနှစ်ဦးသည် လွတ်လပ်မှုကို အပြာရောင်ဒန်းကလေး ပေါ်၌သာ တတ်နိုင်သမျှ စည်းကမ်းရှိစွာ ဖြန့်တီးပစ်လိုက်ကြ၏။

◆ ◆ ◆

## အခန်း (၈)

ရသနှင့်သစ်ဆူးသည် မသောက်ရသေးသော လက်ဖက်ရည်တစ်ခွက်ကို ရှေ့ချ၍ ငေးငိုင်နေသည်။ သူတို့ပတ်ဝန်းကျင်တွင် လူတွေအိုင်နေသည်။ အားကစားခန်းမရှေ့ရှိ လက်ဖက်ရည်ဆိုင်တွင် ထိုင်၍ သွေးရိပ်အလာကို သူတို့နှစ်ယောက် စောင့်မျှော်နေကြခြင်းဖြစ်၏။

"သွေးရိပ်ကလည်း နောက်ကျလိုက်တာကွာ..."

"အေးကွာ...ဒီကောင် အခုတလော မှုမမှန်ဘူး၊ ငါတို့ကို အပျောက်ရိုက်တာ များနေပြီ"

နှစ်ယောက်သား ညည်းညည်းတွားတွား ပြောနေကြ၏။ သစ်ဆူးက လက်ဖက်ရည်ခွက်ကို ရသဘက်သို့ တွန်းပို့ပေးလိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com

"မင်း လက်ဖက်ရည်သောက်ချင်ရင် သောက်လေ"

"ဟင့်အင်း… ဟိုကောင်လာမှပဲ သောက်တော့မယ်၊ မင်း သောက်ချင်ရင်တော့ သောက်ပါ"

"ငါလည်း မသောက်သေးပါဘူး၊ ဟိုကောင့်ကို စောင့်လိုက်ဦးမယ်"

ရသက လက်ဖက်ရည်ခွက်ကို အလယ်သို့ ပြန်ရွှေ့လိုက်သည်။ သူ တို့၏ ထုံးစံအရ သုံးယောက်စုံမှ လက်ဖက်ရည်အား စ,သောက်လေ့ ရှိသည်။ ထိုထုံးစံကို ရသနှင့်သစ်ဆူးက မဖိတ်မစင် စောင့်ထိန်းနေကြ၏။

ညနေချိန်က အပူအားတွေ ဖျော့တော့လာသည်။ နေမင်း၏ တစ်နေ့တာ စွမ်းပကားတွေ ကုန်ခန်းလုနီးနေပြီ ဖြစ်သည်။ ထိုအချိန်မှာပင် ရသနှင့်သစ်ဆူး၏ မျက်လုံးများ အရောင်လက်သွားကြ၏။

"ဟိုမှာ သွေးရိပ်"

"သူ့ဘေးမှာလည်း ကောင်မလေးတစ်ယောက်ပါလား… တကယ့် အမိုက်စားလေးပဲနော်၊ ဘယ်ကလဲမသိဘူး…"

သစ်ဆူးနှင့်ရသ စိတ်ဝင်စားသွားကြသည်။ သွေးရိပ်က ခပ်တည် တည်ပင် တိမ်လွှာဖြူ၏လက်ကို ပိုင်ပိုင်နိုင်နိုင် ဆွဲကိုင်ကာ သူတို့ဝိုင်းထဲ မှာ ဝင်ထိုင်သည်။

သွေးရိပ်၏ ကြွားတားတား အမူအရာကြောင့် သစ်ဆူးနှင့်ရသ ရှုစိ ရှုစိ ဖြစ်နေကြ၏။ တိမ်လွှာဖြူကို မျက်စပစ်ကာ ဘယ်သူလဲ … ဆိုသော သဘောဖြင့် မေးကြသည်။ သွေးရိပ်က ဘာမှမပြောသေးဘဲ ဟိတ်ကြီးဟန်ကြီး ပြုံးလိုက်သေးသည်။ ပြီးမှ တိမ်လွှာဖြူဘက်သို့ လှည့်၍



"တိမ်လွှာ… ကိုယ်ပြောတဲ့ ကိုယ့်အချစ်ဆုံးသူငယ်ချင်းနှစ် ယောက်ဆိုတာ သူတို့ပဲ၊ သူက ရသ…သူက သစ်ဆူး…"

သွေးရိပ်က နာမည်နှင့်လူ တွဲပြီး လက်ညှိုးထိုးပြသည်။ သစ်ဆူးနှင့် ရသက ယဉ်ကျေးမှုရှိစွာ ပြုံး၍ ခေါင်းညိတ်ပြကြသည်။ သွေးရိပ်က ရှက် သလိုလို ဂုဏ်ယူသလိုလိုဖြင့်…

"မင်းတို့နှစ်ယောက်လည်း မှတ်ထားကြ…သူက ငါ့ချစ်သူလေ၊ နာမည်က တိမ်လွှာဖြူတဲ့…"

"ဘာရယ်… ဘာရယ်၊ သူက မင်း,ချစ်သူ ဟုတ်လား"

"နားကြောတွေ ပြတ်တွက်ပြီး နားကြားများ လွဲသလားကွာ"

သစ်ဆူးနှင့်ရသ တအံ့တသြတွေ ဖြစ်ကုန်ကြသည်။ ရသက မယုံမရဲ ဟန်ဖြင့် တိမ်လွှာဖြူဆီမှာ အဖြေထုတ်ယူသည်။

"သူပြောတာ ဟုတ်လားဟင်…"

ရသ မေးတာကို တိမ်လွှာဖြူက ရှက်ပြုံးလေးဖြင့် ခေါင်းညိတ်ပြ ၏။ ထိုအခါ ရသနှင့်သစ်ဆူးသည် တစ်ယောက်ကိုတစ်ယောက် မျက်လုံး ပြူးကြီးတွေနှင့် ကြည့်ပြီး ခေါင်းခါကြသည်။ သစ်ဆူးက ဇဝေဇဝါဖြင့်

"နေ…နေစမ်းပါဦးကွာ၊ မင်းက ငါတို့ကိုကျော်ပြီး ဘယ်လိုက ဘယ်လို ချစ်သူရသွားတာလဲ… ငါတို့လည်း ဘာမှမသိရပါလား … နည်းနည်းလောက် ရှင်းပြစမ်းပါဦး"

"ဒါက ဒီလိုကွ…"

သွေးရိပ်က သစ်ရွက်ဝါလေးအား လိုက်ဖမ်းသည်မှ စတင်ကာ တိမ် လွှာဖြူ၏ထံမှ ချစ်အဖြေရသည်အထိ အဖြစ်သနစ်များကို လျှို့ဝှက် မိသည့် သူ့စိုးရိမ်မှုတွေနှင့် တွဲဖက်၍ ပြောပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

ဒီတော့မှ သွေးရိုပ်၏ ဖုံးကွယ်မှုများကို သစ်ဆူးနှင့်ရသ နားလည်စွာ သိရှိသွားကြသည်။ သစ်ဆူးက...

"ဪ...ဒါကြောင့် မင်းက ငါတို့နှစ်ယောက်ကိုဘတ်ပြီး အပျောက်ရိုက်နေတာကိုး"

"သွေးရိုပ်... ဒီလိုဆိုရင် မင်းက ငါတို့ထက်ချစ်ရမဲ့လူကို တွေ့လာပြီပေါ့နော်"

ရသ၏ အားငယ်ဟန် လေသံပျော့ပျော့ကြောင့်... သွေးရိုပ် စိတ် မကောင်းဖြစ်သွားသည်။ ရသ ပခုံးကို ဖက်၍ သူ နှစ်သိမ့်လိုက်၏။

"မဆိုင်ပါဘူး သူငယ်ချင်းရာ ... တိမ်လွှာ့ကို ချစ်တာကသတ်သတ်၊ မင်းတို့ကိုချစ်တာက သတ်သတ်၊ တစ်ကန့်စီပါကွာ..."

"အေး ... အဲဒီအကန့်တွေကို ခဏထားဦး၊ အခုလောလောဆယ်မှာ ဒီလက်ဖက်ရည်အကန့်ကို အရင်ရှင်းဦး... မင်း မရောက်သေးလို့ ငါတို့ မှာ စောင့်နေရတာ ပါးစပ်တွေ အချဉ်ပေါက်နေပြီ"

သစ်ဆူး၏ သတိပေးနှိုးဆော်မှုကြောင့် သွေးရိုပ်က စတင်ပြီး လက်ဖက်ရည်ကို တစ်ငုံသောက်သည်။ သူပြီးတော့ ရသ...။ ရသပြီးတော့ သစ်ဆူး။ သူတို့သည် ခွက်တစ်ခွက်ထဲအား ကြည်ဖြူစွာ တစ်ယောက်တလဲ မော့သောက်ကြ၏။

တစ်ခွက်ကုန်သွားသောအခါ မဝသဖြင့် လက်ဖက်ရည် နောက်ထပ် တစ်ခွက်မှာပြီး သုံးယောက် ဝေမျှသောက်ပြန်သည်။ တိမ်လွှာဖြူကို တစ်ခု ခုမှာဖို့ ပြောပေမဲ့ သူမက ဘာမှ မမှာချေ။ သူတို့သုံးယောက်ကိုသာ အထူးအဆန်းသဖွယ် ကြည့်ပြီး အင်တာဗျူးလုပ်လေသည်။

"လက်ဖက်ရည်ကို တစ်ယောက်တစ်ခွက် မသောက်ဘဲနဲ့ ဘာ





ဖြစ်လို့ တစ်ခွက်ချင်းစီမှာပြီး လုသောက်နေတာလဲဟင်..."

တိမ်လွှာဖြူ၏ မေးခွန်းကြောင့် သူတို့သုံးယောက် ရယ်မိကြ၏။

"အဲဒါက ဒီလိုတိမ်လွှာရဲ့...ကိုယ်တို့တွေ ငယ်ငယ်တုန်းက တက်ရတဲ့ကျောင်းနားမှာ လက်ဖက်ရည်ဆိုင်တစ်ဆိုင် ရှိတယ်... ကိုယ်တို့ က လက်ဖက်ရည်ဆိုင်ထိုင်ချင်တော့... အဲဒီဆိုင်မှာ မနက်တစ်ကြိမ် နေ့လယ်တစ်ကြိမ် ကျောင်းမခေါ်ခင် သွားထိုင်ကြတယ်... အဲဒီအချိန်တုန်းက ငယ်သေးတော့ မိဘတွေကလည်း စည်းနဲ့ကမ်းနဲ့ သုံးတတ်အောင် မုန့်ဖိုးကို နည်းနည်းပဲ ပေးတယ်လေ... ကိုယ်တို့ကလည်း လက်ဖက်ရည်ဆိုင် ထိုင်ရင် မုန့်အရမ်းစားချင်တာ ... လက်ဖက်ရည်ကျတော့လည်း မသောက်ဘဲ မနေနိုင်ဘူး ... အဲဒါကြောင့် ရှိတဲ့ပိုက်ဆံနဲ့ နေ့တိုင်း မုန့်လည်းစားလို့ရအောင် လက်ဖက်ရည်လည်း သောက်လို့ရအောင်ဆိုပြီး မုန့်ကို တစ်ယောက်တစ်ခုစီ စားပြီးတော့ လက်ဖက်ရည်ကိုတော့ တစ်ခွက်တည်းမှာပြီး သုံးယောက်အတူ မျှသောက်ကြတယ် ... ကြာလာတော့ အဲဒီဗီလင်ကို ကိုယ်တို့ စွဲလမ်းပြီး ဖျောက်မရတော့ဘူး၊ ဒီနေ့အထိ အကျင့်ပါနေတာ တိမ်လွှာ့မျက်မြင်ပဲလေ..."

သွေးရိုပ်က ငယ်ဘဝမှ စတင်ကာ ယနေ့အချိန်အထိ စွဲမြဲနေဆဲဖြစ်သော သူတို့၏ ချစ်စရာ အလေ့အထလေးအကြောင်း ရှင်းလင်းပြလိုက်သည်။ တိမ်လွှာဖြူသည် (သွေးရိုပ် ပြောပြထားသဖြင့်) ကြားဖူးနားဝ ရှိနေသည့် သူတို့သူငယ်ချင်းသုံးယောက်၏ အကဲပိုမှုအား ကိုယ်တွေ့ကြုံ လိုက်ရလေသည်။

သူတို့သုံးယောက်၏ သံယောဇဉ်ဆက်ဆံရေးက အနည်းငယ်တော့ လက်ဖျားခါစေလောက်၏။



www.burmeseclassic.com

www.burmeseclassic.com



စားသောက်ပြီးသောအခါ တိမ်လွှာဖြူကိုပါ ခေါင်ငင်ကာ အားကစား ခန်းမထဲသို့ သူတို့ သွားလိုက်ကြသည်။ အထဲရောက်သော အခါ သင်းသင်းယုနှင့် ခင်အေးငြိမ်းရှေ့မှာ သိုင်းကွက်တွေ ခင်းပြနေသော အောင်စိုးထက်အား ကိုးရိုးကားရား တွေ့မြင်လိုက်ရသည်။ ရသက

"ဟိတ်ကောင် အောင်စိုးထက်... ဘာဖြစ်နေတာလဲ၊ အကြော ဆွဲနေတာလား..."

"အာ... မဟုတ်ပါဘူးကွာ၊ ဒီမှာ သူတို့ကို အနည်းအပါး ပြပေးနေတာပါ..."

အောင်စိုးထက်က ဆရာကြီးစတိုင်လ် ဖမ်းနေသည်။ သစ်ဆူးက သင်းသင်းယုနှင့် ခင်အေးငြိမ်းကို ကြည့်၍ ...

"နင်တို့ကလည်း သူပြတိုင်း ကြည့်တာပဲလား..."

"ဘာပြောတယ်"

"အကောင်နော်"

"ငါက သိုင်းကွက်ကို ပြောတာပါဟာ"

သစ်ဆူးက လျှောချလိုက်ရာ သင်းသင်းယုနှင့် ခင်အေးငြိမ်းက ပြုံးစိစိဖြင့် မျက်စောင်းထိုးကြသည်။ တိမ်လွှာဖြူကို မြင်သောအခါ သင်းသင်းယုသည် စပ်စုပါတော့၏။

"သူက ဘယ်သူလဲ...သင်တန်းသူအသစ်လား"

"မဟုတ်ပါဘူး...ငါ့ချစ်သူ"

"နင်တစ်ယောက်တည်းရဲ့ချစ်သူလား... နင်တို့သုံးယောက်စလုံး ရဲ့ ချစ်သူလား ..."

သင်းသင်းယုစကားကြောင့် တိမ်လွှာဖြူ မျက်နှာပျက်သွားသည်။





သွေးရိပ်လည်း ချက်ချင်းလက်ငင်း ဘာပြန်ပြောရမှန်းမသိဘဲ ဖြစ်သွားရ၏။ ရသက သွက်လက်စွာဖြင့် ...

"ငါတို့သူငယ်ချင်းရဲ့ အဖေက ငါတို့အဖေ ငါတို့သူငယ်ချင်း ရဲ့ အမေက ငါတို့အမေ...အဲဒါကြောင့် ငါတို့သူငယ်ချင်းရဲ့ ချစ်သူ ကလည်း"

"ငါတို့ ချစ်သူ"

"ဟေး..."

ရသ တိုင်ပေးတာကို သစ်ဆူးက လိုက်အော်သည်။ သူတို့နှစ် ယောက်ကို ကြည့်ကာ သွေးရိပ်မျက်နှာက ရှင်ပြုံးနေ၏။တိမ်လွှာဖြူ ခမျာမှာတော့ ပတ်ဝန်းကျင် အစိမ်းမှာ အနေရကျပ်နေရှာသည်။

"နင်တော့ သတိသာထားနေပေတော့ ... သူတို့သုံးယောက်က လက်ဖက်ရည်တစ်ခွက်ကိုတောင်မှ အတူတူ မျှသောက်ကြတာနော် ... နင်လည်းပဲ ... ဟဲ ... ဟဲ ... ခစ်..."

ခင်အေးငြိမ်းက ပြုံးကျဲကျဲဖြင့် ကလိသည်။ တိမ်လွှာဖြူ နည်းနည်းတော့ ရင်ဖိုသွားသည်။ သွေးရိပ်က အပေါင်းအဖော်နည်းပါးသော တိမ်လွှာဖြူကို အောင်စိုးထက်၊ သင်းသင်းယု၊ ခင်အေးငြိမ်းတို့နှင့် မိတ်ဆက်ပေး လိုက်ပြန်၏။ အောင်စိုးထက်က တိမ်လွှာဖြူကို မသိမသာ ခိုးခိုးငမ်းပါသည်။ ဒါကို သွေးရိပ်က သိသည်။

"အောင်စိုးထက် ... တိမ်လွှာက သိုင်းပညာကို အရမ်းဝါသနာ ပါတာကွ ... သိုင်းကစားတာကို သူ အရမ်းကြည့်ချင်တာ... မင်းက ငါတို့အထဲမှာ အတော်ဆုံးဆိုတော့ သူ့ကို ကစားပြလိုက်စမ်းပါကွာ၊ ဖြစ်တယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



“အို ... သိပ်ဖြစ်တာပေါ့၊ ဒီမှာ ကြည့်...ယိစ်...ယား ... ကျား”

“ဟိတ်... ဟိုင်းယား... အု...”

သွေးရိပ်က အမြင်ကတ်ကတ်နှင့် ပင့်ပေးလိုက်ရာ အောင်စိုးထက်မြောက်သွားပြီး တွန့်လိပ်ကောက်ကွေးလျက် သိုင်းကွက်များကို အရူးချေးပန်းသလို ပရမ်းပတာ ကစားပြလေတော့သည်။ သူ့ကို ကြည့်ရသည်မှာ တီကောင်ကို ဆားနှင့် ပက်ထားသည်နှင့် တူလှ၍ အားလုံးရယ်နေရသည်။ အမှန်ဆို သူက ဒီသင်တန်းမှာ အဖျင်းဆုံးဖြစ်၏။

“ဟာ... ကြည့်စမ်း၊ ဒီကောင့်မှာ မရှိဘူးလို့ ထင်ထားတာ ...အခုမှ ခုန်ရင်းပျံရင်း အကွက်တွေပေါ်လာတယ် ”

“အေးဟယ်... ပွေးကွက်တွေရော၊ ညှင်းကွက်တွေရော၊ ပွတ်တက်နေတာတွေရော စုံနေတာပဲ”

“လုပ်ပါဦးဟ ဆရာရ၊ နောက်ထပ် တစ်ကွက်လောက်”

“သိပ်ပင့်ပေးမနေနဲ့ဦး၊ တော်ကြာ ချေးကွက်တွေ သေးကွက်တွေပါ ထွက်ကျလာဦးမယ်”

အောင်စိုးထက်က ဆရာနှာမည်ပျက်ပေါက် ပညာတွေ စွတ်ပြနေသည်။ တစ်ကိုယ်လုံးမှာ ချွေးကွက်တွေ ရွှဲရွှဲနစ်နစ် ဖြစ်ပေါ်လာကာမှ တွန့်လိမ်ကောက်ကွေးနေတာကို ရပ်၏။ သွေးရိပ်က လက်ခုပ်တီး၍ ...

“တော်လိုက်တာကွာ ... အကွက်တွေမှ မြင်ရတာ မနည်းဘူး၊ မင်း မောသွားပြီလား”

“မောပါဘူးကွာ ... ဒါလောက် အေးဆေးပဲ”



မောပါဘူးသာ ပြောနေတာ ဒူးက ခွေနေပြီ။ သွေးရိပ်ပုံစံ ကြည့်ရုံနှင့် အောင်စိုးထက်ကို ချွတ်နေတာမှန်း သစ်ဆူးနှင့်ရသ အချင်းချင်းမို့ ဓာတ် ပေါက်သွားကြ၏။ ဒါကြောင့် သူတို့နှစ်ယောက်ပါ မကျွတ်ကျွတ်အောင် ဝင်ချွတ်ရန် တစ်ယောက်ကိုတစ်ယောက် မျက်ရိပ်ပြလိုက်ကြသည်။ သစ်ဆူးက ... .

“အောင်စိုးထက်၊ မင်းက တော်တော် ပညာရည်ပြည့်နေပြီပဲကွ၊ ဒါပေမဲ့ ကိုယ်ခန္ဓာကြံ့ခိုင်အောင် လေ့ကျင့်တဲ့ဘက်မှာတော့ ငါ့ကို မင်း မမီလောက်ဘူး”

“ဘာလို့ မမီရမှာလဲ”

မြောက်လက်စ အရှိန်မသေသေးသော အောင်စိုးထက် မခံချင်ဖြစ်သွားသည်။ သစ်ဆူးက ခပ်တည်တည်နှင့်...

“အဲဒါဆိုရင် မင်းနဲ့ငါ ဘယ်သူသာသလဲသိရအောင် ဒိုက်ထိုးတာနဲ့ ဗယ်ရီရိုက်တာ ပြိုင်မလား”

“ပြိုင်မယ်”

“ဒါဆို မင်း အရင်စ,လုပ်၊ ငါကတော့ ငါ့လေ့ကျင့်မှုကို ငါ ယုံပြီးသား၊ အဲဒါကြောင့် မင်းလုပ်နိုင်တဲ့ အကြိမ်ရေထက် ဆယ်ကြိမ်စီ ပိုလုပ်ပြီး မင်းကို အသာလေး အနိုင်ယူပြမယ်”

“အောင်မာ၊ ကြီးကျယ်လိုက်တာ၊ ငါ့ကိုမီအောင်ပဲ လုပ်စမ်းပါဦး၊ ဒီမှာ ကြည့်ထား”

အောင်စိုးထက် ခမျာ သိုင်းကစားထား၍ အမောမှမပြေရသေးခင် အားကစားခန်းမ၏ ကြမ်းခင်းပေါ်မှာ လေးဘက်ထောက်ပြီး ဒိုက်ထိုးရပြန်သည်။ သူ့တင်ပါးချွန်းချွန်းကြီး ကော့တက်လာလျှင် ရသက

www.burmeseclassic.com

www.burmeseclassic.com



ခြေထောက် နှင့် ပိတ်ကန်သည်။ သစ်ဆူးကတော့ အမှတ်စဉ် ရေတွက်ပေးနေ၏။

အောင်စိုးထက်က အနိုင်ရလိုဇောဖြင့် ဖျစ်ညှစ်ထိုး၏။ မတတ်သာသည့်အဆုံးကျမှ ရပ်သည်။ သူ ဒိုက်ထိုးတာ လေးဆယ့်ကိုးခါ ရပါသည်။

"ကဲ၊ သစ်ဆူး၊ မင်း ငါ့ကို မီအောင်ထိုးပေတော့"

"ထိုးမှာပါကွာ၊ ဒါပေမဲ့ တစ်လက်စတည်း မင်း ဗယ်ရီပါ ရိုက်လိုက်ဦး၊ ပြီးမှ မင်း လုပ်သမျှထက် ဆယ်ခါစီ ငါ ပိုလုပ်ပြမယ်"

"အေးပေါ့ကွာ၊ အပြောနဲ့အလုပ် ညီမညီ ကြည့်ရသေးတာပေါ့"

ဒိုက်ထိုးပြီးလို့မှ မနားရသေးခင် အောင်စိုးထက် အိပ်ထမတင်လုပ်ရပြန်သည်။ သူ့ခြေထောက်တွေ ထောင်ထောင်လာသောကြောင့် သစ်ဆူးနှင့်ရသက ဒူးခေါင်းနှင့် ခြေကျင်းဝတ်ကို ခြေထောက်ဖြင့် တက်နင်းထား၏။ ပါးစပ်ကလည်း မြှောက်ပင့်ပေးလိုက်သေးသည်။

"ဒီကောင် တကယ် အကြောပျော့တာပဲကွနော်"

"အေး၊ သူ့ပုံစံကြည့်ရတာ ကြောင်တွေလိုတောင် ကိုယ့်ဖင်ကိုယ် လျှာနဲ့ပြန်လျက်နိုင်လောက်တယ်ကွ"

"ဖြစ်နိုင်တယ်၊ ဖြစ်နိုင်တယ်"

ပင်ပန်းတာတွေချည်း တစ်ခုပြီးတစ်ခု ဆက်တိုက်လုပ်ရှားနေရသဖြင့် အောင်စိုးထက် ပျော့ပျော့သာရှိတော့သည်။ သို့သော် ဖွဲမလျှော့ဘဲ တအင်းအင်း တအဲအဲ မြည်လာသည်အထိ အစွမ်းကုန် ကြိုးစားရှာသည်။

အိပ်ထမတင် လုပ်တာမှာတော့ သူ သုံးဆယ့်လေးခါသာရ၏။ ပြီးသွားတော့ မထနိုင်သေးဘဲ မောလွန်းသဖြင့် ပက်လက်ကလေး လဲနေသည်။ ဟောဟဲဟောဟဲနှင့် သစ်ဆူးကိုကြည့်၍ တုန်တုန်ရီရီဖြင့် ...



"ငါ့အလှည့်တော့ ပြီးသွားပြီ၊ မင်း အလှည့်ပဲ ကျန်တော့တယ်၊ ဒိုက်က လေးဆယ့်ကိုးခါ၊ ဗယ်ရီက သုံးဆယ့်လေးခါ၊ ကဲ၊ ဆယ်ခါစီ တိုးပြီး မင်း လုပ်ပြပေတော့"

အောင်စိုးထက် စကားဆုံးတော့ သစ်ဆူးက မျက်နှာသေဖြင့် ခေါင်းကိုခါလေသည်။

"ငါ မင်းကို အရှုံးပေးပါတယ်ကွာ"

"ဘာ၊ ဘယ်လို"

"ငါ မင်းလို မလုပ်နိုင်မှာ သေချာတယ်၊ အဲဒါကြောင့် မလုပ်တော့ဘဲနဲ့ အရှုံးပေးလိုက်တာပါ"

"ဟင် ..."

အောင်စိုးထက် မျက်လုံးလေး ကလယ်ကလယ်နှင့် ဝမ်းသာရမှာလား၊ ဝမ်းနည်းရမှာလား၊ ဝေခွဲမရ ဖြစ်သွားသည်။ အရည်တွက်သည်အထိ သူ ပင်ပန်းတာသာ အဖတ်တင်သွားရသည်။ အခြားလူများကတော့ သစ်ဆူး၏ ပညာသားပါသော နှိပ်စက်မှုကို သဘောပေါက်သောကြောင့် တခွိခွိဖြင့် ရယ်ကြ၏။ သွေးရိပ်က ...

"သစ်ဆူးတောင် အရှုံးပေးရတယ်ဆိုတော့ အောင်စိုးထက်ကို ငါတောင် လေးစားသွားပြီ၊ အောင်စိုးထက် မင်းက တကယ် ကိုယ်ခန္ဓာ ကြံ့ခိုင်တာပဲကွာ၊ အံ့သြတယ်၊ ဒီလောက် ဓာတ်လျှောက်နှိပ်စက်၊ အဲ ... ဆက်တိုက် လေ့ကျင့်မှုတွေ လုပ်နေတာတောင်မှ ဘာမှမဖြစ်ဘူးနော်၊ အပြုံးတောင် မပျက်ဘူး"

"အင်း ... အင်း ... ဖြစ်ဘူး၊ ဘာမှဖြစ်ဘူး ... အဟိး"

www.burmeseclassic.com

www.burmeseclassic.com



အောင်စိုးထက်က ပက်လက်ကလေး လဲနေရာမှ ကပျာကယာ လူးလဲထပြီး ပြုံးပြရှာသည်။ ခုနကဖြင့် လျှာတွဲလောင်းနှင့် မျော့နေပြီးတော့ လေသံက အခုထိ မလျှော့သေးချေ။

"ဘာမှ မဖြစ်သေးဘူးဆိုရင် ဟောဒီမှာ နောက်ထပ် စွမ်းရည်တစ်မျိုးလောက် ထပ်ပြပေးစမ်းပါဦး"

"ဟင် ... "

အောင်စိုးထက် ခန္ဓာကိုယ် တုန်သွားသည်။ ရသက အုတ်ခဲသုံးခဲအားခပ်ရှိရှိ သယ်လာ၏။ နှစ်ခဲကို ခပ်ကွာကွာ ဒေါင်လိုက်ထောင်ပြီး ထိုအပေါ်မှာ တစ်ခဲကို အပြားလိုက် တင်ထားလိုက်သည်။

"ပညာပြလက်စနဲ့ ဒီအုတ်ခဲလေးကိုပါ လက်ဝါးစောင်းနဲ့ ခုတ်ပြီး ချိုးပြစမ်းပါ၊ ကိုယ်ခန္ဓာကြံ့ခိုင်တဲ့ လူတစ်ယောက်အတွက် ဒါမျိုးက အသေးအမွှားပဲ ဖြစ်မှာပါ၊ ဟုတ်တယ် မဟုတ်လား"

"အဲ ... နည်း ... နည်းနည်းတော့ ခက်လိမ့်မယ် ထင်တယ်၊ အဟဲ ... ဟဲ"

"ဩော် ... ခက်တော့လည်း ဘာဖြစ်လဲ၊ ကောင်မလေးတွေက ကြည့်ချင်နေတာ၊ လုပ်ပြလိုက်စမ်းပါကွာ၊ ငါတို့က မလုပ်တတ်လို့ပါ၊ မင်းက လူတော်ပဲဥစ္စာ၊ လူတော်ဆိုတာ အခက်အခဲမှန်သမျှကို ကျော်လွှားနိုင်ပါတယ်၊ လုပ်ပြစမ်းပါ"

ရသက အထင်ကြီး အားကိုးဟန်မျိုးဖြင့် ပြောရာ အောင်စိုးထက် မငြင်းသာဘဲ ဖြစ်သွားသည်။ ကောင်မလေးတွေရှေ့မှာ သူ့သိက္ခာကို ဆယ်ရမည်ဆိုသောစိတ်ဖြင့် မာန်တင်းကာ အုတ်ခဲကို ညာလက်ဝါးစောင်းနှင့် အားကုန်ခုတ်ချလိုက်၏။



"ဒုတ်"

"အင် ... "

အုတ်ခဲက နည်းနည်းလေးမှ မှုမပျက်။ သူ့လက်သာ ကျဉ်တက်သွားသည်။

"အားမလျှော့ပါနဲ့ကွာ၊ တစ်ခါနဲ့မရရင် နှစ်ခါ၊ နှစ်ခါနဲ့မရရင် သုံးခါ၊ သုံးခါနဲ့မရရင် လေးခါ၊ ဆက်သာ ခုတ်စမ်းပါ၊ နောက်ဆုံးမှာ တစ်ခုခုတော့ ကျိုးမှာပေါ့"

ရသက အားပေးလိုက်သည်။ သူပြောသည့် ကျိုးမည့်တစ်ခုခုက အုတ်ခဲမဟုတ်ဘဲ လက်ဖြစ်ဖို့ ပိုများ၏။ ရသ အားပေးသလိုပင် အောင်စိုးထက်က ဇွဲနဘဲကြီးစွာဖြင့် 'တအိစ်အိစ်' ကီးသွင်းပြီး အုတ်ခဲကို တစ်ချက်ပြီး တစ်ချက် ဘယ်ညာလက်ဝါးစောင်းတွေနှင့် တဒုတ်ဒုတ် ခုတ်ချိုးသည်။

သို့သော် ... အုတ်ခဲက မကျိုး။ သူ့လက်မှ အရေပြားတွေသာ စုတ်ပြဲကုန်ပါသည်။ ကောင်မလေးတွေက သနားသဖြင့် မလုပ်ဖို့ တားကြပေမဲ့ မရတော့။ အောင်စိုးထက်သည် ရက်စိတ်မွှန်ပြီး အုတ်ခဲကို ဒေါသတကြီး မဲလေတော့သည်။

နောက်ဆုံး ရသ ပြောသလို တစ်ခုခု ကျိုးတော့မည့် အခြေအနေမျိုး ဖြစ်သွားရာ သင်တန်းဆရာ ဦးအောင်နိုင် ရောက်လာမှပင် အုတ်ခဲချိုးပွဲက ငြိမ်းအေးပြီးဆုံးသွားပါသည်။

ထိုကဲ့သို့ပင် ကိုယ့်ကို ဟာသလုပ်နေမှန်းမသိဘဲ ဖွတ်ဟီးရိုးလုပ်ကာ ဘူးကျတတ်သည့် ပုဂ္ဂိုလ်များလည်း ဤလောကမှာ ဒုနဲ့ဒေး ရှိသေး၏။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

ယနေ့ နေ့လယ်ခင်းတွင် သူတို့ သူငယ်ချင်းသုံးယောက် ဆိုင်တစ်ဆိုင်မှာ သွားရည်စာ စုစားရန် တိုင်ပင်ချိန်းဆိုထားကြပါသည်။ မိုးတွင်းဖြစ်သော်လည်း ဒီနေ့ အဖို့ မိုးသည်မရွာသေးဘဲ ကြည်လင်ခြောက်သွေ့နေ၏။

ချိန်းဆိုထားရာဆိုင်မှာ သစ်ဆူးနှင့်ရသသည် ဦးစွာအလျှင် ရောက်ရှိနေကြလေသည်။

သွေးရိုပ်က ထိုင်ခုံမှာ ဝင်ထိုင်ထိုင်ချင်း လက်ဖက်ရည်တစ်ခွက်မှာလိုက်သည်။ ထို့နောက် သုံးယောက်အတူ ဝေမျှသောက်ရင်း တွေရာလေးပါး စကားများ ပြောဆိုဖြစ်ကြသည်။ သွေးရိုပ်တစ်ယောက် ချစ်သူရသွားသည်မှအပ သူတို့သုံးယောက်၏ ဆက်ဆံရေးအခြေအနေက အရင်လိုပဲ နွေးထွေးမြဲ နွေးထွေးဆဲပင် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဟိုမှာ"

"တိမ်လွှာ"

ပြောလက်စ, စကားပြတ်သွားပြီး ရသ လက်ညှိုးထိုးပြရာသို့ ကြည့်လိုက်တော့ တိမ်လွှာဖြူကို တွေ့မြင်လိုက်ရသည်။ သူမနံဘေးမှာ ငတိ တစ်ကောင်က အတင်းလိုက်ကပ်နေ၏။ ရသက ...

"သွေးရိပ်၊ တိမ်လွှာ့ကို အကောင်တစ်ကောင်ကြောင်နေတာကွ၊ သွားဖြဲပစ်ကွာ"

"နေပါစေ၊ တော်ကြာ ပြီးသွားမှာပါ"

သွေးရိပ်က သဘောထားတွေ ကြီးပြနေသည်။ လှမ်းကြည့်လိုက်တော့ ငတိက တိမ်လွှာဖြူ၏လက်ကိုပင် ဆွဲနေပြီ။ တိမ်လွှာဖြူက ရှက်ဒေါသဖြင့် ပြန်ရန်တွေ့နေ၏။ သစ်ဆူးက ...

"ဟိုကောင် လွန်လာပြီကွာ၊ သွေးရိပ် မင်း မသွားဘူးလား"

"မိန်းမတစ်ယောက်အတွက်နဲ့ ငါ ရန်မဖြစ်ချင်ဘူးကွာ"

"အဲဒါဆိုလည်း မင်း မလိုက်ချင်ရင်နေခဲ့၊ ငါ သွားရှင်းလိုက်မယ်"

သစ်ဆူးက ထိုင်ရာမှ ထရပ်တော့ ရသကလည်း ထ,ရပ်သည်။

"မင်းတစ်ယောက်တည်း မသွားနဲ့၊ ငါပါလိုက်မယ်"

သစ်ဆူးနှင့်ရသ ခြေလှမ်းသွက်သွက်ဖြင့် ထွက်သွားကြ၏။ အနား ရောက်သွားသောအခါ တိမ်လွှာဖြူ၏လက်ကို ဆွဲနေသော ငတိ၏ ပခုံးနှစ်ဖက်အား နှစ်ယောက်ပြိုင်တူ ဆောင့်ဆွဲပစ်လိုက်ကြသည်။

"ဟိတ်ကောင်၊ မင်း အဲဒါ ဘာလုပ်နေတာလဲ ..."

"အဲ ... ဟိုလေ ... အာဝါဟ ဝိဝါဟကိစ္စလေးတစ်ခု ဖြစ်



မြောက်ဖို့အတွက် စည်းရုံးနေတာပါ အဟဲ ..."

"အာဝါဟ ဝိဝါဟတော့ မရဘူး၊ ဝိုင်ဂါဝှပဲ ရမယ်၊ ကဲ ရော့"

"ခွပ်"

"အင့်"

"ဖြောင်း"

"အီး"

ဝိုင်ဂါဝှ ထည့်လိုက်ရာ ငတိ အိအာအား ဖြစ်သွားသည်။ သစ်ဆူးနှင့် ရသကို ပေစောင်းပေစောင်းနှင့် ကြည့်ပြီး ဆုတ်ခွာသွားတော့၏။ သစ်ဆူးနှင့် ရသက ဂရုမစိုက်ဘဲ တိမ်လွှာဖြူကို ခေါ်ကာ သွေးရိပ်ရှိရာ ဆိုင်ထဲသို့ ပြန်လာခဲ့သည်။

တိမ်လွှာဖြူ၏ မျက်နှာက မသာယာ။ မိုးဖြစ်ခါနီး တိမ်စိုင်တစ်ခုပမာ ညှိမှိုင်းအုံ့ဆိုင်းလျက် ရှိပေသည်။

"သွေးက ဘာမှ အားမကိုးရဘူး၊ ဟိုလူက တိမ်လွှာ့ကို ဇွတ်ကြီး လိုက်ဖွန်နေတာ၊ သူတို့နှစ်ယောက် ရောက်လာပေလို့သာပေါ့၊ နောက်မို့ဆို လွယ်မှာတောင်မဟုတ်ဘူး၊ ဒါနဲ့ နေစမ်းပါဦး၊ သွေးက သူတို့နဲ့ ဘာလို့ လိုက်မလာတာလ"

"မိန်းမတစ်ယောက်အတွက်နဲ့ ရန်မဖြစ်ချင်လို့ပါကွာ"

"ဘာ ..."

သွေးရိပ်စကားကြောင့် တိမ်လွှာဖြူ ဆတ်ဆတ်ခါ နာသွားသည်။

"မိန်းမတစ်ယောက်အတွက်နဲ့ ရန်မဖြစ်ချင်ဘူးလို့ ပြောရအောင် အဲဒီ မိန်းမက ရှင့်ချစ်သူဆိုတာလည်း သတိရပါဦး၊ တိမ်လွှာ့ကို လိုက်နှောင့် ယှက်နေတာ မြင်လိုက်သားနဲ့တောင်မှ သွေးက နေနိုင်တယ်နော်

www.burmeseclassic.com

www.burmeseclassic.com



လေ၊ ဟုတ်လား"

"ကာမပိုင်လင်သား မရှိသေးတဲ့ မိန်းမပျိုတစ်ဦးကို လွတ်လပ်တဲ့ ယောကျ်ားတစ်ယောက်က ချစ်ရေးဆိုတာ အပြစ်မဟုတ်ပါဘူးကွာ"

"အခုဟာက ပါးစပ်နဲ့တင် ပြောတာမဟုတ်ဘူး သွေးရဲ့၊ ကိုယ်ထိ လက်ရောက် စော်ကားနေတာ"

သွေးရိပ်၏ မထုံတက်တေး အမူအရာကိုကြည့်ကာ တိမ်လွှာဖြူ ဒေါသထွက်နေသည်။ ချစ်သူတစ်ယောက်လုံး ရှိပါလျက်နှင့်၊ အခြား ယောကျ်ားသားနှစ်ယောက်၏ ကူညီမှုကို ရယူလိုက်ရသည့်အတွက် လည်း သူမ မကျေမနပ် ဖြစ်နေ၏။

ရသနှင့်သစ်ဆူးကလည်း သွေးရိပ်ကို အပြစ်ဆိုသလို ပြောကြ သည်။

"နေရာတကာ သည်းခံမနေနဲ့ သွေးရိပ်၊ သည်းခံမှုမှာ အတိုင်း အတာဆိုတာရှိတယ်"

"ဟုတ်တယ် သွေးရိပ်၊ မင်း သည်းခံတာက လွန်တယ်၊ တိမ် လွှာဘက်လည်း ထည့်တွက်ပေးသင့်တယ်"

"ငါ့ရဲ့ သည်းခံမှုက အခြေအနေနဲ့ အချိန်အခါပေါ်မှာ မူတည် ပါတယ်ကွာ"

ထိုစကားကို ဆိုင်ရှေ့မှ မြင်ကွင်းအားကြည့်ပြီး သွေးရိပ် ပြော လိုက်ခြင်းဖြစ်၏။ သူ့အာရုံထဲမှာ အန္တရာယ်၏ အနံ့အသက်ကို အေးစက် စွာ ရှူရှိုက်လိုက်မိလေသည်။

မကြာပါ။ သူထင်သည့်အတိုင်း တကယ်ဖြစ်လာသည်။

"ဟိတ်ကောင်တွေ၊ ခုနက ချစ်မိုးအောင်ကို နှစ်ယောက်တစ် ယောက် ဆော်လွှတ်လိုက်တာ ဘယ်ကောင်တွေလဲ"



ကျယ်လောင်သောအသံကြောင့် ကြည့်လိုက်တော့ လူငါး ယောက်။ တုတ်ချောင်းတွေကိုယ်စီနှင့်။ သစ်ဆူးနှင့်ရသ၏ လက်စာ မိသွားသည့် ငတိက လူစုပြီး ပြန်ရောက်လာခြင်းဖြစ်သည်။

"သတ္တိမရှိကြဘူးလား၊ ချစ်မိုးအောင်ကို ဆော်လွှတ်လိုက်တာ ဘယ်ကောင်တွေလဲလို့ မေးနေတယ်လေ"

"ငါကွာ ..."

"ငါလည်း ပါတယ်၊ မင်းတို့က ဘာဖြစ်ချင်လို့လဲ"

သစ်ဆူးနှင့်ရသက ထိုင်ခုံတွေကို ဆွဲဖယ်ပြီး ထ,လိုက်ကြသည်။ ဖြစ် လာသမျှကို ရင်ဆိုင်ရန် သူတို့ အသင့်ပြင်ထားလိုက်ကြ၏။

"ဘာဖြစ်ချင်လဲဆိုတော့ မင်းတို့ သိရမှာပေါ့ကွာ"

လူတစ်ယောက်က တုတ်ကိုမြှောက်ပြီး ပြေးတက်လာ၏။ သွေးရိပ်က ထိုင်နေရာမှ ဖျတ်ခနဲခုန်ထပြီး ထိုလူ့လက်ကို ဖမ်းတားလိုက် သည်။

"သူငယ်ချင်း၊ မင်းတို့ အေးအေးဆေးဆေး ပြန်ပါတော့ကွာ"

"ဟိတ်ကောင်၊ မင်းနဲ့မဆိုင်ရင် မင်း ဝင်မပါနဲ့"

"ဟာ၊ ငါ့သူငယ်ချင်းနှစ်ယောက်ရဲ့ကိစ္စက ငါ့ကိစ္စပဲပေါ့ကွ"

"မင်း လူစွာဝင်လုပ်တာလား"

"ငါ့သူငယ်ချင်းနှစ်ယောက်ကို ထိရင်တော့ ငါ ဝင်ပါရမှာပဲ"

"ဒီလောက်တောင် ပါချင်နေရင်လည်း ပါကွာ"

"ဗိုး"

"ဖတ်"

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာတည့်တည့်ဆီ ပြေးဝင်လာသော လက်သီးကို၊ သွေးရိုပ် လက်ဖျံဖြင့် ပုတ်ထုတ်ပစ်လိုက်သည်။ မှန်းချက်နှင့်နှမ်းထွက်မကိုက်သဖြင့် တစ်ဘက်လူ ဒေါသထွက်သွား၏။

"ဟေ့၊ ဝိုင်းဖွဲ့ကွာ"

တုတ်တွေကို ဝင့်ပြီး လူကုန်တက်လာသည်။

"ရသ ထွက်မယ်"

"အိုကေ ..."

ငါးယောက်နှင့်သုံးယောက်၏ ရန်ပွဲက ခြေတွေ၊ လက်တွေ၊ တုတ်တွေ ရှုပ်ယှက်ခတ်သွားလေသည်။ ထိုင်ခုံတွေ ပန်းကန်တွေလည်း ပလူပျံကာ ဖွာလန်ကျဲကုန်၏။ တိမ်လွှာဖြူ ကြောက်ရွံ့တုန်လှုပ်စွာဖြင့် လွတ်ရာကျွတ်ရာ ထောင့်တစ်ထောင့်မှာ ကပ်နေရှာသည်။ ဆိုင်ရှင်နှင့် စားပွဲထိုးတွေလည်း ဝင်မဆွဲရဲဘဲ မျက်လုံးမျက်ဆံတွေ ပြူးနေကြသည်။

သွေးရိုပ်က ရသရှေ့မှ တစ်ယောက်ကို ခုန်ကန်ကာ သစ်ဆူးအားတုတ်နှင့်ရိုက်ရန် ပြေးဝင်လာသော ချစ်မိုးအောင်လက်ကို ဖမ်းဆွဲလိမ်လိုက်ပြီး နောက်မှ သိုင်းချုပ်လိုက်၏။

"ဟိတ် ... အားလုံး ရပ်၊ မရပ်ရင် ဒီကောင့်လက်ကို ငါ လိမ်ချိုး ပစ်လိုက်မှာနော်"

ဆူညံရှုပ်ထွေးမှုများအားလုံး ငြိမ်သက်တိတ်ဆိတ်သွားပါသည်။ ထို တိတ်ဆိတ်သွားသည့် ငြိမ်သက်မှု၌ တစ်ယောက်ကိုတစ်ယောက် အလစ်မပေးရဲဘဲ သတိကိုယ်စီထားရှိနေကြသည်။

"အားလုံး ပြန်ကြပါတော့ကွာ၊ ငါ ရန်မဖြစ်ချင်ဘူး၊ ခုနက ဒီကောင် အတင်းလက်ဆွဲပြီး လိုက်စကားပြောတာက ငါ့ချစ်သူပါ၊



အဲဒါကြောင့် ငါ့သူငယ်ချင်းနှစ်ယောက်က မခံမရပ်နိုင်ဖြစ်ပြီးတော့ အခုလိုတွေ ဖြစ်သွားရတာ၊ ငါ စိတ်မကောင်းပါဘူး၊ ဆိုင်က အပျက်အစီးဖိုးတွေ အတွက်လည်း ငါပဲ ပေးလိုက်ပါ့မယ်၊ တောင်းပန်ပါတယ်"

သွေးရိုပ်က ပျော့ပျောင်းချိုသာစွာပြောပြီး ချုပ်ထားသော ချစ်မိုးအောင်ကို လွှတ်ပေးလိုက်သည်။ ထိုအခါ ရန်လိုနေသူများအားလုံး ဘာမှ ပြန်မပြောတော့ဘဲ ဆိုင်ထဲမှ အလျှိုလျှို ထွက်ခွာသွားကြ၏။

ရေနှင့် ဖျန်းလိုက်ရာ မီးငြိမ်းသွားပါသည်။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

သူ ရည်းစားမရခင်က ချစ်သူကောင်မလေး စိတ်ကောက်တာကို ချော့မြှူကြည့်ချင်မိသည်။ အခု သူ ရည်းစားရပြီ။ ချစ်သူကောင်မလေးက လည်း တကယ်ပဲ စိတ်ကောက်နေသည်။ နှုတ်ခမ်းလေးပင် စူနေချေ သည်။

သို့ပါသော်လည်း ချော့မြှူဖို့ရာမှာ ပြဿနာ တွေ့နေ၏။

"သွေးက တိမ်လွှာကိစ္စမှာတော့ ဝင်မပါဘဲ သူငယ်ချင်းတွေ ကိစ္စမှာကျတော့ ဝင်ပါတာ ဘာသဘောလဲ"

ချစ်သူလေသံက ခက်ထန်နေသည်။ သူမ ဒေါသထွက်နေပါ၏။ သွေးရိပ် စိတ်ညစ်နေသည်။

"ဒါက သေရေးရှင်ရေး ကိစ္စလေ တိမ်လွှာရဲ့၊ ဝင်မပါလို့ ဘယ်ဖြစ်မလဲ"

၍

www.burmeseclassic.com

www.burmeseclassic.com



"အို ... ဘာမှ အကြောင်းပြချက်တွေ ပေးမနေနဲ့၊ သွေး လုပ်ရပ်က လုံးဝပုံစံမကျဘူး၊ သွေးက သွေးရဲ့ သူငယ်ချင်းနှစ်ယောက်ကို တိမ်လွှာ့ထက် ပိုချစ်တယ်ဆိုတဲ့သဘောလား"

"မဆိုင်တာကို ရောထွေးမပစ်ပါနဲ့ တိမ်လွှာရယ် ..."

"ရောထွေးတာ မဟုတ်ပါဘူး၊ ကွဲကွဲပြားပြား သိချင်တာပါ သွေးကို တိမ်လွှာ တစ်ခုမေးမယ်၊ သွေးရဲ့သူငယ်ချင်းနှစ်ယောက်နဲ့ တိမ်လွှာနဲ့ယှဉ်ပြီး တစ်ဘက်ကိုပဲ ရွေးချယ်ရမယ်ဆိုရင် သွေး ဘယ်သူ့ကို ရွေးချယ်မလဲပြော"

တိမ်လွှာဖြူ၏ မေးခွန်းကြောင့် သွေးရိပ်မျက်နှာကတည်သွားသည်။ သူမကို စူးစူးနက်နက်ကြည့်၍ ...

"တော်တော့ တိမ်လွှာ၊ ဒီအကြောင်းတွေ ဆက်မပြောရင်ကောင်းမယ်၊ နောက်နောင်လည်း ကိုယ်တို့သူငယ်ချင်းသုံးယောက်ကြားမှာ သွေးခွဲမှုဆန်တဲ့ စကားမျိုးကို တိမ်လွှာ ဘယ်တော့မှ မပြောပါနဲ့"

ပြတ်တောက်သော သွေးရိပ်စကားကြောင့် တိမ်လွှာဖြူ ဝမ်းနည်းသွားရလေသည်။ ချစ်သူက သူမဘက်မှာမှ မရှိတာ...။ ထက်သန်နေသော သူမဆန္ဒတွေက သူ့နှုတ်ဖျားမှ တားမြစ်ချက်တစ်ခုအောက်မှာတင် အာခံခွင့်မရှိဘဲ သေဆုံးသွားခဲ့ရသည်။ သူ့၌ ယုယသော ညှာတာမှုလေးတော့ ရှိစေချင်မိပါ၏။

"ညနေတောင် စောင်းနေပြီ၊ ကိုယ် ကရာတေးသင်တန်း သွားရဦးမယ်၊ တိမ်လွှာ လိုက်ခဲ့ဦးမလား"

"ဟင့်အင်း ... မလိုက်တော့ဘူး"

"ဒါဆို ကိုယ် သွားပြီနော်"



သူ အေးအေးဆေးဆေး ထွက်သွားသည်။ ငြိမ်သက်နေသော ဒန်းပြာကလေးပေါ်မှာ မလှုပ်မယှက် ထိုင်လျက်သူမကျန်ခဲ့သည်။ ဝမ်းနည်းနေသော သူမကို သူကအဖြစ်လောက်တောင်မှ ချော့မြူနှစ်သိမ့်မသွားခဲ့ချေ။ ဝမ်းနည်းနေမှန်း မသိ၍သာ ဖြစ်ပါလိမ့်မည်ဟု တိမ်လွှာဖြူ သူမဘာသာသူမ တစ်ယောက်တည်း အားငယ်စွာ ဖြေသိမ့်လိုက်ရ၏။

အချို့အကြောင်းအရာတွေက နားလည်အောင် ရှင်းပြ၍ရသည်။ အချို့အကြောင်းအရာတွေက နားလည်အောင် ရှင်းပြ၍မရ။ ကိုယ်ပိုင် အသိဉာဏ်နှင့် ထိုးထွင်းသိမြင်တတ်မှသာလျှင် နားလည်နိုင်စွမ်းရှိပေလိမ့်မည်။

သူတို့သူငယ်ချင်းသုံးယောက်၏ သံယောဇဉ်သည်လည်း နားလည်အောင် ရှင်းပြ၍မရသော အကြောင်းအရာတစ်ခုဟု သွေးရိပ် ယုံကြည်စွာ ယူဆထားသည်။ စာနာမှုရှိသော နှလုံးသားဖြင့် သူမ ထိုးထွင်းသိမြင်နိုင်ပါစေဟုသာ သူ တိတ်တဆိတ် ဆုတောင်းမိ၏။

ဒီညနေတော့ ထူးထူးခြားခြား သင်တန်းရှေ့မှ လက်ဖက်ရည်ဆိုင်တွင် စောစောစီးစီး လူစုံနေကြသည်။ အောင်စိုးထက်က ခင်အေးငြိမ်းနှင့် သင်းသင်းယုအား လေပွပြနေ၏။ သစ်ဆူးနှင့်ရသကလည်း နေ့လယ်က ရန်ဖြစ်ထားတာ သူတို့မဟုတ်သလိုရုပ်နှင့်ဂျာနယ်တစ်စောင်ကို နှစ်ယောက်အတူ အေးအေးလူလူ ထိုင်ဖတ်နေကြသည်။

သွေးရိပ်က သစ်ဆူးနှင့်ရသနံဘေးမှာ ဝင်ထိုင်ပြီး အဆင်သင့်မှာထားသော လက်ဖက်ရည်ခွက်ကိုယူ၍ တစ်ငုံမော့သောက်လိုက်သည်။ လေပွရလွန်းသဖြင့် အာခြောက်သွားပုံရသည့် အောင်စိုးထက်ကလည်း စားပွဲခုံပေါ်မှ ပြည့်လျှံနေသော လက်ဖက်ရည်ခွက်ကို လက်နှင့်မကိုင်ဘဲ

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းငုံ့ပြီး ပါးစပ်ဖြင့် ဟပ်သောက်လေသည်။ ဒါကိုကြည့်ပြီး သွေးရိပ်က ...

"လက်ဖက်ရည်သောက်တာ လူလိုသူလို သောက်စမ်းပါ အောင်စိုးထက်ရာ၊ ခွေးသောက် မသောက်စမ်းပါနဲ့"

"အု ... ဖူး ... "

သွေးရိပ်စကားကြောင့် သောက်လက်စ အောင်စိုးထက်သည် လက်ဖက် ရည် သီးသွား၏။ သစ်ဆူးက ...

"အဲဒီလို သွားမပြောပါနဲ့ သွေးရိပ်ရာ၊ သူက မိရိုးဖလာသောက် သောက်နေတာကွ"

"ဟာကွာ ... သစ်ဆူးကလည်း၊ အောင်စိုးထက် စိတ်ဆိုးသွားပါဦးမယ်၊ သူတို့မျိုးရိုးရဲ့ လျှို့ဝှက်ချက်ကို လူတွေကြားထဲမှာ ဘာဖြစ်လို့ ထုတ်ပြောလိုက်ရတာလဲ"

"အဲ ... "

ရသကပါ တားသလိုနှင့် အချှန်နှင့် ဝင်မ,လိုက်ရာ အောင်စိုးထက် မျက်နှာရှုံ့မဲ့သွား၏။ ဒါကိုကြည့်ကာ သင်းသင်းယုနှင့် ခင်အေးငြိမ်းက မိန်းမ,မပီသစွာ လျှာခင်တွေပေါ်အောင်ပင် ရယ်ကြ၏။ သစ်ဆူးက ဂျာနယ်ဖတ်နေရင်းမှ အလန့်တကြား ထ,အော်ပါသည်။

"ဟာ ... အောင်စိုးထက်၊ ဒီမှာ မင်းအတွက် ကြော်ငြာတစ်ခုပါလာ တယ်ကွ ... မင်းအတွက်တော့ အားရစရာပဲဟေ့ ... "

"ဟင် ... ဟုတ်လား၊ ဘာ ... ဘာတဲ့လဲ"

အောင်စိုးထက် ပျာပျာသလဲ ဖြစ်သွားသည်။

"ကြည့်စမ်း ... အောင်စိုးထက်တို့များ ဂျာနယ်ထဲကတောင်



အခေါ်ခံရတယ်ဆိုတော့ အဆင့်က မသေးပါလားဟ၊ ကေန္တ မင်းသား လုပ်ဖို့ ခေါ်တာများလား မသိဘူး"

"ဖြစ်နိုင်တယ်၊ ဒီကောင်က ခံရုပ်၊ အဲ ... ရုပ်ခံရှိတယ်လေ၊ မင်းသားလုပ်ဖို့ ခေါ်တာဆိုရင်တော့ သတိထားသွား၊ မင်းသားတွေက 'ဓ' ပြင်းတယ်တဲ့နော်"

ရသနှင့်သွေးရိပ်က အားဖြည့်ပေးနေကြသည်။ သစ်ဆူးက ဂျာနယ်ကို မျက်မှောင်ကုတ်ကြည့်လျက် ရုပ်တည်နှင့် ...

"ဒီအထဲမှာ ရေးထားတာကတော့ စအို၊ ဂရင်ဂျီနာ၊ လိပ်ခေါင်း၊ စအို နှုတ်ခမ်းသား ပိုလျှံထွက်နေတာနဲ့ လူသိမခံလိုတဲ့ရောဂါတွေကို အမြစ်ပြတ် ကြိတ်ကုပေးမယ်ဆိုပဲကွ အောင်စိုးထက်ရ၊ မင်း အမြန်သွားပေတော့"

"အမ် ... "

အောင်စိုးထက် မျက်နှာကြီး မစင်တွင်းထဲ ပြုတ်ကျသွားသကဲ့သို့ ရှုံ့မဲ့သွားတော့၏။ သူမှအပ ကျန်လူများက တဟားဟား ရယ်ကြသည်။ သင်းသင်းယုက

"နင်တို့ကလည်းဟယ်၊ တွေ့တာနဲ့ သူ့ကိုပဲ နှိပ်ကွပ်နေကြတာပဲ"

"ကြည့် ... သူ့လင်ထိတော့ နာနေပြီ ... "

"ဟယ် ... တော်ပြီ တော်ပြီ ... အဲဒါဆို မပြောတော့ဘူးဟို တစ်နေ့က အုတ်ခဲချိုးနေတာကို ကြည့်ရုံနဲ့တင် သူ့ကို လန့်သွားပါပြီဟယ်"

သင်းသင်းယုက ... ခေါင်းတခါခါ လက်တခါခါနှင့် ငြင်းရာသည်။ အုတ်ခဲကိုတောင် အရေခွံလန်သည်အထိ စိတ်ကြီးကြီးနှင့်

www.burmeseclassic.com

www.burmeseclassic.com



ချိုးသည့် အောင်စိုးထက်ကိုတော့ ကြောက်ပုံရ၏။ ရသက ...

"ကြော်ငြာက အောင်စိုးထက် အတွက်တင် ပါလာတာ မဟုတ်ပါဘူးဟာ၊ နင်တို့ မိန်းကလေးတွေအတွက်လည်း ငါ ယူလာပါတယ်"

"လုပ်လာပြန်ပြီ၊ နင်ကကော ဘာပေါက်ကရ ပြောဦးမလို့လဲ"

"ပေါက်ကရပြောမှာ မဟုတ်ပါဘူးဟာ၊ အတည်ပြောမှာပါ၊ နင်တို့အတွက် အသုံးဝင်နိုင်မှန်းသိလို့ အဲဒီကြော်ငြာစာရွက်ကလေးကို ငါ သေချာ သိမ်းထားတာပါ၊ ရော့ ... ကိုယ့်ဘာသာ သေချာဖတ်ကြည့်ကြ"

ရသက ... သူ့ဘောင်းဘီအိတ်ထဲမှ လက်ကမ်းကြော်ငြာစာရွက် ကလေးကို ထုတ်ပေးပါသည်။ ခင်အေးငြိမ်းက လှမ်းယူပြီး စားပွဲခုံပေါ်မှာ ဖြန့်လိုက်၏။ သင်းသင်းယုနှင့်ခင်အေးငြိမ်း ခေါင်းချင်းဆိုင် ဖတ်တော့ အောင်စိုးထက်ကပါ အတင်းတိုးဝေ့၍ ဝင်ဖတ်သည်။ (ဖတ်ချင်တာထက် ဝေ့ချင်တာက ပို၏)

ပထမ အသံတွေ ထွက်ဖတ်ကြသည်။ ဖတ်နေရင်း မိန်းကလေး နှစ်ယောက် အသံကတိုးပြီး ပျောက်သွားသည်။ ယောကျ်ားလေး ဖြစ်သော အောင်စိုးထက် အသံသာ စီစီလှုပ်၍ ကျန်ခဲ့၏။

စာရွက်မှာ ရေးသားရိုက်နှိပ်ထားတာက ...

ရွှေတင့်တယ်(သားကြီး)

အမျိုးသမီးသီးသန့်

နို့ချိုတိုက်ကျွေးထားသော မိခင်များနှင့်

နို့ခမ်းဆေးထိုးလိုက်ရသူအတွက် အထူးတာဝန်ယူ ဖြေ ရှင်းပေးပါသည်။



ယုံကြည်မှုအပြည့်နှင့် ဘဝတစ်လျှောက် လျှောက်လှမ်းနိုင်ဖို့ ရွှေ တင့်တယ်(သားကြီး)နဲ့ တစ်ကြိမ်တစ်ခါလောက်သာ လာရောက်ဆွေးနွေးလှည့်ပါ။ မပင်ပန်း မနာကျင်စေဘဲ သက်သောင့်သက်သာရှိစွာ လုပလာစေဖို့ ရွှေတင့်တယ်(သားကြီး)က တာဝန်ယူပါရစေ။

အချိန်အခက်အခဲရှိသူအားလုံးအတွက် အိမ်တိုင်ရာရောက် လိုက်လံ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းကောင်းပါးအပ်ပါသည်။

အမှတ်-၁၈၀၊ ဘုရားလမ်း(တောင်ပိုင်း)၊ . . . . . . . . ။

Ph: ၀၉၅- × × × ×

ကြော်ငြာစာရွက်အား ဖတ်ပြီးသွားသောအခါ အောင်စိုးထက်က ခင်အေးငြိမ်းနှင့် သင်းသင်းယုကို မျက်လုံးစိမ်းကြီးတွေဖြင့် ပြူးဖြီးဖြီးကြီး စိုက်ကြည့်လေသည်။

"အဟီး ... နင်တို့နှစ်ယောက်ကို ကြည့်ရတာ"

"ဟယ်တော့ ... "

ခင်အေးငြိမ်းနှင့် သင်းသင်းယု ကိုယ်လုံးလေးတွေ ကျုံ့ပြီး မနေတတ် မထိုင်တတ် ဖြစ်သွားကြ၏။ ဒီလိုဆိုတော့လည်း သူတို့ခမျာ ရှက်ရှာပေမပေါ့။

ဩော် ... ကြော်ငြာတွေကလည်း ကြော်ငြာတွေပဲနော်။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

ချစ်သူလာလျှင် အေးအေးဆေးဆေး နေထိုင်ကာ စကားပြောနိုင်ရန်အတွက် တိမ်လွှာဖြူ အိမ်အလုပ်တွေ ကြိုလုပ်နေသည်။ ကိုယ်လက်လှုပ်ရှားမှုများကြောင့် သူမ၏ နဖူးပြင်ရှင်းရှင်းကလေးသည်ပင် ချွေးစက်ကလေးများဖြင့် အစိုပျံလျက် ဝင်းပနေ၏။

သူမသည် ချစ်သူနှင့် နှစ်ကိုယ်တူ ဆုံတွေ့ရသည့် အရသာအား နှစ်ခြိုက်စွာ ခံစားတတ်နေပြီ ဖြစ်၏။

''တိမ်လွှာ ...''

အိမ်ရှေ့မှ ခေါ်သံကြောင့် သူမ ခန္ဓာကိုယ်လေး တောင့်မတ်သွားသည်။ အသံက ချစ်သူအသံမဟုတ်။ ဘယ်သူများပါလိမ့်...။ သိလိုစိတ်ဖြင့် လှမ်းကြည့်လိုက်ရာ ခြံထဲသို့ ဝင်လာသော ရသအား တွေ့မြင်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် အဝတ်အစားတွေကို သပ်ရပ်အောင် ပြုပြင်ပြီး အိမ်အပြင်ဆီ သူမ ထွက်လိုက်၏။

"ရသ၊ အိမ်လာလည်တာလား"

"ဆိုပါတော့ ... "

"ဟိုတစ်ယောက်ကော ... သူ ဒီနေ့ မိုးလင်းထဲက ကျွန်မဆီ မလာသေးဘူး၊ ရှင်နဲ့ကော တွေ့ဖြစ်သေးလား"

"ဟင့်အင်း ... မတွေ့ပါဘူး"

ရသက ပါးစပ်နှင့်ပြောသလို ခေါင်းလည်း ခါပြသည်။ ပြီးမှ တိမ်လွှာဖြူကို ပြုံးထေ့ထေ့ဖြင့်ကြည့်ကာ ...

"ဘယ်လိုလဲ တိမ်လွှာရဲ့၊ အိမ်အပြင်မှာ ဒီအတိုင်းပဲ မတ်တတ်ကြီး စကားပြောနေရမှာလား၊ ဧည့်သည်ကို အိမ်ထဲမခေါ်တော့ဘူးလားဟင်"

"အဲဒါတော့ အားနာပါတယ်ရှင် ... အိမ်မှာက တခြားဘယ်သူမှ မရှိကြဘူးလေ၊ အဲဒါကြောင့် ကျွန်မချစ်သူ လာရင်တောင်မှ ကျွန်မတို့ ခြံထဲမှာပဲ စကားပြောကြတာ"

"သြော် ... ဟုတ်လား၊ ဒါဆိုလည်း ခြံထဲမှာပဲ စကားပြောကြတာပေါ့လေ"

ရသက ဒန်းပြာကလေးပေါ်မှာ တည်ငြိမ်စွာ ဝင်ထိုင်သည်။ တိမ်လွှာဖြူက သူနှင့် တူယှဉ်တွဲ မထိုင်ဘဲ ခပ်ကွာကွာ အနားမှာ လက်ကလေးပိုက်ကာ ရပ်နေ၏။

သူမသည် ချစ်သူ ဆိတ်ကွယ်ရာ၌ အနေအထိုင်တတ်စွာဖြင့် စောင့်စည်းလျက်ရှိ၏။ ရသက ...



"ကျွန်တော် တိမ်လွှာ့ကို တစ်ခုမေးမယ်နော်"

"မေးလေ၊ ဘာမေးမလို့လဲ"

"တိမ်လွှာ သွေးရိပ်ကို တကယ်ချစ်ရဲ့လားဟင်"

"ချစ်တာပေါ့ရှင်၊ ကိုယ် တကယ်မချစ်ဘဲနဲ့ ယောကျ်ား တစ်ယောက်ကို ကျွန်မက ဘာကိစ္စ ချစ်သူအဖြစ် သတ်မှတ်ရမှာလဲ၊ သူ့ကို တကယ်ချစ်လို့ သူ့အချစ်ကို ကျွန်မ ကျေကျေနပ်နပ် လက်ခံခဲ့တာပေါ့"

ရသ မေးတာကို တိမ်လွှာဖြူက နှုတ်မနှေးဘဲ သွက်သွက်လက်လက်တုံ့ပြန်၏။ တစ်ဆက်တည်းပင် ရသကို သူမက မေးခွန်းပြန်ထုတ်လိုက်လေသည်။

"နေစမ်းပါဦး၊ ရသက ဘာဖြစ်လို့ ကျွန်မကို အဲဒီလို မေးတာလဲ"

တိမ်လွှာဖြူ၏ မေးခွန်းကို ရသက ကြားပါလျက်နှင့် ပြန်မဖြေချေ။ မလှုပ်မယှက်ဖြင့် အဝေးဆီသို့သာ တွေဝေစွာ ငေးနေလေသည်။ ခဏကြာမှ သူ့နှုတ်ဖျားက လှျော့ရဲနေသော စကားသံတွေ ထွက်ကျလာ၏။

"သွေးရိပ်ထက် ပိုပြီး တိမ်လွှာ့ကို ချစ်နိုင်မဲ့လူတစ်ယောက်ရှိသေးတယ်လို့ပြောရင် တိမ်လွှာ ယုံမလား"

"ရှင် ဘာကိုဆိုလိုချင်တာလဲ ရသ"

"ကျွန်တော် တိမ်လွှာ့ကို ချစ်တယ် ... တိမ်လွှာ့ရင်ထဲမှာ ကျွန်တော့် အတွက် အချစ်တစ်ခုထပ်ပြီး မွေးဖွားပေးပါလားဗျာ"

"ဟင် ... "

www.burmeseclassic.com

www.burmeseclassic.com



သူမ အရမ်းအံ့အားသင့်သွားသည်။ အထင်သေးရှုတ်ချခံလိုက်ရသလိုလည်း ခံစားလိုက်ရ၏။

"ရသ ... ရှင် ... ရှင် ... ကျွန်မကို ဘယ်လိုမိန်းမစားမျိုး မှတ်နေလို့လဲ၊ ကိုယ့်သူငယ်ချင်းရဲ့ မျက်နှာကိုတောင် မထောက်ဘဲ ရှင်မို့ ဒီစကားတွေကို အရှက်မရှိ ပြောထွက်ရဲတယ်၊ ရှင်ဟာ တော်တော်ရှုံ့ဖို့ ကောင်းတဲ့လူပဲ ရသ၊ ရှင် အခုချက်ချင်း ပြန်တော့ နောက်လည်း ကျွန်မအိမ်ကို ဘယ်တော့မှ မလာပါနဲ့"

တိမ်လွှာဖြူက ရသကို ပက်ပက်စက်စက်ပြောပြီး နှင်လွှတ်သည်။ ရသမျက်နှာ ရဲခနဲဖြစ်သွားပြီး တိမ်လွှာဖြူကို တစ်ချက်ကြည့်ကာ ဘာစကားမှ မပြောတော့ဘဲ ထိုင်နေရာမှ ချက်ချင်း ထ,ထွက်သွား၏။

အံ့သြမှုများဖြင့် ကျန်ခဲ့သော တိမ်လွှာဖြူသည် သွေးရိပ်ကို ထိုကိစ္စ ပြောသင့်မပြောသင့် ချင့်ချိန်စဉ်းစားနေမိသည်။ ရသက သွေးရိပ်ထက် ပိုမိုကာ ရုပ်သန့်ပါသည်။ သို့ရာတွင် သူမ၏ နှလုံးသားပလ္လင်ထက်မှ ချစ်သူနေရာကိုတော့ဖြင့် ဖယ်ထုတ်ပစ်နိုင်ခြင်း လုံးဝမရှိပါ။

ဒါဟာ ... သစ္စာ ဖြစ်ပါ၏။

နေ့လယ်ခင်းအထိ သွေးရိပ်က သူမထံ ရောက်မလာသေးချေ။ ဒန်းပြာကလေးပေါ်မှာ ထိုင်ရင်း စာအုပ်တစ်အုပ်ကို အဖော်ပြု၍ ချစ်သူအလာကို သူမစောင့်မျှော်နေမိသည်။ အချိန်တို့က ရှည်ကြာလွန်းလှသည်ဟု စိတ်မှာထင်ရ၏။

"တိမ်လွှာ"

ခေါင်းငုံ့ကာ စာဖတ်နေရာမှ သူမ မော့ကြည့်လိုက်သည်။

"ဟင် ... သစ်ဆူး"



မဖိတ်ခေါ်သူတစ်ဦး ထပ်ရောက်လာပြန်ပါပြီ။ သစ်ဆူးက သူ့လက်ထဲမှ ပလတ်စတစ်အကြည်သားဖြင့် ပါကင်ထုပ်ထားသော ပန်းစည်းအား တိမ်လွှာဖြူထံ ကမ်းပေးသည်။

တိမ်လွှာဖြူ ကြောင်အမ်းအမ်း ဖြစ်သွားရသည်။

"ဒီပန်းစည်းက ဘာလုပ်တာလဲ သစ်ဆူးရဲ့"

"ဒီပန်းစည်းနဲ့အတူ တိမ်လွှာ့ကို ကျွန်တော် လက်ထပ်ခွင့်တောင်းချင်လို့ပါ"

"ဘာ ... "

တိမ်လွှာဖြူ တုန်လှုပ်သွားသည်။ သစ်ဆူးမျက်နှာကို ခပ်မာမာ ကြည့်၍ ...

"ရှင်က ကျွန်မကို လက်ထပ်ချင်တယ်ပေါ့လေ၊ ဟုတ်လား သစ်ဆူး"

"ဟုတ်ပါတယ် တိမ်လွှာ ... တိမ်လွှာ့ကို မြင်မြင်ချင်း ကျွန်တော် အရမ်းချစ်သွားမိတယ်၊ တိမ်လွှာ့ကို ကျွန်တော် ပိုင်ဆိုင်ချင်တယ်၊ သွေးရိပ်ချစ်သူမို့လို့ စောင့်ထိန်းပါသေးတယ်၊ ဒါပေမဲ့ အခုတော့ ဘယ့်လိုမှ မနေနိုင်တော့လို့ ဖွင့်ပြောလိုက်ရတာပါ"

သစ်ဆူးက တိမ်လွှာဖြူ၏မျက်နှာကို နူးညံ့စွာကြည့်၍ ပြော၏။ တိမ်လွှာဖြူ ထပ်မံကာ စိတ်ရှုပ်ရပြန်ပါသည်။

"သစ်ဆူး၊ ဒီကိစ္စကို ရှင့်သူငယ်ချင်း သွေးရိပ်သာသိရင် ရှင် မလွယ်ဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com



“သိတော့လည်း ဘာဖြစ်လဲဗျာ၊ တိမ်လွှာနဲ့ ပတ်သက်ရင် အားလုံးကို ကျွန်တော် ရင်ဆိုင်ဝံ့တယ်၊ တိမ်လွှာသာ ကျွန်တော့်ကို လက်ထပ်မယ်ဆိုရင် သွေးရိပ်တို့ထက်သာတဲ့ အခြေအနေမျိုးနဲ့ ကျွန်တော် ထားနိုင်ပါတယ်”

“တော်တော့ သစ်ဆူး ... ရှင် ဆက်မပြောနဲ့တော့၊ ကျွန်မဘဝမှာ သူကလွဲပြီး နောက်တစ်ယောက်ဆိုတာ ဘယ်တော့မှ ရှိလာမှာမဟုတ်ဘူး။ ရှင်တို့ သူငယ်ချင်းကတော့ ရှင်တို့ကို ချစ်လိုက်ရတာ၊ ရှင်တို့နှစ်ယောက်ကတော့ တစ်ယောက်မှ ကိုယ့်သူငယ်ချင်းအပေါ် သစ္စာမရှိကြဘူး။ ရှင်လည်း ရသနဲ့ အတူတူပဲ”

“ဘယ်လို... ကျွန်တော်က ရသနဲ့ အတူတူပဲ၊ ဟုတ်လား”

သစ်ဆူးက နားမလည်ဟန် မျက်နှာပေးနှင့် ပြန်မေးတော့ တိမ်လွှာဖြူ ခေါင်းကိုဆတ်ခနဲ ညိတ်ပြလိုက်သည်။

“ဟုတ်တယ်၊ မနက်ကပဲ ရသ ရောက်လာပြီး ကျွန်မကို ပရိုပို့စ် (Propose) လုပ်တယ်၊ ရှင်တို့ဟာ... ကိုယ့်သူငယ်ချင်းအပေါ် တစ်စက်မှ မကောင်းတဲ့လူတွေ”

“ဘာ... ရသက တိမ်လွှာ့ကို ပရိုပို့စ်လုပ်တယ်၊ ဟာ... အဲဒါ တကယ်ပဲလား၊ တိမ်လွှာ...တိမ်လွှာ ကျွန်တော့်ကို ညာနေတာ တော့ မဟုတ်ပါဘူးနော်”

“ကျွန်မက ရှင့်ကို ဘာကိစ္စ ညာရမှာလဲ”

“ဟာကွာ... တောက်... ဒီကောင်ကွာ”

သစ်ဆူးသည် လက်သီးဆုပ်လိုက်၊ တက်ခေါက်လိုက် ဖြစ်နေသည်။ ထို့နောက် သူ့လက်ထဲမှ ပန်းစည်းကို မြေပြင်ပေါ် ပစ်ပေါက်ပြီး



ခြံထဲမှ ခြေလှမ်းကျဲကြီးများဖြင့် ထွက်ခွာသွားလေသည်။

မြေပြင်ပေါ်၌ လှပဆဲ အပိုးတန် ပန်းစည်းအားကြည့်၍ တိမ်လွှာဖြူ ပင့်သက်ရှိုက်လိုက်မိပါသည်။ ရှေ့ဆက်၍ ဘာတွေ ဖြစ်ပျက်ကြဦးမည် မသိ။

အကြံအစည်ချင်းက တိုက်ပဲ တိုက်ဆိုင်လွန်းလှ၏။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

"ဘာ ..."

ကြားလိုက်ရသော သတင်းစကားကြောင့် သွေးရိပ် ကိုယ့်နား ကိုယ်ပင် မယုံနိုင်လောက်အောင် ပြာဝေသွားသည်။ မနေ့က သူ့ဖခင်နှင့် အတူ လိုက်လံကာ အလုပ်ကိစ္စများ ကူလုပ်ပေးနေရသဖြင့် တိမ်လွှာဖြူ ထံ မရောက်ဖြစ်ခဲ့ချေ။

ထိုတစ်ရက်ကလေးမှာ ပြောင်းလဲသွားသော အဖြစ်အပျက်တွေက အိပ်မက်ဆန်ကာ နာကျင်စရာကောင်းလှပေသည်။

"တိမ်လွှာရယ်... ဒါ... ဒါတွေဟာ တကယ်ပဲလားကွာ"

မယုံရဲနိုင်စွာ သူ ထပ်မေးလိုက်မိပါသည်။ တိမ်လွှာဖြူကတော့ အငြိမ်။

❁

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် သွေး ... မနေ့က ရသနဲ့သစ်ဆူး နှစ်ယောက် စလုံး အိမ်ကိုလာပြီး တိမ်လွှာ့ကို ပရိုပို့စ် (Propose) လုပ်ကြတယ်"

"ဟူး ... "

စိတ်ရှုပ်စွာဖြင့် သက်ပြင်းမောကို မှုတ်ထုတ်ရင်း ခေါင်းကို ထိုးဖွ ပစ်လိုက်သည်။ ဆံပင်တွေ အကုန်ရှုပ်ပွသွားတော့၏။ သူ့ရင်သည်လည်း ဆံပင်တွေလိုပဲ သပ်ရပ်မှု ပျောက်ပျက်ကာ လွင့်ဖွာနေပြီ ဖြစ်လေသည်။

"ကိုယ်တော့ ဒီကိစ္စကို မယုံနိုင်အောင်ပါပဲ တိမ်လွှာရယ်"

"ဒါပေမဲ့ ဒီကိစ္စက တကယ်ဖြစ်ခဲ့တာလေ...ဘာလဲ... သွေးက တိမ်လွှာ ပြောတာကို မယုံဘူးလား..."

မယုံတာ မဟုတ်ပါဘူး တိမ်လွှာရယ်···။ ဒီအဖြစ်အပျက်ကို လက်မခံချင်တာပါ။ ရင်ထဲမှာ ညည်းမိသည်။

"ကိုယ့်သူငယ်ချင်းနှစ်ယောက်က ကိုယ့်အပေါ်မှာ ဒီလောက် သစ္စာမဲ့မှာ မဟုတ်ဘူးလို့ ကိုယ် ထင်နေတယ် ... "

"ဒီအခြေအနေအထိ ဖြစ်နေတာတောင်မှ သွေးက သူငယ်ချင်း တွေအပေါ် ယုံနေတုန်းပဲလား"

သူ ပြန်မဖြေမိ။ လည်ချောင်းတစ်လျှောက် တစ်ဆို့နေပါသည်။ ချစ်သူက ...

"ကြာရင် သူတို့တွေ ပိုဆိုးလာလိမ့်မယ် သွေး ... ဒီကိစ္စကို သွေး ဘယ်လိုလုပ်မှာလဲ၊ ဒီလိုပဲ မသိချင်ယောင်ဆောင်နေပေးမှာလား"

"မဟုတ်ပါဘူး တိမ်လွှာရယ်၊ ကိုယ် ဘယ်လိုလုပ်ရင် ကောင်းမလဲ လို့ စဉ်းစားနေတာပါ"

"စဉ်းစားမနေနဲ့တော့ သွေး ... ဒီကိစ္စကို အားလုံး မျက်နှာချင်း



ဆိုင် တွေ့ပြီး ရှင်းလိုက်ကြတာပေါ့၊ အဲဒါ အကောင်းဆုံးပဲ"

တိမ်လွှာဖြူက အကြံပေးသည်။ သူမ ဉာဏ်က ဆောင်ရွက်ရန် ဆီလျော်နေသဖြင့် မငြင်းသာ။

"အင်းလေ ... အဲဒီလိုပဲ လုပ်ရတော့မှာပေါ့"

ရှောင်လွှဲရန် မဖြစ်သည့် ဒီပြဿနာကို ထိပ်တိုက်ရင်ဆိုင်ပစ်လိုက် ရန်သာ ဆုံးဖြတ်လိုက်တော့၏။ တိမ်လွှာဖြူ၏ အိမ်မှပင် သစ်ဆူးနှင့်ရသ ကို ဖုန်းဆက်ပြီး (အကြောင်းအကျိုး အထွေအထူးမပြောဘဲ) လူရှင်းသည့် ဘောလုံးကွင်း တစ်ခုသို့ အခုလာဖို့ ချိန်းဆိုလိုက်သည်။

ထို့နောက် သူတို့ချစ်သူနှစ်ဦးသည် မြက်စိမ်းပင်ကလေးများ ဖြန့်ခင်းထားသည့် ဘောလုံးကွင်းဆီ သွားကာ သစ်ဆူးနှင့်ရသ အလာကို မကျေနပ်ချက်တွေဖြင့် စောင့်စားနေလိုက်ကြ၏။

အမြဲတစေ ဆုံတွေ့နေကျ သူငယ်ချင်းနှစ်ယောက်နှင့် တွေ့ရမှာ အခုတော့ဖြင့် သွေးရိုပ် ဝန်လေးနေပါသည်။ အမွန်တမြတ် တန်ဖိုးထား သော အရာအား အဆုံးရှုံးခံလိုက်ရမှာလည်း သူကြောက်နေသည်။ ခဏကြာတော့ သစ်ဆူးနှင့်ရသသည် အတူတကွ ရောက်ချလာ၏။

"သွေးရိုပ် ... မင်းက ငါတို့ကို ဘာကိစ္စ ဘောလုံးကွင်းထဲ လာဖို့ ခေါ်ရတာလဲ"

"တိမ်လွှာလည်း ပါတယ်ဆိုတော့ ... ဇကန္တ နှစ်ယောက်ချင်း ဘောလုံးကန်မလို့ ထင်တယ်ကွ"

"ကွင်းကြီးက ကျယ်ပါတယ်ကွာ ... ငါတို့နှစ်ယောက် မပါ တော့ဘူး၊ သူတို့နှစ်ယောက်ကိုပဲ ပင်နတီရှုးခိုင်းလိုက်"

"အဲဒါဆို တိမ်လွှာက ထဘီခါးတောင်းကျိုက် ကစ်ပြီး သွေးနှင့်

www.burmeseclassic.com

www.burmeseclassic.com



က ချေးသေးချွတ် ဂိုးဖမ်းပေါ့ ... အဝတ်အစားတွေ ပေမှာစိုးလို့ ပြောတာပါ''

''စေတနာ ... စေတနာ''

သစ်ဆူးနှင့်ရသက ရှင်ရှင်ပွပွပင် စ,နောက်နေကြ၏။ တိမ်လွှာဖြူကိုကြည့်ပြီး နှစ်ယောက်သား ကိုယ်စီကိုယ်င ပြုံးပြကြသည်။ တိမ်လွှာဖြူက မျက်နှာကိုမဲ့ပြီး အမြင်ကတ်စွာ တစ်ဘက်လှည့်နေလိုက်ပါသည်။

အစိမ်းရောင်ကွင်းပြင်က ခေတ္တမျှ ခြောက်ကပ်တိတ်ဆိတ်သွား၏။ သွေးရိပ် ငြိမ်နေသည်။ မလွဲသာ၍ ပစ်ခတ်ရမည့် သေနတ်တစ်လက်အား ယူမှန်တင်းကာ မောင်းတင်နေသလိုမျိုး ဖြစ်၏။ အတန်ကြာမှ သက်ပြင်း ချပြီး...

''မင်းတို့နှစ်ယောက်ကို ငါ တစ်ခုမေးမယ်... မင်းတို့ အမှန်အတိုင်း ဖြေနော်''

''မေးလေ''

''ဘာမေးမှာလဲ''

သစ်ဆူးနှင့်ရသက အမူအရာမပျက်။ သွေးရိပ်သည် အံကြိတ်၍...

''မင်းတို့ ... မင်းတို့ ... မနေ့က တိမ်လွှာ့ကို ပရိုပို့စ် လုပ်တယ်ဆို၊ အဲဒါ တကယ်ပဲလား ... တခြားလူတွေက ဒီလိုလုပ်ရင် ငါ သည်းခံနိုင်ပေမဲ့ အချစ်ဆုံးသူငယ်ချင်းနှစ်ယောက်က ဒီလိုလုပ်တာတော့ ငါ ခွင့်မလွှတ်နိုင်ဘူး ... အရမ်း ရင်နာတယ် ... ဘယ်သူ့ဘက်က စလို့ ဒီလိုဖြစ်ရတာလဲ၊ ဒီကိစ္စမှာ မှားတဲ့လူကိုတော့ မိန်းမဖြစ်ဖြစ် ယောကျ်ားဖြစ်ဖြစ် ငါ လုံးဝ မညှာဘူးနော်၊ မင်းတို့ကပဲ အဲဒီလို တကယ်



လုပ်ခဲ့ကြတာလား၊ တိမ်လွှာကပဲ ငါ့ကို ညာပြောခဲ့တာလား''

ဝမ်းနည်းခံပြင်းမှုကြောင့် သူ့အသံတွေ အက်ကွဲနေသည်။ ထို့အတူ ... သူငယ်ချင်းတွေနှင့် ပတ်သက်လျှင် သူမကိုပင် ယုံကြည်မှု နည်းပါးနေသော ချစ်သူ၏ စကားတွေကြောင့် တိမ်လွှာဖြူ၏ ရင်ထဲမှာလည်း အနာတရတစ်ခု ဖြစ်ပွားသွားလေသည်။ သစ်ဆူးက ...

''တိမ်လွှာက မင်းကို ညာပြောတာ မဟုတ်ပါဘူးကွာ''

''ဟုတ်ပါတယ် ... တိမ်လွှာပြောတာ အမှန်တွေပါ''

သစ်ဆူးစကားကို ရသကလည်း ဖြည့်စွက်ပေး၏။ ထိုအခါ ထိတ်လန့်မှုဖြင့် သွေးရိပ်မျက်နှာသား အကြီးအကျယ် ပျက်ယွင်းသွားသည်။

''ဒါဆို၊ ဒါဆို... မင်းတို့ ဘာကြောင့်၊ ဘာကြောင့် ဒီလိုလုပ်ရတာလဲ''

ရှင်းနေတာကို ရှုပ်အောင် လုပ်နေတာမဟုတ်ပါ။ သံယောဇဉ် နှောင်ဖွဲ့မှုဖြင့် အဖြေထုတ်ယူနေတာ ဖြစ်သည်၊ ခိုင်မြဲသော တွယ်တာမှုများသည် မိန်းကလေးတစ်ယောက်ကြောင့် ပြတ်တောက်သွားမှာမျိုးကို သူ အသေအလဲ ပူပင်စိုးကြောက်နေမိပါသည်။

ရသက သွေးရိပ်ပခုံးကို ပုတ်၍ အပြုံးဖြင့် ...

''အဲဒီလောက်ကြီးလည်း ရပ်ပျက်ဆင်းပျက် စိတ်ပူမနေပါနဲ့ သွေးရိပ်ရာ ငါတို့က မင်းအပေါ်မှာ တိမ်လွှာ သစ္စာရှိမရှိ သိချင်လို့ စမ်းသပ်ကြည့်တာပါကွာ''

''ဟုတ်တယ် သွေးရိပ်၊ တိမ်လွှာက မင်းကို တကယ်မချစ်ဘဲ လက်ခံလိုက်တာမျိုး ဖြစ်နေမှာစိုးလို့ ငါတို့မှာ နှစ်ပြားမတန်အောင်

www.burmeseclassic.com

www.burmeseclassic.com



အပြောခံပြီး အခမဲ့ စမ်းသပ်ရေးကြီး စစ်ဆင်လိုက်ရတာ၊ ဒါတောင်မှ ငါတို့အိတ်ထဲက ပန်းစည်းဖိုး စတေးလိုက်ရသေးတယ်၊ ဘယ်လိုလဲ တိမ်လွှာ ... ကျွန်တော်တို့နှစ်ယောက် သရုပ်ဆောင်တာ ပီပြင်တယ် မဟုတ်လားဟင်''

သစ်ဆူး၏ အမေးကို အံ့သြကြောင်ငေးနေသော တိမ်လွှာဖြူက ဘာတစ်ခွန်းမှ ပြန်မဖြေချေ။ စောစောတုန်းက ငပုပ်မိနေသော လ,သဖွယ် ညိုမည်းစွဲနေသည့် သွေးရိုပ်၏ မျက်နှာပြင်ကတော့ ဝင်းပကြည်လင် သွားၥ၏။

''ဒါဆို ... မင်းတို့က တိမ်လွှာ့ကို တကယ်ချစ်တာ မဟုတ်ဘဲနဲ့ ငါ့အတွက် စမ်းသပ်ပေးတာပေါ့လေ၊ ဟုတ်လား''

''ဒါပေါ့...''

''အမှန်ပဲ...''

သစ်ဆူးနှင့်ရသက ပခုံးတွန့်၍ ပြောကြ၏။ ထိုအခါ သွေးရိုပ် မျက်နှာကြီး ပြုံးသွားသည်။

''ဟား... ဒီလိုပဲ ဖြစ်ရမှာပေါ့... ကဲ ... ကိုယ် မပြောဘူး လား တိမ်လွှာ၊ ကိုယ့်သူငယ်ချင်းတွေက ကိုယ့်အပေါ် သစ္စာဖောက်မဲ့ ကောင်တွေ မဟုတ်ဘူးဆိုတာ ကိုယ်က ယုံပြီးသားပါ၊ သိပ်ချစ်ကြတဲ့ တို့သူငယ်ချင်း သုံးယောက်ဟာ၊ မိန်းမတစ်ယောက်ကြောင့် ဘယ်တော့မှ သွေးကွဲမှာ မဟုတ်ဘူး၊ အဲဒါကို ငါ ယုံတယ်''

''မင်းတစ်ယောက်တည်း ယုံမနေနဲ့လေကွာ၊ ငါလည်း ယုံဦး မယ်''

''မင်းတို့ကလည်း ခွဲခြားခွဲခြား မလုပ်ပါနဲ့၊ ငါလည်း ပါချင်တာ



ပေါ့ဟ၊ ငါလည်း ယုံတယ်ကွာ''

''ယုံကြ ယုံကြ၊ တိမ်လွှာလည်း တော်တော်စိတ်ရှုပ်သွားပုံရ တယ်၊ မင်းတို့လည်း နောက်ထပ် တိမ်လွှာ့ကို မစမ်းသပ်ကြနဲ့တော့ တိမ်လွှာက ငါ့ကို တကယ်ချစ်တယ်ဆိုတာကိုလည်း ငါက ယုံပြီးသားကွ''

သွေးရိုပ်က သစ်ဆူးနှင့်ရသ၏ ပခုံးကိုဖက်၍ အားရပါးရ ပြောချ လိုက်သည်။ သစ်ဆူးနှင့်ရသက ဖွဲ့လေသည်။

''ရုပ်ကြီးက အခုမှ ပြုံးဖြီးဖြီးကြီး ဖြစ်လာတယ်၊ ဒုက္ခိတ ဆပ်ပြာ သည်မ လင်ပျောက်ရာက ပြန်တွေ့သလိုလို၊ သူတောင်းစားမ လင်သေ နဲ့ တစ္ဆေဘဝမှာ ပြန်တွေ့နေသလိုလိုရုပ်နဲ့''

''ခုနကတော့ဖြင့် မပဋ္ဌာစာရီရဲ့ အပူသည်မျက်နှာကို ငှားတပ် ထားသလိုလို၊ မိလ္လာကျင်းထဲ ခြေချော်ကျပြီး မှောက်လျက်လဲထား သလိုလို သင်းကွပ်ခံလိုက်ရတဲ့ ဝက်သိုးကြီးလိုလို''

''ခွီးတဲ့မှပဲ၊ မင်းတို့ ပြောနေတာတွေကလည်း ကောင်းတာ တစ်ကွက်မှ မရှိပါလား''

''ဒါကတော့ မင်းနဲ့ လိုက်လျောညီထွေဖြစ်အောင် ပြောရတာပဲ လေ''

''ဒါတောင်မှ လိုနေသေးသလားလို့''

မြက်စိမ်းပင်ကလေးများထက်တွင် ရယ်ကာမောကာဖြင့် သုံး ယောက်သား စ,နောက်ပျော်ရွှင်နေကြသည်။ သွေးရိုပ်က သူ့ညာ လက်ဖဝါးအား ဖြန့်ပေးလိုက်လေသည်။ ထိုအခါ သစ်ဆူးနှင့်ရသ၏ လက်တွေက ဆင့်ကာဆင့်ကာ ကျရောက်လာ၏။ သူတို့ကြားမှာ ခဏ တာ အေးစက်သွားသော အခြေအနေသည် တစ်မုဟုတ်ချင်း ပြန်လည်ဆုံး

www.burmeseclassic.com

www.burmeseclassic.com



ထွေးသွားပါတော့သည်။

ပျော်ရွှင်နေသော သူတို့သူငယ်ချင်းသုံးယောက်ကို ကြည့်၍ တိမ်လွှာဖြူ၏ ရင်ထဲ၌ ထိခိုက်မှုတစ်ခု ပေါ်ပေါက်ဖြစ်တည်နေလျက်ရှိသည်။ သူမသည် သုံးနားညီကြိုးတစ်ခုအတွင်းမှ အစမ်းသပ်ခံ သတ္တဝါတစ်ကောင်အဖြစ် တန့်နှံ့ မှတ်ထင်ခံစားနေရလေသည်။

◆ ◆ ◆



## အခန်း (၁၃)

မပီပိုးတဝါးဖြင့် သွေးရိုပ် အိပ်စက်နေသည်။ သူ့စိတ်အာရုံထဲ၌ အိပ်မက်တစ်ခု ဟပ်ထင်မြင်မက်နေပါသည်။

အိပ်မက်ထဲတွင် ပန်းခြံတစ်ခုအတွင်း၌ သူနှင့် တိမ်လွှာဖြူ လျှောက်လည်ပတ်နေချိန်မှာ သစ်ဆူးနှင့်ရသက ဇရာမ ဓားကြီးတွေဖြင့် ရောက်ချလာသည်။ သူတို့နှစ်ယောက်က တိမ်လွှာဖြူကို လက်ညှိုးထိုးပြီး ဓားကြီးတွေ တရမ်းရမ်းနှင့် "ခွဲပေး ... ခွဲပေး" ဟု ဟစ်အော်နေသည်။

သွေးရိုပ်က တိမ်လွှာဖြူ၏ လက်ကိုဆွဲ၍ "ခွဲမပေးနိုင်ဘူး ခွဲမပေးနိုင်ဘူး" ဟု ပြန်အော်ပြီး နှစ်ယောက်သား ကြောက်လန့်တကြား ပြေးထွက်ခဲ့ကြသည်။ ထိုသို့ ပြေးနေရင်း လမ်းခုလတ်၌ ခလုတ်တိုက်မိပြီး တိမ်လွှာဖြူ လဲကျသွားသည်။ ထိုအခါ သူမကို ဆွဲထားသည့် သွေးရိုပ်ပါ လဲပြိုသွားရ၏။

www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်မှာပင် နောက်မှ ပြေးလိုက်လာသည့် သစ်ဆူးနှင့်ရသက မှီလာသည်။ သူတို့လက်ထဲမှ ဧရာမဓားကြီးတွေကို ကိုင်မြှောက်ပြီး "ခွဲမယ် ခွဲမယ်" ဟု ဟစ်အော်လျက် လဲကျနေသည့် သွေးရိပ်၏ ရင် ဘတ်အား ခုတ်ပိုင်းချလိုက်သည်။

"ဖြန်း"

"အား ... အား ... သေပါပြီဗျ၊ ဓားကြီးနဲ့ မခုတ်ပါနဲ့"

သွေးရိပ်သည် ငယ်သံပါအောင် ဟစ်အော်လေသည်။

"မင်းကို ဘယ်သူက ဓားနဲ့ခုတ်နေလို့လဲကွ ... လက်ဝါးလေးနဲ့ ပုတ် နိုးတာကိုများ ဒီလောက်ပဲ အော်ရသလား"

"အင် ... အဲ ... "

အသံများကြောင့် အိပ်မက်တို့ ပြယ်လွင့်ကာ ပစ္စုပ္ပန်တည့်တည့်သို့ သွေးရိပ်စိတ်က ပြန်ရောက်လာသည်။ မျက်လွှာကို ဖွင့်ကာ ကြည့်လိုက်တော့ သစ်ဆူးနှင့်ရသအား သူ တွေ့ရ၏။

"ဝါး ... အိပ်ကောင်းလိုက်တာကွာ"

ပျင်းကြောဆန့်ရင်း ဖွင့်ထားသော ပြတင်းပေါက်မှ အပြင်သို့ လှမ်းကြည့်လိုက်မိသည်။ ထိုအခါ မြင်ကွင်းကြောင့် သွေးရိပ် လန့်သွား သည်။

"ဟင် ... နေလုံးကြီးတောင် ဝင်တော့မှာပါလား ... ဒါဆို ငါအိပ်တာ တစ်ညနဲ့တစ်နေ့တောင် ကြာသွားတာပေါ့"

"အဲဒါ နေဝင်တာ မဟုတ်ဘူး ဒေဝဒတ်ရဲ့ ... နေထွက်တာ"

"ဟာ ... နေက ထူးထူးခြားခြား အနောက်အရပ်က ထွက်နေ ပါလား"

"ဒေဝဒတ်ရဲ့၊ နေက အနောက်အရပ်က ထွက်နေတာမဟုတ်ဘူး၊ မင်းက အိပ်ရာကို ဇောက်ထိုးကြီး အိပ်နေတာ"

"ဟိုက် ... ဟုတ်သားပဲ"

ဒီတော့မှ အဖြစ်မှန်ကို သွေးရိပ် သိသွားသည်။ အိပ်နေရင်း ဘယ်လိုကနေ ဘယ်လို ချာချာလည်သွားမှန်းပင် သူ မသိလိုက်။ ခြေရင်း နှင့်ခေါင်းရင်းကို ပြန်ပြင်ထိုင်လိုက်တော့မှ မြင်ကွင်းက အချိုးကျသွား သည်။

ဟုတ်ပါသည်။ အခုမှ နေစ,ထွက်တာ ဖြစ်၏။

"ဟိတ်ကောင်တွေ၊ ကျားသားမိုးကြိုး အစောကြီးပါလား"

"ကျားသားမိုးကြိုးတွေ ခွေးသားမိုးကြိုးတွေ လုပ်မနေနဲ့၊ ထ တော့၊ ဒီနေ့ ဘာနေ့လဲဆိုတာကော မင်း သိရဲ့လား"

"နေထွက်ခြင်းနဲ့ စတင်ပြီး နေဝင်ခြင်းနဲ့ အဆုံးသတ်မဲ့ နေ့လေ ကွာ"

အိပ်ချင်မူးတူးဖြင့် သွေးရိပ် စိတ်ထဲတွေ့ရာ ပြောပစ်လိုက်၏။ သစ်ဆူး က မျက်နှာကိုမဲ့၍ ...

"နေထွက်တာမှန်း နေဝင်တာမှန်းတောင် မသိတဲ့ကောင်ကများ ကွာ၊ ကြီးကြီးကျယ်ကျယ်နဲ့။ မသိရင် မသိဘူးလို့ ပြောစမ်းပါ။ ရသ ဒီဒေဝဒတ်ကို ပြောပြလိုက်စမ်းပါကွာ ဒီနေ့ ဘာနေ့လဲဆိုတာ"

"ပြောပြရမယ်ဆိုရင်တော့ဖြင့်၊ စောမြ ဖင်ကောက်တဲ့ ဒီနေ့ဟာ ဩဂုတ်လရဲ့ နောက်ဆုံးအပတ် တနင်္ဂနွေနေ့ပဲ ဖြစ်ပါတယ်ခင်ဗျာ"

"ဟာ ... ဒါဆို"

ရသ၏ ပြောင်ချော်ချော်စကားကို ကြားတော့မှ သွေးရိပ်



www.burmeseclassic.com

www.burmeseclassic.com



မှတ်ဉာဏ်တွေ နိုးကြားကာ အာရုံထဲမှာ ဖြာခနဲ လင်းလက်သွား၏။

"ဒါဆို ... ဒီနေ့က World Friendship day ပေါ့"

"ဟုတ်တယ်၊ ဒီနေ့ဟာ ကမ္ဘာ့သူငယ်ချင်းများနေ့ပဲ မေ့နေတဲ့ကောင်ရေ"

နှစ်စဉ်နှစ်တိုင်း သူငယ်ချင်းများနေ့ဆိုလျှင် အလုပ်ကိစ္စအဝဝကို ဖျက်ပြီး သူတို့သူငယ်ချင်းသုံးဦး တွေ့ဆုံ၍ တစ်နေကုန် မခွဲဘဲ အတူတကွ သွားလာနေထိုင်စားသောက်နေကျ ဖြစ်သည်။

ထိုအစဉ်အလာကို ကျင့်သုံးဖို့ အကြံပေးခဲ့သည့် သူကိုယ်တိုင်က ယခုနှစ်မှာတော့ ချစ်သူ တိမ်လွှာဖြူထံ အာရုံသက်ရောက်နေသဖြင့် သတိလစ် မေ့လျော့နေခဲ့၏။ ထိုအတွက် သွေးရိုပ် စိတ်မကောင်းဖြစ်သွားမိသည်။

"ဆောရီးပဲကွာ၊ ဒီနေ့ကို ငါ မေ့နေတဲ့အတွက် မင်းတို့ကို တောင်းပန်ပါတယ်"

"ရပါတယ်ကွာ၊ အကန့်မရှိပါဘူး"

"မင်း မျက်နှာသစ်မှာသာ သွားသစ်၊ ပြီးရင် ငါတို့ အပြင်လိမ့်ကြမယ်"

"အိုကေ ... ခဏစောင့်"

သွေးရိုပ်သည် ကပျာကသီ သွားတိုက်၊ မျက်နှာသစ်၊ ကိုယ်လက်သန့်စင်၊ ရေချိုးပြီး လွတ်လပ်ပေါ့ပါးသော ဝတ်စုံတစ်စုံကို ဝတ်ဆင်လိုက်သည်။ အိပ်မက်အကြောင်းကို သူငယ်ချင်းနှစ်ယောက်အား ပြောပြရန် ဟန်ပြင်ပြီးမှ သွယ်ဝိုက်သော သတိပေးတားမြစ်မှုတစ်ခုအဖြစ် ထင်မြင်ယူဆသွားမှာ စိုးရိမ်သောကြောင့် မပြောတော့ဘဲ နေလိုက်သည်။



သွေးရိုပ်က သူ့မိခင်ထံ ခွင့်ပန်ပြီးနောက် ဂစ်တာတစ်လက်ကို ဆွဲကိုင်လျက် သူတို့သူငယ်ချင်းသုံးယောက် ထွက်လာခဲ့ကြသည်။ မိုးရာသီ နံနက်ခင်းက အပူရှိန်မပြင်းထန်ဘဲ သွားလာလှုပ်ရှားရတာ အဆင်ပြေနေ၏။

"ဟေး ... သွေး"

တိမ်လွှာဖြူတို့ အိမ်ရှေ့မှ ဖြတ်အလျှောက်မှာပင် ချိုမှုးသော ခေါ်သံလေးကြောင့် သွေးရိုပ် လှည့်ကြည့်လိုက်မိသည်။ ထိုအခါ အိမ်ထဲမှ အပြေးကလေး ထွက်လာသည့် တိမ်လွှာဖြူအား တွေ့မြင်လိုက်ရပါသည်။ သူမက အနားရောက်တော့ ...

"စောစောစီးစီး ဂစ်တာကြီးနဲ့ ဘယ်သွားကြမလို့လဲ"

"ဒီနေ့က ကမ္ဘာ့သူငယ်ချင်းများနေ့လေ တိမ်လွှာရဲ့၊ အဲဒါကြောင့် ကိုယ်တို့သူငယ်ချင်းသုံးယောက် အပြင်ထွက်ပြီး လျှောက်လည်ကြမလို့"

"ဒါဆို တိမ်လွှာပါ လိုက်မယ်လေ"

"မလိုက်ပါနဲ့ တိမ်လွှာရယ်၊ အခုလို သူငယ်ချင်းများနေ့မျိုးဆိုရင် ကိုယ်တို့သုံးယောက်က တခြားအဖော်တွေ အကုန်လုံးကို ဖယ်ပြီး ကိုယ်တို့သုံးယောက်တည်း၊ သီးသန့် တစ်နေကုန် နေကြတာမို့လို့ပါ အဲဒါကြောင့် တိမ်လွှာအိမ်မှာပဲ စာအုပ်ဖတ်ရင်း နေခဲ့နော်"

သွေးရိုပ်က တိမ်လွှာဖြူ၏ ပခုံးသားလေးကိုဖျစ်၍ နှစ်သိမ့်လိုက်၏။ ထို့နောက် သူ့သူငယ်ချင်းနှစ်ယောက်၏ပခုံးကို ဖက်ပြီး တရွှေ့ရွှေ့ ထွက်ခွာသွားလေသည်။

တိမ်လွှာဖြူ ရင်ထဲမှာ နာနေသည်။ ဒဏ်ရာတွေက တစ်စတစ်စ ပိုမိုများပြားလာ၏။ အထီးကျန်ဆန်မှုကို သူမတစ်ယောက်တည်း ခံစား

www.burmeseclassic.com

www.burmeseclassic.com



သီးသီး ခံစားနေရသည်။ သူတို့သူငယ်ချင်းသုံးယောက်၏ စည်းလုံးမှုကြား မှာ သူမသည် အရေးမပါသော သက်မဲ့အရုပ်တစ်ရုပ်ပမာ ဝိုင်းပယ်ခံနေရ ရှာ၏။

သူတို့၏ စည်းလုံးမှုကရော စစ်မှန်စွာ မြဲမြံပါရဲ့လား...။

ထိုနေ့က ရသ၊ သစ်ဆူး၊ သွေးရိပ်တို့ သူငယ်ချင်းသုံးဦးသည် နှစ်စဉ် လုပ်လေ့လုပ်ထရှိသည့်အတိုင်း ပထမဦးဆုံး ဓာတ်ပုံဆိုင်တစ်ဆိုင် သို့ သွားကာ သုံးယောက်တွဲ ဓာတ်ပုံသုံးပုံရိုက်ကြသည်။

ထို့နောက် လက်ဖက်ရည်တစ်ခွက်အား သုံးယောက် ဝေမျှ သောက်ကြသည်။ မုန့်ပဲသွားရေစာများအား လုယက်စားကြသည်။ မရောက်ဘူးသေးသော နေရာများနှင့် ရောက်ဖူးပြီးသားနေရာအချို့အား လျှောက်သွားကြသည်။ ညနေချိန်တွင် လမ်းထိပ်ရှိ အုတ်ခုံပုံလေး၌ မ ဆန့်မပြဲ ကပ်ဖွဲ့ထိုင်၍ ဂစ်တာတီးပြီး ကာလပေါ် တေးသီချင်းများ ဆို ညည်းကြသည်။

ဩဂုတ်လ၏ နောက်ဆုံးအပတ် တနင်္ဂနွေနေ့၌ ကျရောက်သော 'ကမ္ဘာ့သူငယ်ချင်းများနေ့'သည် တစ်နှစ်တာကာလအတွင်း သူတို့ အပျော်ရွှင်အနှစ်သက်ဆုံး နေ့ရက်ဖြစ်၏။

◆ ◆ ◆



## အခန်း (၁၄)

နေရောင်ခြည်သည် ပူနွေးစွာဖြင့် မြေနေရာအနှံ့အပြားတွင် ဆင်း သက်ကျရောက်လျက်ရှိသည်။ အရိပ်အာဝါသကောင်းသော သစ်တစ်ပင် အောက်တွင် အောင်စိုးထက်သည် ဒစ်ဂျစ်တယ်ကင်မရာတစ်လုံးဖြင့် အလုပ်ဖြစ်နေ၏။

လမ်းသွားလမ်းလာ ကောင်မလေးများအား ကင်မရာဖြင့် ဆွဲ ကြည့်ပြီး လှတပတလေးတွေဆိုလျှင် သူတို့လေးတွေ၏ ပုံရိပ်ကို 'ချပ်'ခနဲ ခလုတ် တစ်ချက်နှိပ်ကာ ပိုင်စိုးပိုင်နက် သိမ်းပိုက်ပစ်လိုက်၏။ သူ့ဝါသနာ နှင့်သူတော့ ပီတိဖြာကာ အဟုတ်ကျေနပ်နေသည်။ သူ့ချိန်ကွင်းထဲသို့ လိင်တူ ယောကျာ်းသားများနှင့် သက်ကြီးရွယ်အို အမျိုးသမီးကြီးများ ဝင်ရောက်လာလျှင်မူ သူ အလွန်အမင်း စိတ်တို၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဥ်မှာပင် သူ့ချိန်ကွင်းအတွင်း ကောင်မလေးတစ်ယောက် ဝင်ရောက်လာပြန်သည်။ မြင်ဖူးသလိုလိုရှိ၍ စဥ်းစားမှုဖြင့် ဂရုတစိုက် ကြည့်ရှုလိုက်ရာ ...

“ဟာ ... ငဲ့ ... ငဲ့ ... တိမ်လွှာဖြူလေးပဲ”

သွေးရိပ်၏ချစ်သူမှန်း သူ မှတ်မိသွားသည်။ ဒီကောင်မလေးကို ၈, မြင်ကတည်းက သူ ကြိတ်ခိုက်နေတာဖြစ်သည်။ သို့သော် သွေးရိပ်ဘက်က ဝိတ်တောင့်သဖြင့် စိတ်ကိုလျှော့ထားရ၏။

ကောင်မလေး လမ်းလျှောက်နေပုံက လှုပ်လီလှုပ်လဲ့ အိပဲ့အိပဲ့လေး။

“စွဲမက်စရာ ... စွဲမက်စရာ ... ဖူးဖူးတင်းတင်းလေးပါလား၊ အိုကွယ်၊ ဂလု”

တံတွေးမျိုချရင်း သူ မရိုးမရွ ဖြစ်လာသည်။ အားမလိုအားမရနှင့် ရာန်ဝင်စားစွာ ကြည့်နေရင်း ကောင်မလေးက တဖြည်းဖြည်း ဝေးသွားသည်။ ဒီတော့မှ သတိရ၍ သူမပုံရိပ်အား လျှင်မြန်စွာ မှတ်တမ်းတင်လိုက်လေသည်။ သို့သော် နောက်ခြမ်းကိုသာ မိ၏။

ရှေ့ခြမ်းကိုလည်း မိချင်သည်။ ဒါကြောင့် ကောင်မလေးနောက်သို့ ခပ်သွက်သွက် လိုက်သည်။ သူမရှေ့မှ ကြိုစောင့်ကာ အဒိန္နဒါနကံနှင့် ရိုက်ယူမည်ဟု သူ ဆုံးဖြတ်လိုက်သည်။

“အိုကွယ် ... အဖုလေးရယ် ... ဂလု ... ဂလု”

တိမ်လွှာဖြူကတော့ အောင်စိုးထက် အကြံကြီးနေတာတွေကို မသိရှာဘဲ ဝတ္ထုစာအုပ်နှစ်အုပ်ကို ပိုက်လျက် လှုပ်လီလှုပ်လဲ့ အိပဲ့အိပဲ့ဖြင့် ညင်သာစွာ လမ်းလျှောက်နေလေသည်။

ထိုအခိုက် မျက်နှာချင်းဆိုင်အရပ်မှ ခေါင်းငုံ့၍ လျှောက်လာနေ



သော သစ်ဆူးကို တိမ်လွှာဖြူ တွေ့မြင်လိုက်ရသည်။ သူမ အေးစက်စွာ ပြုံးလိုက်ပါ၏။

“ဟိတ် ... သစ်ဆူး”

“သြော် ... တိမ်လွှာ”

နှုတ်ဆက်သံကြားမှ တိမ်လွှာဖြူကို သစ်ဆူး သတိပြုမိသွားသည်။

“တိမ်လွှာ ဘယ်သွားမလို့လဲ”

“ဒီမှာလေ၊ စာအုပ်လာအပ်တာ”

တိမ်လွှာဖြူက ဝတ္ထုစာအုပ်နှစ်အုပ်ကို မြှောက်ပြပြီး ခပ်နွဲ့နွဲ့လေး ပြောလိုက်သည်။ သူမသည် သစ်ဆူးအား ရွှန်းရွှန်းစားစား ပြုံးပြပြီး ...

“သစ်ဆူး၊ လမ်းသင့်တုန်း တိမ်လွှာ့ကို အအေးမတိုက်ချင်ဘူးလားဟင်”

“အင် ... အဲ ... ရပါတယ်၊ တိုက်ပါတယ်”

ခပ်တင်းတင်းနေလေ့ရှိသည့် တိမ်လွှာဖြူ၏ လှိုက်လှဲသော ဖိတ်ခေါ်မှုကြောင့် သစ်ဆူးပင် ယောင်နန ဖြစ်သွားရသည်။ သို့ပေမဲ့ သူ လက်ခံလိုက်ပါသည်။ အနီးစပ်ဆုံး ဆိုင်တစ်ဆိုင်မှာ နှစ်ယောက်အတူ အအေးဝင်သောက် ဖြစ်ကြ၏။

အအေးသောက်နေရင်း တိမ်လွှာဖြူက သစ်ဆူးအား စူးစူးနစ်နစ် တရစပ် စိုက်ကြည့်လေသည်။

“အင်း ... သေချာကြည့်မှ သတိထားမိတယ်၊ သစ်ဆူးရုပ်က ယောက်ျားပီသပြီး ခန့်တယ်နော်”

“ဟာဗျာ ... မမြှောက်လည်း အအေးတိုက်မှာပါ”

www.burmeseclassic.com

www.burmeseclassic.com



သစ်ဆူး ရှက်ကိုးရှက်ကန်း ဖြစ်သွားသည်။

"အအေးတိုက်လို့ မြှောက်တာ မဟုတ်ပါဘူး၊ တကယ်ပြောတာပါ သစ်ဆူးရဲ့၊ ဒါနဲ့ ဟိုတစ်ခါတုန်းက သစ်ဆူး ပြောတာလေ ... တိမ်လွှာနဲ့ ပတ်သက်ရင် အားလုံးကို ရင်ဆိုင်ဝံ့တယ်ဆိုတာ အဲဒါ တကယ်လားဟင်"

"အဲ ... အဲဒါက ဟိုဟာလေ၊ သွေးရိုးနဲ့ ပတ်သက်ပြီး တိမ်လွှာ့စိတ်ကို စမ်းချင်လို့ ပြောလိုက်မိတာပါ၊ အဲဒီအတွက် တိမ်လွှာ့ကို ကျွန်တော် တောင်းပန်ပါတယ်"

"ဪ ... ဒါဆို အဲဒီစကားတွေက တကယ်မဟုတ်ဘူးပေါ့ တိမ်လွှာကတော့ သစ်ဆူး ပြောတာတွေကို တကယ်ထင်နေမိတာ"

တိမ်လွှာဖြူ၏ အီတီတီ အပြောလေးကြောင့် သစ်ဆူး မနေတတ် မထိုင်တတ် ဖြစ်သွားသည်။ အားကောင်းစွာ သူမ ပို့လွှတ်နေသော အ ကြည့်ဒဏ်တွေကိုလည်း မခံဝံ့ဘဲ ဖြစ်နေ၏။ သူငယ်ချင်း၏ ချစ်သူ ဆိုသောစိတ်ဖြင့် စကားစအား အမြန်ဖြတ်ပြီး ပိုက်ဆံရှင်းကာ ထ,ပြန်လာခဲ့ကြသည်။

ဒါတောင်မှ ဆိုင်ကအထွက်မှာ သူမ မေးသဖြင့် သူ့ဖုန်းနံပါတ်ကို ပြောပြလိုက်ရသေးသည်။ ဒီတစ်နေ့ တိမ်လွှာဖြူကို တွေ့ရတာ အံ့သြဖွယ် ကောင်းလောက်အောင် ထူးထွေဆန်းပြားနေလေသည်။ သူမ အပြုအမူများအား နားမလည်နိုင်သလိုလို နားမလည်ရဲသလိုလိုဖြင့် သူ့စိတ်တွေ ဒွိဟဖြစ်ရ၏။

တိမ်လွှာဖြူသည် သစ်ဆူးနှင့် လမ်းခွဲပြီးသောအခါ စာအုပ်ဆိုင်သို့ မသွားသေးဘဲ အခြားတစ်နေရာသို့ သွားပြန်သည်။ သူမ သွားသည့်နေရာ



က ရသ၏ နေအိမ်ဖြစ်၏။

သူမ ရောက်သွားချိန်တွင် ရသက ခြံထဲမှာ ပန်းပင်တွေကို ပြုပြင်နေပါသည်။ သူမကိုတွေ့တော့ သူ အံ့သြသွားသည်။

"တိမ်လွှာပါလား၊ ဘယ်ကလှည့်လာတာလဲ"

"ဒီလိုပါပဲ၊ စာအုပ်အပ်ရင်း ပျင်းပျင်းရှိတာနဲ့ ရသဆီ ထွက်လာတာ၊ ရသ ဘာလုပ်နေတာလဲဟင်"

"ပန်းပင်တွေကို ရှင်းနေတာလေ"

"အင်း ... ရသကို ကြည့်ရတာ နုံးညံ့သလိုပဲ ... ရသရဲ့ချစ်သူ ဖြစ်ရတဲ့ မိန်းကလေးက တော်တော်ကံကောင်းမှာပဲနော်၊ အခု ရသမှာ ကံကောင်းသူ ရှိနေပြီလား"

တိမ်လွှာဖြူက မေးဖျားလေးဆတ်၍မေးတော့ ရသက ခေါင်းခါပြသည်။

"ကျွန်တော့်မှာ ထူးထူးခြားခြား တွယ်တာစရာဆိုလို့ သူငယ်ချင်းတွေပဲ ရှိတာပါဗျာ၊ တခြား ဘာမှမရှိပါဘူး"

"ရှိရော ရှိချင်နေပြီလား ..."

"အခုလောလောဆယ်တော့ မရှိချင်သေးပါဘူးဗျာ"

"ဒါဆို နောက်ကျရင်တော့ ရှိချင်ရင် ရှိလာမယ်ဆိုတဲ့ သဘောပေါ့လေ၊ ဟုတ်လား ရသ"

"အဲဒါတော့ အာမ,မခံဝံ့ဘူး တိမ်လွှာရဲ့"

"ကိုယ့်ကိုယ်ကိုယ် မယုံကြည်ဘူးဆိုတဲ့ အဓိပ္ပာယ်ပေါ့နော်"

တိမ်လွှာဖြူက ပြုံး၍ပြောတော့ ရသက ဘာမှပြန်မပြောဘဲ ရယ်နေသည်။ တိမ်လွှာဖြူသည် ပွင့်အာနေသော ပန်းပင်တွေကို

www.burmeseclassic.com

www.burmeseclassic.com



လျှောက်ကြည့်ရင်းမှ ...

"ရသ မတွန့်တိုတတ်ဘူးဆိုရင် တိမ်လွှာကို ပန်းတစ်ပွင့်လောက် ပေးပါလားဟင်"

"ပေးပါမယ်ဗျာ ... မတွန့်တိုတတ်ပါဘူး"

ရသက လန်းစွင့်နေသော နှင်းဆီနီပန်းတစ်ပွင့်ခူး၍ တိမ်လွှာဖြူအား ကမ်းပေးသည်။ တိမ်လွှာဖြူက ရသကို ခပ်ညှုညှုကြည့်၍ ...

"တစ်လက်စတည်း ခေါင်းမှာ ပန်ပေးပါလားဟင်"

"ဟာ ... အဲဒါတော့ ... မ ... မဖြစ် ... ကျွန် ... ကျွန်တော် ... မပန်ပေးတတ်ဘူးဗျ ... ရော့ ... ရော့ပါဗျာ"

ရသက အထစ်ထစ်အငေါ့ငေါ့ဖြင့် တိမ်လွှာဖြူ၏လက်ထဲ ပန်းကို အတင်းထိုးထည့်ပေးသည်။ တိမ်လွှာဖြူက ပန်းကိုယူရင်း တစ်ဖက်သား အသည်းယားအောင် ဖွဖွလေး ပြုံးပြ၏။

"အဟင်း ... ရသက ရှက်တတ်တယ်နော်၊ မိန်းကလေး ကျနေတာပဲ ... အင်းလေ၊ လူကလည်း မိန်းမချောလေးပဲ ဥစ္စာ"

တိမ်လွှာဖြူက ရသကိုကြည့်ရင်း မျက်စိတစ်ဖက်မှိတ်ပြီး နှုတ်ခမ်းပါးလေးအား ကိုက်ပြလိုက်သည်။ မမျှော်လင့်သော အပြုအမူကြောင့် ပါးစပ် အဟောင်းသားနှင့် ရသ မျက်လုံးတွေ ဝိုင်းစက်သွား၏။ သူ ကြောင်သွားပုံ ကို ကြည့်ကာ သူမစိတ်ထဲမှာ ကြိတ်ရယ်နေလိုက်ပါသည်။

ထို့နောက် ရောက်တတ်ရာရာ စကားများပြောရင်း ရသထံမှ ဖုန်းနံပါတ်တောင်းယူပြီး တိမ်လွှာဖြူ ပြန်လာခဲ့သည်။ အပြန်လမ်းတွင် အာရုံများနေသော သူမသည် စာအုပ်ပင် ဝင်မအပ်ဖြစ်ခဲ့ချေ။



ညရောက်တော့လည်း ရသနှင့်သစ်ဆူးထံ တစ်လှည့်စီ ဖုန်းဆက် ပြန်သည်။ သူမကို ရုပ်ရှင်လိုက်ပြရန် တောင်းဆိုရာ နှစ်ယောက်စလုံးက ငြင်းပယ်သည်။ အလိမ္မာသုံး၍ ဖုန်းကို မြန်မြန်ဆန်ဆန် ချပစ်ကြ၏။

သူမ 'နှဲ့' ပေမဲ့ တစ်ဘက်က 'နဲ့' ပါမလာဘဲ တင်းခံနေသည်။ တိမ် လွှာဖြူ စိတ်မပျက်ဘဲ နောက်ရက်တွေမှာ အစွမ်းကုန် ဆက်ကြိုးစားရန် ဆုံးဖြတ်လိုက်သည်။ မခံချင်စိတ်ကြောင့် အရက်တော့ နည်းနည်း 'မဲ့'ရပေတော့မည်။

ထိုနေ့အဖို့ အာရုံတွေ သိပ်များပြားနေသော သူမသည် ပုံရိပ်ဖမ်းကိရိယာတစ်ခု၏ ခွမ်းဆောင်ချက်ကိုတော့ဖြင့် လုံးဝလုံးဝ ဂရုမပြုမိခဲ့ပါချေ။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

"ဒါ ... ဒါတွေက ဘာတွေလဲ"

"အဲဒါတော့ ငါ မပြောတတ်ဘူး သွေးရိပ်၊ ပြပဲ ပြတတ်တယ်၊ ဒီကိစ္စကို မင်း သိသင့်တယ်ထင်လို့ ဒါတွေကို ငါ လာပေးတာ၊ သူတို့ပုံ တွေ ကြည့်ရတာတော့ မရိုးသားတာ အမှန်ပဲ"

အောင်စိုးထက်ပြသော ဓာတ်ပုံတွေကိုကြည့်ပြီး သွေးရိပ် စိတ်တွေ ဝေဝါးရှုပ် ထွေးသွားသည်။ ဓာတ်ပုံတွေထဲမှာ တိမ်လွှာနှင့် သစ်ဆူး အအေး အတူထိုင် သောက်နေကြသည်။ ရသက တိမ်လွှာကို ပန်းတစ်ပွင့်ပေးနေသည်။ ထို့ပြင် ရယ်မောပျော်ရွှင်နေသော အခြားပုံ များလည်း ပါဝင်သည်။

၍

www.burmeseclassic.com

www.burmeseclassic.com

ဒီဖြစ်ရပ်တွေကို သူ မသိသဖြင့် သူ့ကို အသိမပေးသဖြင့် သွေးရိပ် အခံရကြပ်နေသည်။ အရင်းနှီးဆုံးတွေက သူ့ကို လျှို့ဝှက်ပြီး သူ့ကွယ်ရာမှာ ဘာတွေဘယ်လို ဖြစ်နေကြတာလဲ…။

မတွေးရဲလောက်အောင် ရင်မောရ၏။

"သွေးရိပ် … ငါ သွားတော့မယ်"

"ဩော် … အေး အေး"

သွေးရိပ်၏ မသက်မသာ မျက်နှာကိုကြည့်၍ အောင်စိုးထက် အားရကျေနပ်စွာ လှည့်ပြန်လာခဲ့သည်။ အောင်စိုးထက်သည် တိမ်လွှာဖြူကို ဓာတ်ပုံရိုက်ဖို့ကြိုးစားရင်း ထူးခြားသော ဆက်ဆံရေးတွေအား တွေ့မြင်ရသဖြင့် တကူးတက လိုက်လံချောင်းမြောင်းရင်း ပုံများစွာ ရိုက်ဖြစ်ခဲ့၏။

အခု ထိုဓာတ်ပုံတွေက အသုံးတည့်ပြီ။ အောင်စိုးထက်သည် သူ့ကို အမြဲနိုင်ကွက်နေကျ သုံးယောက်ကြားမှာ ဂယက်တစ်ခုပွက်ထစေရန် ထိုဓာတ်ပုံတွေကို အသုံးပြုပြီး ခဲတစ်လုံး ပစ်ချလိုက်ခြင်းပင် ဖြစ်သည်။

ပွဲလန့်သွားလျှင် ဖျာခင်းရန်လည်း သူ ကြံရွယ်ထားသေး၏။

သွေးရိပ်သည် စိတ်နှလုံး နှံချိစွာဖြင့် အရှုပ်ထုပ်ကို ဖြည်ကြည့်ရန် အတွက် တိမ်လွှာဖြူထံ ထွက်လာခဲ့သည်။ ခြံထဲဝင်လာသော သူ့ကိုမြင်တော့ တိမ်လွှာဖြူက အိမ်ထဲမှ ထွက်လာသည်။ နှစ်ဦးသား ဆုံစည်းရာ ဒန်းပြာကလေးမှာ သူတို့ ထိုင်လိုက်ကြ၏။

သွေးရိပ်က အောင်စိုးထက် ပေးသွားသည့် ဓာတ်ပုံတွေကို တိမ်လွှာဖြူ၏ပေါင်ပေါ် တင်ပေးလိုက်သည်။



"ဒါတွေကို ကြည့်စမ်းပါဦး တိမ်လွှာ"

"ဓာတ်ပုံတွေ မဟုတ်လား"

တိမ်လွှာဖြူက သေချာမကြည့်ဘဲ ပြော၏။ သွေးရိပ်က …

"ဟုတ်ပါတယ်၊ ဓာတ်ပုံတွေပါပဲ၊ ဒါပေမဲ့ ဘာပုံတွေလဲဆိုတာ သေချာကြည့်စမ်းပါဦး"

"ဟင် … "

တိမ်လွှာဖြူ၏နှုတ်ဖျားမှ အာမေဋိတ်သံလေး ထွက်ကျလာသည်။ ဓာတ်ပုံတွေကို ကြည့်၍ သူမ ချောက်ချားသွားရသည်။ သွေးရိပ်ကို ဝိုင်းစက်သော မျက်ဝန်းများဖြင့် သူမ စွေကြည့်လိုက်လေသည်။

"ဒီဓာတ်ပုံတွေကို သွေး၊ သွေး ဘယ်ကနေ ရလာတာ လဲဟင်"

"အဲဒါက အရေးမကြီးပါဘူး၊ ကိုယ် သိချင်တာကိုပဲ ဖြေပါ ဒီပုံတွေက ဘာတွေလဲ၊ ကိုယ် ဘယ်လိုယူဆရမှာလဲ၊ ကိုယ့်ကို ဘာတွေ ဖုံးကွယ်ထားကြတာလဲ"

သွေးရိပ်မျက်နှာက တည်နေသည်။ အခြေအနေအရ အဖြေ တစ်ခုခု ပေးမှ ဖြစ်တော့မည်ဟု တိမ်လွှာဖြူ နားလည်သွားသည်။ လျှပ်တစ်ပြက် စဉ်းစားလိုက်ရာ သူမ အကြံအစည်များနှင့် သင့်လျော်သည့် အကောင်းဆုံး စိတ်ကူးတစ်ခုအား ရရှိလိုက်၏။ ထို့ကြောင့် မျက်နှာထားကို ပြင်ကာ…

"အဖြေက ရှင်းနေတာပဲ သွေးရယ်၊ အဲဒါ သွေး ချစ်လှပါ တယ်ဆိုတဲ့ သူငယ်ချင်းတွေရဲ့ သစ္စာမဲ့မှု သက်သေတွေပဲလေ"

"ဘယ်လို … တိမ်လွှာပြောသလိုဆို သစ်ဆွေးနဲ့ရသက တိမ်လွှာ ကို လိုက်နေကြတာပေါ့ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် သွေး ... သူတို့နှစ်ယောက်က သွေး မသိအောင် တိမ်လွှာ့ကို အသည်းအသန် လိုက်နေကြတာ ... အိမ်ကို လာလည်တယ် အအေးဆိုင်ကို ခေါ်တယ်၊ ပန်းတွေ ပေးတယ်၊ ရုပ်ရှင်သွားကြည့်ဖို့ ပြောတယ်။ ညတိုင်းလည်း ဖုန်းဆက်တယ်။ တိမ်လွှာကတော့ သွေးရဲ့သူငယ်ချင်းတွေမို့လို့ အလိုက်အထိုက် ပြန်ဆက်ဆံတာကလွဲရင် ခပ်တင်းတင်းပဲ နေပါတယ်"

တိမ်လွှာဖြူက အရိုးခံဟန်လေးဖြင့် ပိရိစွာ ပြော၏။ သွေးရိပ်သည် မယုံကြည်နိုင်စွာ အံ့သြနေမိသည်။

"ဟိုတစ်ခါ ဘောလုံးကွင်းထဲမှာ ကိုယ့်ကို သူတို့ပြောတော့ တိမ်လွှာ့စိတ်ကို စမ်းသပ်တာဆို"

"အို ... အဲဒါကတော့ တိမ်လွှာက ဖုံးမထားဘဲ သွေးကို ပြန်တိုင်လိုက်တာကြောင့် အပြစ်လွတ်အောင် တမင်လျှောက်ပြောတာ ဖြစ်မှာပေါ့။ အဲဒီကိစ္စမှာတည်းက သူတို့ မရိုးသားတာ အသိသာကြီးပါ အခုလည်း အဲလိုတွေ လုပ်နေပြန်ပြီ ... "

"တိမ်လွှာက ကိုယ့်ကို အဲဒီကိစ္စတွေ ဘာလို့ ပြောမပြတာလဲ"

"သူတို့နှစ်ယောက်စလုံးက ပြဿနာတွေ တက်မှာစိုးလို့ ဘယ်သူ့ကိုမှ မပြောဖို့ တိမ်လွှာ့ကို နှုတ်ပိတ်ထားတယ်။ သူတို့အချင်းချင်းလည်း တစ်ယောက်လိုက်နေမှန်း တစ်ယောက်မသိကြဘူး။ တိမ်လွှာလည်း သွေးကို ပြောသင့်မပြောသင့် ချင့်ချိန်နေတာ။ သွေးက တိမ်လွှာ့ကိုလည်း သိပ်ယုံတာ မဟုတ်တော့ မပြောရဲဘူးလေ။ ဘာပဲဖြစ်ဖြစ် ကိုယ့်အပေါ် မကောင်းတဲ့ သူငယ်ချင်းတွေကို ပေါင်းမနေပါနဲ့တော့ သွေးရယ်"



တိမ်လွှာဖြူက စကားအား သူမ လိုချင်သော အကွက်သို့ မသိမသာရွှေ့လိုက်သည်။ သွေးရိပ် မျက်နှာကတော့ ပျက်နေချေပြီ။

"တိမ်လွှာ ... တိမ်လွှာ ပြောတာတွေဟာ တကယ်ပဲလား"

"လိမ်စရာလား သွေးရယ်၊ ဒီဓာတ်ပုံတွေ သက်သေရှိနေတာတောင်မှ သွေးက တိမ်လွှာပြောတာကို မယုံသေးဘူးလား"

"မယုံလို့ မဟုတ်ပါဘူး တိမ်လွှာရယ်၊ သေချာအောင် ထပ်မေးတာပါ။ ဒါဆိုရင်တော့ ဒီကောင်တွေကို ဆက်ပေါင်းစရာ အကြောင်းမရှိတော့ဘူး"

သွေးရိပ်၏ မာထန်နေသော အသံနှင့် ဆုံးဖြတ်ချက်ကြောင့် တိမ်လွှာဖြူ ကျေနပ်သွားသည်။ သူမ၏ မြားချက်က လိုရာပစ်မှတ်ကို စူးနစ်ထိခတ်သွားခဲ့ပြီ ဖြစ်လေသည်။

သူမ၏ သွေးခွဲမှုသည် အောင်မြင်စွာ အထမြောက်သွားချေပြီ။

သွေးရိပ်သည် တိမ်လွှာဖြူ၏အိမ်မှ အပြန်တွင် စိတ်ညစ်ညစ်နှင့် Restaurant တစ်ခုသို့ ဝင်ဖြစ်သည်။ ဝမ်းနည်းနေသော သူ့ဝမ်းထဲသို့ အယ်လ်ကိုဟော တော်တော်များများလည်း ရောက်ရှိသွား၏။ အချစ်ဆုံး သူငယ်ချင်း နှစ်ယောက်၏ သစ္စာမဲ့မှုအတွက် သူ အကြီးအကျယ် ယူကြုံးမရ ဖြစ်နေပါသည်။

ငါ့မှာတော့ သူတို့ကို ချစ်လိုက်ရတာ...။ သူတို့ကတော့ ငါ့ကို ရက်စက်လိုက်ကြတာ...။

"တောက်"

တစိမ့်စိမ့်တွေးရင်းတွေးရင်း သွေးများ ဆူဝေလာသည်။ ဝမ်းနည်းမှုတို့သည်လည်း အသွင်ပြောင်းလျက် အမျက်ဖြစ်ကာ ဒေါသတို့အုံကြ

www.burmeseclassic.com

www.burmeseclassic.com

လာသည်။ သူ ... ထိုင်ရာမှ ထလိုက်၏။

အယ်လ်ကိုဟော အရှိန်ဖြင့် လူက ယိမ်းယိုင်နေပါသည်။

◆◆◆



## အခန်း (၁၆)

ညနေဆည်းဆာသည် ရီဝေဝေ ဖျော့တော့ဝါလွင်နေသည်။ အားကစားခန်းမအတွင်း၌ သစ်ဆူးနှင့်ရသသည် အပျင်းပြေ ကရာတေး ကစားနေကြ၏။ သူတို့နှစ်ယောက် ကစားနေတာကို အောင်စိုးထက်၊ သင်းသင်းယု၊ ခင်အေးငြိမ်းတို့က ထိုင်ကြည့်နေကြပါသည်။

အပျင်းပြေဆိုသော်ငြားလည်း သစ်ဆူးနှင့်ရသသည် တစ်ယောက်ကိုတစ်ယောက် အနိုင်မခံ အရှုံးမပေးဘဲ အပြန်အလှန် တိုက်ခိုက်နေလျက်ရှိသည်။ သို့ဖြစ်၍ မြင်ရတာ ကြည့်၍လှ၏။

ထိုအခိုက် လူရိပ်တစ်ခုက လွင့်ခနဲ ပြေးဝင်လာသည်။ ထို့နောက်

"ခွပ် ..."

www.burmeseclassic.com

www.burmeseclassic.com



"ခွပ် ..."

ပြင်းထန်သော လက်သီးနှစ်ချက်ကြောင့် သစ်ဆူးနှင့်ရသ ယိုင်ထွက်သွားကြသည်။

"ဟာ ... သွေးရိပ်"

"ဒီကောင် ငါတို့ကိုဆော်တယ်ဟေ့ ... ဒီကောင့်ကို ငါတို့နှစ်ယောက် ပြန်ဖွဲ့မယ်"

"အိုကေ ... လာထား ... ဟား ဟား ဟား"

သစ်ဆူးနှင့်ရသက ရယ်မောရင်း သွေးရိပ်အား နှစ်ယောက်ညှပ်၍ တိုက်ခိုက်ကြသည်။ သွေးရိပ်က ဘာစကားတစ်ခွန်းမှ မပြောဘဲ တုံ့ပြန် တိုက်ခိုက်၏။ သုံးယောက်သား ဝင်တိုးထွက် ပူးယှက်လုံးထွေးသွားကြလေသည်။

"ဒုတ်"

"ခွပ်"

"ဖြောင်း"

"အင့်"

"အီး ..."

သွေးရိပ်၏ အားပါလွန်းသော တိုက်ခိုက်မှုများကြောင့် သစ်ဆူးနှင့်ရသ မချိမဆံ့ ခံလိုက်ရ၏။ မူမမှန်သော အခြေအနေကို သူတို့သတိပြုမိ သွားကြသည်။

"ရသ ... ဒီကောင် ငါတို့ကို တကယ်လုပ်နေတာကွ"

"ဟုတ်တယ် ... ဒီကောင့်ဆီက အရက်နံ့လည်း ရတယ်၊ သွေးရိပ် မင်း ဘာဖြစ်နေတာလဲ"



သွေးရိပ်က မေးတာကို ပြန်မဖြေဘဲ ရသ နံကြားကို ခြေစောင်းနှင့် ကန်လိုက်ရာ ရသ လဲကျသွားသည်။ လဲကျသွားသော ရသအား ခြေထောက်နှင့် ကျုံးကန်လိုက်ပြီး မျက်နှာကို လက်သီးတွေ လက်ဝါးစောင်းတွေနှင့် အဆက်မပြတ် ထိုးခုတ်သည်။ ရသက ပြန်မလုပ်။ သစ်ဆူးက ...

"သွေးရိပ် ... တော်တော့၊ မင်း လွန်နေပြီ"

"လွန်တာက ငါ မဟုတ်ဘူး ... မင်းတို့ကွ၊ မင်းတို့ ပြောသလိုသည်းခံမှုမှာ အတိုင်းအတာရှိတယ်ဆိုတဲ့အတိုင်းပဲ ... အခု ဘယ်လိုမှ ငါ သည်းမခံနိုင်တော့ဘူးဟေ"

ဝင်ဆွဲသော သစ်ဆူးကို သွေးရိပ်က ခေါင်းဖြင့် ပင့်တိုက်ပစ်လိုက်၏။ လန်သွားသောအခါ ဝင်ပူး၍ အရိုက်ကို ဒူးနှင့်ခုန်တိုက်ပြီး မျက်နှာကို လက်သီးနှင့် တရစပ် ထိုးနှက်သည်။ သစ်ဆူးက မတုံ့ပြန်။

"သွေးရိပ် ... မလုပ်နဲ့လေ၊ မင်း ဘာဖြစ်နေတာလဲ"

မျက်နှာမှာ သွေးစတွေနှင့် ကုန်းရုန်းထပြီး ဝင်ဆွဲသော ရသကိုလည်း သွေးရိပ်က ခြေထောက်နှင့် နောက်ပြန်ဆောင့်ကန်လိုက်သည်။

"ကြာကူလီကောင်တွေ ... မင်းတို့ သေဖို့သာပြင်"

"သွေးရိပ် ... မင်း ဘာတွေပြောနေတာလဲ"

"သစ္စာမရှိတဲ့ကောင်တွေ ... မင်းတို့ ရှုးချင်ယောင်ဆောင်မနေနဲ့"

"ဒုတ် ..."

"ခွပ် ..."

"ဖုန်း ..."

www.burmeseclassic.com

www.burmeseclassic.com



သွေးရိုပ်သည် ညှာတာခြင်း ကင်းပျောက်ကာ သောင်းကျန်းနေလေပြီ။ တစ်ချိန်က မိန်းမတစ်ယောက်အတွက် ရန်မဖြစ်ချင်ပါဟု ပြောခဲ့ဖူးသောသူသည် အခုတော့ဖြင့် လက်ဖက်ရည်တစ်ခွက်ကို အတူတကွ သောက်နေကျ ... အချစ်ဆုံးသူငယ်ချင်း နှစ်ယောက်အား မိန်းမတစ်ယောက်အတွက် နာကြည်းမုန်းတီးစိတ်တို့ကြောင့် (သူတို့ကို ကာကွယ်ပေးခဲ့ဖူးသော ခြေလက်အင်္ဂါတို့ဖြင့်ပင်) ရက်ရက်စက်စက် ထိုးနှက်တိုက်ခိုက်နေ၏။

သစ်ဆူးနှင့်ရသသည် သွေးရိုပ်၏ တရကြမ်း တိုက်ခိုက်မှုများကို မတုံ့ပြန်ဘဲ တစ်ယောက်ကိုတစ်ယောက်သာ အနာခံပြီး ကာကွယ်ပေးနေလေသည်။ သို့ဖြစ်၍ သူတို့ ပို၍ အထိနာ၏။

ထိုဖြစ်စဉ်ကို အောင်စိုးထက်က ရုပ်ရှင်ပြကွက်တစ်ခုနှယ် အရသာခံ ကြည့်နေသည်။ ခင်အေးငြိမ်းနှင့် သင်းသင်းယုက မကြည့်ရက်သဖြင့် ဖျောင်းဖျရင်း ဝင်ဆွဲကြသည်။

"နင်တို့ကလည်း တော်ကြပါတော့ဟယ်"

"ရန်မဖြစ်ကြပါနဲ့ ... အချင်းချင်းတွေကို"

"မဆိုင်တဲ့လူတွေ ဘေးရှောင်နေ ... အကုန် ရောပါကုန်မယ်နော်"

သွေးရိုပ်က အော်ငေါက်ပြီး တွန်းထုတ်ရာ ခင်အေးငြိမ်းနှင့် သင်းသင်းယု လွင့်ထွက်သွားကြသည်။ နောက်ထပ်လည်း ဝင်မဆွဲရဲတော့ဘဲ စည်း လုံးညီညွတ်လှပါသည်ဆိုသော အချစ်ဆုံးသူငယ်ချင်းသုံးယောက်၏ ရန်ပွဲကိုသာ အံ့သြခြင်းကြီးစွာဖြင့် ငေးကြည့်နေမိတော့သည်။

ဒီလိုအခြေအနေမှာတောင် အေးအေးလူလူ ထိုင်နေသော အောင်



စိုးထက်ကိုတော့ ငကြောက်တစ်ယောက်အဖြစ်သာ သူမတို့ သတ်မှတ်ထားလိုက်ကြ၏။ ထိုစဉ်မှာပင် ...

"ဟေ့ ... မင်းတို့သုံးယောက်စလုံး ရပ်ကြစမ်း"

ဟိန်းထွက်လာသည့် သင်တန်းဆရာ ဦးအောင်နိုင်၏ အသံကြောင့် ရန်လိုနေသော သွေးရိုပ်၏ ခြေလက်တို့ ငြိမ်သက်သွားသည်။ ထိုအချိန်၌ သစ်ဆူးနှင့်ရသ၏မျက်နှာမှာ သွေးချင်းချင်းနီရဲနေကြလေပြီ။

"မင်းတို့ ဘာတွေဖြစ်နေကြတာလဲ"

"ဒီကောင် သွေးရိုပ် ကျွန်တော်တို့ကို တကယ်လုပ်တယ်ဆရာ ကျွန်တော်ကတော့ အရင်လိုပဲ အပျော်ကစားနေတယ်ထင်တာ"

"သွေးရိုပ် ဘာတွေဖြစ်နေမှန်းမသိဘူး ... အရက်တွေလည်း သောက်ထားတယ်၊ လုပ်ပါဦး ဆရာရယ် ဒီကောင် ဘာတွေဖြစ်နေတယ်ဆိုတာ မေးပေးပါဦး"

ရသနှင့်သစ်ဆူးက ဝမ်းနည်းသံစွက်လျက် ဦးအောင်နိုင်အား ဖွင့်ဟသည်။ ဦးအောင်နိုင်က သွေးရိုပ် မျက်နှာကို သေချာစွာစိုက်ကြည့်ပြီး...

"သွေးရိုပ် ... မင်းက သူတို့နှစ်ယောက်ကို ဘာဖြစ်လို့ အခုလို လုပ်ရတာလဲ"

"အဲဒီကောင်တွေက ... ကြာကူလီကောင်တွေ ဆရာ အချစ်ဆုံး သူငယ်ချင်းဆိုတဲ့ မျက်နှာကိုတောင် မထောက်ဘဲ ကျွန်တော့် ကွယ်ရာမှာ ကျွန်တော့်ချစ်သူကို ကြာခိုနေကြတယ်၊ အဲဒါကြောင့် ကျွန်တော် ဒေါသ ဖြစ်လွန်းလို့ အခုလိုလုပ်တာ"

"ဟာ ... "

www.burmeseclassic.com

www.burmeseclassic.com



သွေးရိုပ်စကားကြောင့် သစ်ဆူးနှင့်ရသ ပျာပျာသလဲ ဖြစ်သွားကြသည်။

"ငါ ... ငါ ... မင်းချစ်သူကို ဘာလုပ်လို့လဲကွာ ... ဘာမှ မလုပ်ပါဘူး"

"ငါလည်း ဘာမှ မလုပ်ပါဘူးကွာ၊ ငါတို့ကို မင်း အထင်လွဲနေပြီ ထင်တယ် သွေးရိုပ်"

သစ်ဆူးနှင့်ရသ၏ ငြင်းဆန်မှုကြောင့် ဦးအောင်ခိုင်ပင် ဝေခွဲရခက်သွား၏။

"သွေးရိုပ်၊ သူတို့နှစ်ယောက်က မင်း,ချစ်သူကို ကြာခိုတယ်လို့ ပြောရလောက်အောင် ခိုင်လုံတဲ့ သက်သေအထောက်အထား မင်းမှာ ရှိလို့လား"

"ရှိတယ် ဆရာ ... ဒီမှာ"

သွေးရိုပ်က ဦးအောင်ခိုင်ကို ဓာတ်ပုံတွေ ထုတ်ပေးလိုက်သည်။ သစ်ဆူး၊ ရသနှင့် ခင်အေးငြိမ်း၊ သင်းသင်းယုတို့ကပါ ဝင်ကြည့်ကြသည်။ အောင်စိုးထက်ကတော့ အနားမှာ မယောင်မလည် ရပ်နေ၏။ သွေးရိုပ်က

"သူတို့နှစ်ယောက်က ကျွန်တော် မသိအောင် ကျွန်တော့်ချစ်သူဆီကို ညတိုင်း ဖုန်းဆက်ကြတယ်၊ ရုပ်ရှင်ကြည့်ဖို့လည်း ခေါ်တယ်၊ အအေးဆိုင်ကိုလည်း ခေါ်တယ်၊ ပန်းတွေလည်း ပေးတယ်၊ အဲဒီဓာတ်ပုံတွေကိုသာ ကြည့်ပါတော့ ဆရာရယ်၊ ဒါတောင်မှ ကျွန်တော့်ချစ်သူက သစ္စာရှိရှိနဲ့ ပြန်ပြောပြလို့ သူတို့ အဲ့နေတာကို ကျွန်တော်သိရတာ"

"မဟုတ်သေးဘူး သွေးရိုပ်၊ မင်း မှားနေပြီ၊ ဒီဓာတ်ပုံတွေထဲ



ကလို အပြင်မှာ တိမ်လွှာနဲ့ငါ အအေးအတူသောက်တာတော့ မှန်တယ်၊ ဒါပေမဲ့ ငါက သူ့ကိုခေါ်တာမဟုတ်ဘူး၊ သူက ငါ့ကို လိုက်တိုက်ခိုင်းတာ အဲဒါကြောင့် အားနာပြီး ငါ လိုက်တိုက်တာ၊ သူ့ဆီကိုလည်း ငါ တစ်ခါမှ ဖုန်းမဆက်ဘူး၊ သူကသာ အအေးဆိုင်ကအထွက်မှာ ငါ့ဖုန်းနံ ပါတ်ကို မေးပြီး ညရောက်တော့ ရုပ်ရှင်လိုက်ပြဖို့ ဖုန်းဆက်ပြောတာ မညာတမ်း ပြောရရင် ငါက မင်း,ချစ်သူကို မအီဘူး၊ မင်း,ချစ်သူကသာ ရေလာမြောင်း ပေးစကားတွေနဲ့ ငါ့ကို အီတာ"

"ငါ့ကိုလည်း အီတယ်၊ ဖုန်းဆက်ပြီးတော့လည်း ရုပ်ရှင် လိုက်ပြခိုင်းတယ်၊ ဒါပေမဲ့ ငါက ငြင်းလိုက်ပါတယ်၊ သူ့ဆီကိုတော့ ငါလုံးဝဖုန်းမဆက်ဘူး၊ သူ့ဖုန်းနံပါတ်ကိုတောင် မသိဘူး။ သူကသာ ငါ့အိမ်ကိုလာပြီး ငါ့ဖုန်းနံပါတ်ကို တောင်းသွားတာ။ ဓာတ်ပုံထဲကလို သူ့ကိုငါ ပန်းပေးတယ်ဆိုတာကလည်း သူ,တောင်းလို့ပေးတာ။ အဲဒါတောင်မှ တစ်လက်စတည်း ခေါင်းမှာ ပန်ပေးပါလားလို့ ပြောသေးတယ်။ ငါက မသင့်တော်လို့ မပန်ပေးတတ်ဘူးလို့ ပြောလိုက်ရတာ အဲဒီမှာတောင် ငါ့ကို မျက်စိတစ်ဖက် မှိတ်ပြသွားသေးတယ်။ အခုကျ တော့ သွေးရိုပ်ကို ပြောင်းပြန်တွေ ပြန်ပြောတယ်။ အဲဒီမိန်းမ မရိုးသား တာတော့ အမှန်ပဲ"

သစ်ဆူးနှင့်ရသ၏ ရဲရင့်နေသော မျက်နှာထားကြောင့် သွေးရိုပ် ဇဝေဇဝါ ဖြစ်သွားရသည်။ ဘယ်စကားက အမှန်တရားလဲဆိုတာ သူ နှိုင်းယှဉ် စဉ်းစားနေမိသည်။ ဦးအောင်ခိုင်က ဓာတ်ပုံတွေကိုကိုင်လျက်

"သွေးရိုပ် ... ဒီဓာတ်ပုံတွေကို မင်း,ချစ်သူဆီက ရတာလား"

"မဟုတ်ဘူး ဆရာ ... အောင်စိုးထက် ပေးတာပါ"

www.burmeseclassic.com

www.burmeseclassic.com



အားလုံး၏ မျက်လုံးတွေက အောင်စိုးထက်ထံ ကျရောက်သွားကြသည်။ အောင်စိုးထက် အနေကျုံ့သွား၏။ အနေအထားက သူ့ဘက် လှည့်လာပြီ။

"အောင်စိုးထက် ... ဒီဓာတ်ပုံတွေကို မင်းက ဘယ်ကရလာတာလဲ"

"ကျွန် ... ကျွန်တော် ... ကိုယ်တိုင် ရိုက်ထားတာပါ ဆရာ"

"ဒါဆို ဒီအဖြစ်အပျက်တွေ အားလုံးကို မင်းကိုယ်တိုင် မြင်တွေ့ခဲ့တာပေါ့ ဟုတ်လား ..."

"ဟုတ် ... ဟုတ်ပါတယ် ဆရာ"

"ကဲ ... ဒါဆိုရင် မင်း မြင်တွေ့ခဲ့သမျှ အားလုံးကို အစအဆုံး ငါ့ ပြောပြစမ်း၊ လိမ်တော့ မလိမ်နဲ့နော် ..."

"ဟုတ် ... ဟုတ်ကဲ့ပါ ဆရာ၊ အဲ ... အဲ ... အဲဒီနေ့က သဘာဝရှုခင်းတွေကို ကျွန်တော် ဓာတ်ပုံလိုက်ရိုက်နေရင်း ခေါင်းငုံ့ပြီး လမ်းလျှောက်လာတဲ့ သစ်ဆူးကို သွေးရိပ်ရဲ့ချစ်သူ တိမ်လွှာဖြူက လှမ်းခေါ်လိုက်တာကို တွေ့လိုက်ရပါတယ် ... ပြီးတော့ × × × ×
× × × × × × × × × × × × × × × × × × × × ×
× × × × × × × × × × × × × × × × × × × ×
ကျွန်တော်လည်း မြင်ရတာ ထူးခြားနေတာကြောင့် လိုက်ကြည့်မိပါတယ်၊ သွေးရိပ်ကိုလည်း စေတနာနဲ့ အသိပေးချင်တာကြောင့် သက်သေသာဓက အနေနဲ့ ဒီပုံတွေကို ရိုက်ယူခဲ့တာပါဆရာ"

အောင်စိုးထက်က နိဒါန်းကို မှသားနှင့်ဖွင့်ပြီး နိဂုံးကို အနည်းငယ်လီဆယ်ကာ ကျန်တာတွေကိုတော့ တွေ့မြင်သည့်အတိုင်း မခြွင်း



မချန် ပြောပြလိုက်ပါသည်။ ထိုအခါကျမှ ရှုပ်ထွေးမှုများအားလုံးသည် ပြတ်ပြတ်ထင်ထင် ရှင်းလင်းသွားတော့၏။

ဘယ်သူက အမှား၊ ဘယ်သူက အမှန်ဆိုတာ သူတို့တွေ နားလည်စွာ သဘောပေါက်ကုန်ကြသည်။

"သွေးရိပ်၊ မင်းတော့ မ,ဘက်လိုက်လို့ မိုက်,ဘက်ပါ မိသွားပြီကွ"

ဦးအောင်ခိုင်၏ စကားလုံးအဟောင်းကြီးက သွေးရိပ်ကို ပြင်းထန်စွာ တိုက်ရိုက်ထိမှန်၏။ သွေးရိပ်၏ ဆူဝေနေသော သွေးတွေ အေးငြိမ်ကာ တင်းမာနေသော အာရုံတို့ ပြေလျော့သွားလေသည်။

"ဒါဆို ... ဒီကိစ္စ တိမ်လွှာက ငါ့ကို ညာပြောတာပေါ့ ဟုတ်လား"

"ဒါပဲ ရှိတော့တာပေါ့ကွာ၊ ဒါမှ မင်း မယုံသေးရင်လည်း သူနဲ့ မျက်နှာချင်းဆိုင် ရှင်းကြတာပေါ့၊ ငါတို့ဘက်ကတော့ အဆင်သင့်ပဲ"

"လောကမှာ မိန်းမ အဲဒီလောက် မရှားပါဘူးကွာ၊ ကိုယ့်အရင်းဆုံးသူငယ်ချင်းရဲ့ ချစ်သူကို ကြောင်တောင်နှိုက်ရလောက်တဲ့အထိတော့ ငါတို့စိတ်ဓာတ်တွေ အောက်တန်းမရောက်သေးပါဘူး၊ ငါတို့စိတ်ကို တခြားလူတွေ မသိရင်တောင်မှ မင်းကတော့ သိဖို့ကောင်းပါတယ် သွေးရိပ်ရာ"

သွေးရိပ် ရင်ဝမှာ ဆို့သွားသည်။ မှတ်ကျောက်အတင်လွှတ်သော သံယောဇဉ်တွေကို ဥပေက္ခာပြုကာ သူ့အသိတရားမဲ့ခဲ့မိသည်။

နောင်တနှင့်တကွ သစ်ဆူးနှင့်ရသရေ့မှာ သွေးရိပ် ဒူး[illegible] လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်းတို့ရာ၊ ငါ အရမ်းမှားသွားတယ်၊ ငါ့ကို ခွင့်လွှတ်ကြ ပါကွာ၊ မင်းတို့ကို ငါ အနူးအညွတ် တောင်းပန်ပါတယ်"

"ငါတို့သုံးယောက်ကြားမှာ တောင်းပန်တယ်ဆိုတဲ့စကား မလို အပ်ပါဘူး သွေးရိုပ်ရာ၊ ထ,စမ်းပါကွာ"

"ငါတို့က မင်းကို ခွင့်လွှတ်ပြီးသားပါ သူငယ်ချင်းရာ"

ဖူးယောင်ကွဲပြဲပြီး၊ သွေးစက်လက်နှင့် ဒဏ်ရာဒဏ်ချက်များစွာ ရ,ထားတာတောင်မှ စိတ်မဆိုး စိတ်မနာသော သူငယ်ချင်းနှစ်ယောက် ကို ကြည့်၍ သွေးရိုပ် ရင်ထဲ၌ နင့်နင့်နဲနဲ ကျဉ်တက်သွား၏။

"ဟာကွာ၊ ငါ့အပေါ် ဒီလောက်ကောင်းတဲ့ သူငယ်ချင်းနှစ် ယောက်ကိုမှ မိန်းမတစ်ယောက်ကြောင့် သွေးထွက်သံယိုဖြစ်အောင် လုပ်မိရတယ်လို့ကွာ။ ငါ အလကားကောင်ပဲ၊ စဉ်းစားဉာဏ် မရှိတဲ့ ကောင်၊ မိန်းမတစ်ယောက်ရဲ့ သွေးခွဲစကားကို ယုံတဲ့ကောင်၊ သူငယ်ချင်း တို့ရာ မင်းတို့ ငါ့ကို ပြန်လုပ်ကြစမ်းပါကွာ ... လုပ်ကြစမ်းပါ"

သွေးရိုပ်က သစ်ဆူးနှင့်ရသ၏ လက်တွေကို ဆွဲယူပြီး သူ့ မျက်နှာကိုထိုးသည်။ သစ်ဆူးနှင့်ရသက အတင်းပဲရုန်းသည်။

"အဓိပ္ပာယ်မရှိတာကွာ၊ ငါတို့က မင်းကို ဘာဖြစ်လို့ လုပ်ရမှာ လဲ"

"မင်းကလည်း ငါတို့ကို အထင်လွဲပြီး လုပ်တာပဲဥစ္စာ၊ မင်းမှာ အပြစ်မရှိပါဘူးကွာ ... ထ,စမ်းပါ"

"ဟာကွာ သူငယ်ချင်းတို့ရာ မင်းတို့မလုပ်ရင် ငါ့ကိုယ်ငါ ပြန်လုပ်မယ်၊ ငါ့သူငယ်ချင်းတွေကို လုပ်ဦးကွာ၊ ဒီလက်၊ လုပ်ဦးကွာ စဉ်းစားဉာဏ်မရှိတဲ့ ဒီကောင်ကြီး၊ ကဲကွာ ... ကဲကွာ"



သွေးရိုပ်သည် သမံတလင်းကို လက်သီးနှင့်ထိုးသည်။ ကိုယ့် မျက်နှာကိုလည်း ထိုးသည်။ သစ်ဆူးနှင့်ရသ ဆွဲကြရပြန်သည်။

သူငယ်ချင်းတွေက ဆွဲလေ ... သူ ပိုကြေကွဲလေ ... ။ သူ့လက်နှင့် နှုတ်ခမ်းမှာ သွေးတွေ စိမ့်ထွက်လာသလို မျက်ဝန်းမှာလည်း မျက်ရည်တွေ ဝေ့ဝဲလာသည်။ သူ ကျူးလွန်မိသည့် အမှားအတွက် သူ နာကျင်မဆုံးနိုင်အောင် ဖြစ်နေတော့သည်။

သွေးရိုပ်သည် အံကိုခပ်တင်းတင်း ဖိကြိတ်ပစ်လိုက်၏။ သူ့မျက် လုံးတွေ မီးဝင်းဝင်းတောက်နေသည်။

"ငါတို့အချစ်ဆုံးသူငယ်ချင်းသုံးယောက်ကို သွေးခွဲတဲ့မိန်းမ ... ခင်းနဲ့ငါ တွေ့မယ် ..."

ဒူးထောက်လျက်မှပင် မာန်ပြင်းစွာ အော်ဟစ်ကြိမ်းဝါးလိုက် သည်။ ထို့နောက် သူငယ်ချင်းနှစ်ယောက်ရှေ့၌ သူ့ညာလက်ဖဝါးကို အားငယ်စွာ ဖြန့်ပေးလိုက်သည်။ ချက်ချင်းလက်ငင်းပင် လက်နှစ်ဖက် က သူ့လက်ပေါ်သို့ ထပ်ကာထပ်ကာ ကျလာသည်။ ထို့ကြောင့် သွေးရိုပ် ရင်ထဲသို့ အားအင်သစ် များ စီးဝင်ရောက်ရှိလာ၏။

လက်ဖဝါးသုံးခုက ညီညွတ်စွာ ဆုပ်ကိုင်ထားကြသည်။ သို့ရာ တွင် တစ်ဘက်က အမြင်မှာ လက်ဖမိုး ဖြစ်နေပါသည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

"တိမ်လွှာဖြူ ..."

ကျယ်လောင်သော ခေါ်သံကြောင့် သူမ အိမ်ထဲမှ ထွက်သွားလိုက်သည်။ ထိုအခါ ချစ်သူကို တွေ့မြင်ရ၏။ ထို့အတူ ချစ်သူ၏နောက်ပါး၌ သူ့သူငယ်ချင်းနှစ်ယောက်ကိုပါ တွေ့မြင်လိုက်ရသဖြင့် သူမ မနှစ်မြို့စွာ ခံစားလိုက်ရပါသည်။

"သွေး ..."

ချစ်သူက သူမထံ လျှောက်လာသည်။ အနားရောက်တော့ သူမ မျက်နှာကို စူးရဲစွာ စိုက်ကြည့်သည်။

"မင်းက ကြက်တိုက်တာ တော်တော်ဝါသနာပါတယ် ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဘာကိုပြောတာလဲ သွေးရဲ့"

သူမ နားမလည်နိုင်စွာ ပြန်မေးလိုက်မိသည်။ ထိုအခါ လက်ဝါးတစ်ဖက်က သူမ မျက်နှာပြင်ဆီသို့ ရိပ်ခနဲ လွင့်လာသည်။

"ဖြန်း ..."

"အင့် ..."

သူမ ပါးပြင်တစ်ခြမ်း နာကျင်ကျိန်းစပ်သွားရသည်။ ချစ်သူ၏ ပြုမူပုံကြောင့် သူမ အံ့သြတုန်လှုပ်သွားမိပါ၏။

"သွေး ... ဘာ ... ဘာလို့"

"မင်း ဘာမှမပြောနဲ့ ... မင်းစကားဆို ငါ မယုံတော့ဘူး မင်းဟာ အိမ်ကြက်ချင်း အိုးမဲသုတ်ပြီး ခွပ်ခိုင်းတဲ့ မိန်းမ၊ ငါတို့ သူငယ်ချင်းသုံးယောက်ကို သွေးခွဲတဲ့မိန်းမ၊ ငါ့သူငယ်ချင်းတွေမှာ ဘာအပြစ်မှ မရှိဘဲနဲ့ မင်း ဘာကြောင့် မဟုတ်မမှန်တဲ့စကားတွေကို ပြောရတာလဲကွာ"

ချစ်သူ၏ မျက်နှာက ကြောက်မက်ဖွယ်ရာ တင်းမာခက်ထန်နေ၏။ အခြေအနေအရပ်ရပ်ကို သူမ တွက်ဆကြည့်၍ ရသွားသည်။ ဒါကြောင့် ချစ်သူမျက်နှာကို တည့်တည့်မတ်မတ် ပြန်စိုက်ကြည့်ကာ...

"ဒီမှာ သွေး ... သွေးရဲ့ သူငယ်ချင်းနှစ်ယောက်က တိမ်လွှာ အချစ် ကို စမ်းသပ်ခဲ့ကြသလိုပဲ တိမ်လွှာကလည်း သွေးတို့သူငယ်ချင်း သုံးယောက်ရဲ့အချစ်ကို ပြန်စမ်းသပ်တာလေ၊ အဲဒါ တိမ်လွှာမှာ အပြစ်ဖြစ်သွားသလား"

"ဖြစ်တယ်ကွာ ဖြစ်တယ်၊ မင်းကြောင့် ငါ့သူငယ်ချင်းတွေကို သွေးထွက်သံယို အနာတရဖြစ်အောင် ငါ လုပ်လိုက်မိတယ်၊ အဲဒီအတွက်



မင်းကိုငါ ကလဲ့စားပြန်ချေရမှ ကျေနပ်မယ်"

"ဖြန်း ..."

"ဖြန်း ..."

"ဖြန်း ..."

ပြင်းထန်သော ချစ်သူ၏ လက်ဝါးရိုက်ချက်များကြောင့် သူမ ပါးပြင်တစ်ခုလုံး နာကျင်အောင့်မျက်သွားသည်။ နှုတ်ခမ်းလွှာပေါ်မှ သွေးစက်တို့ပင် လိမ့်ဆင်းကျလာ၏။ အပြစ်တစ်ခုဟု ချစ်သူ ယူဆထားသော သူမ၏ ထင်ရာစိုင်းခဲ့မှုတွေအတွက် ပြန်လည်ပေးဆပ်သည့်အနေနှင့် သူပြုသမျှ ငြိမ်၍သာ ခံယူနေလိုက်ပါသည်။

ကြိုက်သလောက်သာ ရိုက်ပါ သွေးရယ် ... ။ ပြီးရင်သာ ခွင့်လွှတ်ပေးပါ ...။

သူမစိတ်ထဲမှ တိုးတိုးဖွဖွ တောင်းပန်နေမိပါသည်။

"သူက မိန်းကလေးဆိုတာလည်း သတိထားဦး သွေးရိပ်၊ တော်တော့၊ ရပ်တော့"

"မှားတဲ့လူကို မိန်းကလေးဆိုပြီး ငါ မညှာနိုင်ဘူး၊ အပြစ်ရှိရင် အပြစ်ပေးရမှာပဲ"

"ဒီလောက် အပြစ်ပေးရရင် တော်ရောပေါ့ သွေးရိပ်ရာ ကျေနပ်ပါတော့"

ချစ်သူကို သူ့သူငယ်ချင်းတွေက လာဆွဲကြသည်။ တစ်ချိန်က အမြတ်တနိုး နမ်းရှိုက်ခဲ့သည့် ပါးပြင်မှာ အခုတော့ဖြင့် ဒဏ်ခတ်ခြင်း လက်ရာတွေက အထင်းသား။ ကျေပါတော့လား ချစ်သူရယ်...

"မင်းကို ငါ ဘယ်တော့မှ မကျေနပ်ဘူး၊ မင်းမျက်နှာကို မြင်ရင်

www.burmeseclassic.com

www.burmeseclassic.com



စိတ်နာပြီး ဒေါသဖြစ်မိတယ်၊ ဒီနေ့ဒီအချိန်ကစပြီး မင်းဟာ ငါ့ချစ်သူ မဟုတ်တော့ဘူး၊ မင်းနဲ့ငါ ပြတ်ပြီ၊ ငါပြောချင်တာ ဒါပဲ၊ လာ သူငယ်ချင်းတို့ သွားမယ်''

ချစ်သူက သူ့သူငယ်ချင်းနှစ်ယောက်၏လက်ကို တစ်ဘက် တစ်ချက် ဆွဲကိုင်ပြီး သူမကို ကျောခိုင်းကာ ခြံထဲမှ ထွက်ခွာသွား လေသည်။ အထီးကျန်ဆန်မှုကို ကြောက်သော သူမသည် အထီးကျန်စွာ တစ်ယောက်တည်းပဲ ကျန်ခဲ့ရတော့၏။

''သွေးရယ် ...''

သံယောဇဉ်ကြိုးမျှင်က ရက်စက်မှုသေချာစွာဖြင့် တိတိကျကျ ပြတ် တောက်သွားခဲ့ပြီဖြစ်သည်။ သူမ မျက်ဝန်းမှ မျက်ရည်တွေ တပေါက်ပေါက် စီးကျလာလေသည်။ ရင်ခွင်တစ်ခုလုံး လောင်ကျွမ်းပြာ ကျနေသည့်ကြားမှ၊ ချစ်သူကို တစ်ယောက်တည်းသာ ပိုင်ဆိုင်လိုသော သူမ၏နှလုံးသားတွင် ခံစားမှုအသစ်တစ်ခု ဖြစ်ပေါ်ရောက်ရှိလာ၏။

သူမသည် အဖြူရောင်သံယောဇဉ်သုံးခု၏ ခိုင်ခံ့သော ထုထည် ကြီးမားမှုအား လေးစားယုံကြည်ကာ သူတို့ရင်တွင်းသို့ နားလည်ခြင်းဖြင့် စာနာဝေမျှပေး၍ ရသွားလေသည်။

သို့ပါသော်လည်း အချိန်က နှောင်းသွားချေပြီ။

◆◆◆



## အပိုင်း [၈]

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

လေပြည်ထဲမှာ အလွမ်းရနံ့တွေ ပျံ့နှံ့နေသည်။ စုံစီနဖာမိုး တိမ်တို့က ညင်သာစွာ မျောရွေ့နေကြ၏။ ရှင်းငြိမ်နေသော အိမ်တစ်အိမ်ရှေ့ရှိ လှပသောဒန်းပြာကလေးပေါ်တွင် ချစ်စရာကောင်းသော ကောင်မလေး တစ်ယောက် ထိုင်နေသည်။

သူမ ငိုင်နေပါသည်။

ကောင်မလေး၏နံဘေးတွင် ဝတ္ထုစာအုပ်တစ်အုပ်နှင့် ဗင်ဂို (Bingo) ကစားသည့် ပစ္စည်းများ ကျဲပြန့်လျက်ရှိ၏။ ရီဝေနေသော သူမ မျက်ဝန်းတွေကတော့ မျက်ရည်စတို့ဖြင့် အစိုပြန်နေလေသည်။ သူမသည် ဟိုတစ်ချိန်တုန်းက ဒီဒန်းပြာလေးပေါ်မှာ အတူတကွ ကြည်နူးပျော်ရွှင်ခဲ့ဖူးသည့် ချစ်သူအား လွမ်းဆွတ်တမ်းတနေ[illegible]

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်သတ် ခံစားမှုသက်သက်နှင့် အမွှဆန်ခဲ့မှုများက သူမအား နိပ်စက်ကြသည်။ ချစ်သူ၏ ဥပေက္ခာတရားက အတ္တကြီးသော သူမအပေါ် သဲသဲမဲမဲ ရွာသွန်းဖြိုးထား၏။

လောက၏ မမြင်နိုင်သော ဆန်းကြယ်မှုတွေထဲမှ အကြွင်းမဲ့သော အဖြူရောင် ပကတိသစ္စာ တရားအကြောင်းကို သူမ ကောင်းမွန်စွာ ထိုးထွင်းသိမြင်တတ်နေပြီ ဖြစ်သည်။ ဇာတ်ကလည်း ဒဏ်ရာတစ်ပွေ့ တစ်ပိုက်နဲ့ကို နာခဲ့ရပြီ မို့လား...။

ထိုစဉ်မှာပင် ကောင်မလေး၏ မျက်ဝန်းအစုံကို လက်ဖဝါးနှစ်ခု က လျှပ်တစ်ပြက် လာပိတ်ပစ်လိုက်သည်။ သူမ လန့်သွား၏။

"အို ... ဘယ်သူလဲ၊ ဟော့ ... ပြောလေ၊ ဘယ်သူလဲလို့ဆို"

လက်ပိုင်ရှင်က ဘာမှ ပြန်မပြောချေ။ ကောင်မလေးက လက်ကို အတင်းပဲ ဆွဲဖယ်သည်။ မရ ...။ ထိုအခိုက် ရင်းနှီးနေသော ရနံ့တစ်ခု ကို ရှူရှိုက်လိုက်မိသဖြင့် သူမ ရင်ထဲမှာ တုန်ခါသွားသည်။ ပြီးတော့... အသံသာသာဖြင့် တိုးဖွဖွ ရေရွတ်၏။

"သွေး ... ဟုတ်ပါတယ်၊ သွေး ဟုတ်တယ်မဟုတ်လားဟင်"

ကောင်မလေး မျက်ဝန်းကို ပိတ်ကာထားသော လက်အစုံ ကွာ ကျသွားသည်။

ထိုအခါ သူမရှေ့မှာ မြင်လိုက်ရတာက အဖြူရောင်အလံ တစ်ခု အား ကိုင်ဆောင်ထားသော ကောင်လေးနှစ်ယောက်။

"ရသနဲ့သစ်ဆူး ..."

"ပိစိ ..."

ကောင်လေးနှစ်ယောက်က ငြိမ်းချမ်းရေးသင်္ကေတဖြစ်သော



အလံဖြူကြီးအား ဝှေ့ယမ်းပြသည်။ ကောင်မလေး အံ့သြသွား၏။ ဒန်းကလေး၏ နောက်ဘက်သို့ သူမ လှည့်ကြည့်လိုက်ရာ ပြုံးရွှင်နေသော မျက်နှာဖြင့် လူတစ်ယောက်ကို တွေ့မြင်လိုက်ရလေသည်။ ထိုလူသည် သူမ၏ချစ်သူ ဖြစ်ပါသည်။

"သွေး ..."

"တိမ်လွှာ ..."

"ရှင်... ရှင်တို့ ... တိမ်လွှာ့ဆီ လာတယ်"

"မျက်မြင်ပဲလေ၊ အဟဲ ..."

ကောင်လေးတစ်ယောက်က ဝင်ပြောသည်။

"ဒါဆို တိမ်လွှာ့ကို ရှင်တို့ ခွင့်လွှတ်တယ်ပေါ့နော် ..."

"ဟုတ်ပ ... အဟီး"

အခြားကောင်လေးတစ်ယောက်ကလည်း ဝင်ပါသည်။ ကောင်မ လေးသည် မယုံရဲနိုင်ဘဲ ဖြစ်နေ၏။

"သွေး ... ရသနဲ့သစ်ဆူး ပြောတာ တကယ်လားဟင်"

"တကယ်ပေါ့၊ တိမ်လွှာ့ကိုလည်း ကိုယ့်သူငယ်ချင်းတွေက စမ်းသပ်ခဲ့ကြတာပဲလေ၊ အဲဒီစမ်းသပ်မှုကို တိမ်လွှာက အပြစ်မတင် ဘဲနဲ့ နေခဲ့တာပဲ၊ တိမ်လွှာ ပြောသလိုပဲပေါ့၊ တိမ်လွှာက တစ်လှည့်ပြန်စမ်း သပ်တာကိုကျမှ ကိုယ်တို့က အပြစ်ယူရင် ဘယ်တရားပါ့မလဲ၊ တကယ် တော့ ဘယ်အရာမဆို ကိုယ့်ရှုထောင့်ကကြည့်ရင် အမှန်တွေချည်းပါပဲ လေ၊ ကိုယ့်အမြင်မှာ လက်ဖမိုးက တခြားလူ့အမြင်မှာ လက်ဖဝါး ဖြစ်ချင်ဖြစ်နေမှာပေါ့၊ ဒါကြောင့်မို့ မတူညီတဲ့ ထင်မြင်ယူဆချက်တွေနဲ့ ကိုယ်တို့ အမုန်းမပွားချင်ဘူး။ အဲဒီလို ကွာဟမှုတွေကို ညှိပေးနိုင်တာ

www.burmeseclassic.com

www.burmeseclassic.com



နားလည်မှုပါ၊ အဲဒီနားလည်မှုနဲ့ပဲ ကိုယ်တို့လေးယောက်ရဲ့ ပတ်သက်မှုကို ရှေ့ဆက်လိုက် ကြရအောင်နော်''

''ဟုတ်တယ်ဟေ့ ... ဟုတ်တယ်ဟေ့''

''မှန်တယ်ဟေ့ ... မှန်တယ်ဟေ့''

ကောင်လေးနှစ်ယောက်ကလည်း အလံဖြူကြီး တရမ်းရမ်းနှင့် အော်ကြသည်။ ကောင်မလေး ပျော်သွားပါသည်။ သူမချစ်သူက ရွှန်းလဲ့သော မျက်ဝန်းတို့ဖြင့် တစိမ့်စိမ့်ကြည့်၏။ သူမရင်တွေ တသိမ့်သိမ့် ခုန်လာသည်။

''တိမ်လွှာ့ကို ကိုယ် စိတ်လိုက်မာန်ပါ လုပ်ခဲ့မိတာကို ခွင့်လွှတ်ပါနော်''

''ပြောနေစရာတောင် မလိုပါဘူး သွေးရယ်၊ တိမ်လွှာလေ သွေးတို့ သူငယ်ချင်းသုံးယောက်ရဲ့ သံယောဇဉ်ကြီးမားပုံ၊ သစ္စာရှိပုံကို လေးလေးစားစားနဲ့ ယုံကြည်သွားပါပြီ။ အဲဒါကြောင့် အခုအချိန်ကစပြီး ရသနဲ့သစ်ဆူးကိုလည်း တိမ်လွှာရဲ့ အချစ်ဆုံးသူငယ်ချင်းတွေအဖြစ် သတ်မှတ်လိုက်ပြီ၊ ရသနဲ့သစ်ဆူးကလည်း တိမ်လွှာ့ကို သူငယ်ချင်းအဖြစ် သတ်မှတ်ပေးပါနော်''

ကောင်မလေးက သူမ၏ ဖြူသွယ်သော ညာလက်ဖဝါး သေးသေးလေးအား ဖြန့်ပေးလိုက်သည်။ ထိုအခါ အလံဖြူကြီးအား ကိုင်ထားသည့် ကောင်လေးနှစ်ယောက်၏ ညာဘက်လက်တွေက သွက်လက်စွာဖြင့် ဆင့်ကာ ဆင့်ကာ ကျရောက်လာကြသည်။ နောက်ဆုံးမှာတော့ သူမချစ်သူ၏ လက်က အားလုံးကို အုပ်မိုးပြီး ခပ်တင်းတင်း ဆုပ်ကိုင်လိုက်ပါသည်။



အရသာရှိသော နွေးထွေးမှုများသည် လက်ချောင်းတွေမှတစ်ဆင့် အားလုံး၏ ရင်တွင်းသို့ လျှင်မြန်စွာ ကူးစက်သွားကြလေသည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်စွာ သဘောထားကွဲလွဲပိုင်ခွင့်ရှိပါသည်။
သို့ရာတွင် နားလည်မှုဖြင့် ညှိစေချင်မိသည်။
အပြန်အလှန် နားလည်မှုသည် ဆက်ဆံရေး၏
အဓိက ပင်မသောချက်ပင် ဖြစ်၏။





(ပြီးဆုံးခြင်း)

အခုတော့ဖြင့် ...
အသွင်ကွဲနေတဲ့ တိမ်တိုက်တွေဟာ
နားလည်မှုဝတ်ရုံကို လွှမ်းခြုံပြီး
လေနှင်ရာ တစ်ဘက်ကမ်းကို ပျော်ပျော်ရွှင်ရွှင် ပျံသန်းနေကြပါပြီ ... ။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဟော့လူ ...

ခင်ဗျားကော အားမကျဘူးလား ?

အားကျနေရင် အားဖြည့်လိုက်လေ ...

လင်းညိုသွေး

BURMESE CLASSIC .com

ယွန်းစံအိမ်စာပေ

#1

# လင်းညိုသွေး

## အသည်းခွဲ ဖက်ရှင်

နင် ပေးချင်တာက ဒဏ်ရာဆိုရင်

အဲဒီဒဏ်ရာကိုပဲ

တစ်ဘဝစာ အမှာရွတ်ထင်ကျန်သည်အထိ

ငါ တယုတယ သိမ်းဆည်းထားပါ့မယ် ချစ်သူရယ် . .

ထွက်ပြီ

www.burmeseclassic.com